၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

## ခိုင်မာမြဲမြံစွာရပ်တည်နိုင်

လောကဓံတရားများနှင့် တွေ့ကြုံရသော ရဟန္တာအရှင်မြတ်တို့သည် အမျက်ထွက်ခြင်းမရှိ။ သည်းခံ၏။ မြေကြီးကဲ့သို့ လည်းကောင်း၊ တံတိုင်းကြီးကဲ့သို့ လည်းကောင်း ခိုင်မာမြဲမြံစွာ ရပ်တည်နိုင်၏။ အရှင်သာရိပုတ္တရာ၏ အမျက်မထွက်၊ သည်းခံခြင်းနှင့် ပြည့်စုံသောစိတ်ကို ရှိခိုးကော်ရော် ပူဇော်ကန်တော့ရာ၏။

အရဟန္တဝဂ်(ဓမ္မပဒ-၉၅)

၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လပြည့် | ၂၀၁၈ ခုနှစ်၊ သြဂုတ် ၂၆ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၇)၊ အမှတ် (၃၂၈)

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တောင်ငူခရိုင်အတွင်းရှိ စွန့်လွှတ်မြေ ၄၈၁ ဒသမ ၉၃ ကေအား မူလတောင်သူများလက်ဝယ် ပြန်လည်ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တောင်ငူခရိုင်အတွင်းရှိ စွန့်လွှတ်မြေ ၄၈၁ ဒသမ ၉၃ ကေအား မူလတောင်သူများ လက်ဝယ်သို့ ပုံစံ(၃)များဖြင့် ပြန်လည်ပေးအပ်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

နေပြည်တော် သြဂုတ် ၂၅

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့တွင် တောင်ငူမြို့နယ်နှင့် သံတောင်ကြီးမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တောင်ငူခရိုင်အတွင်းရှိ စွန့်လွှတ်မြေ ၄၈၁ ဒသမ ၉၃ ကေအား မူလတောင်သူများ လက်ဝယ်သို့ ပုံစံ(၃)များဖြင့် ပြန်လည်ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ ဦးလှကျော်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် တောင်ငူမြို့သို့ရောက်ရှိရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁

> ❛ တောင်သူများအနေဖြင့် မိမိတို့ရရှိသည့် မြေများကို စိုက်ပျိုးလုပ်ကိုင်ရာတွင် မိမိတို့အကျိုးစီးပွား၊ ဒေသအကျိုးစီးပွား၊ နိုင်ငံတော်အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်အောင် ရည်မှန်းပြီး ကြိုးပမ်းဆောင်ရွက် ❜

## နေပြည်တော် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၌ အခမဲ့ဖျော်ဖြေတင်ဆက်သည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ပဒေသာကပွဲများကို လာရောက်ကြည့်ရှုသူများပြား



နေပြည်တော် သြဂုတ် ၂၅

**မြန်မာနိုင်ငံတစ်ဝန်းရှိ ပြည်သူများနှင့် ပြည်ပခရီးသွားဧည့်သည်များ လာရောက်အပန်းဖြေ လည်ပတ်လျက်ရှိသည့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ် နေပြည်တော်၌ (၇) ကြိမ်မြောက် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကများ၊ တေးသံသာများ၊ မျက်လှည့်အစီအစဉ်များ၊ ပဒေသာယိမ်းအကများ၊ အငြိမ့်အစီအစဉ်များနှင့် ဟာသတစ်ခန်းရပ်ဖျော်ဖြေမှုများကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနက သြဂုတ် ၂၅ ရက် နံနက် ၁၀ နာရီမှ မွန်းလွဲ ၄ နာရီအထိ အခမဲ့ဖျော်ဖြေတင်ဆက်ခဲ့ရာ လာရောက်ကြည့်ရှုကြသူများဖြင့် စည်ကားလျက်ရှိသည်။** (ယာပုံ)

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ အဆိုပါဖျော်ဖြေတင်ဆက်မှုမှာ ဝန်ကြီးဌာန သုံးဌာနဖြစ်သည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့က တစ်လတစ်ကြိမ် အလှည့်ကျ ဖျော်ဖြေတင်ဆက်ခြင်းဖြစ်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် ယခုအကြိမ် ဖျော်ဖြေခြင်းမှာ

စာမျက်နှာ ၈ ကော်လံ ၁



ကမ္ဘာကျော်ဆေးကုမ္ပဏီ Roche မှ ထုတ်လုပ်သော
အရည်အသွေးမြင့်သွေးချိုတိုင်းစက်
Accu-Chek Performa နှင့် Accu-Chek Active အား
AA Medical Products Ltd. မှ
တင်သွင်းဖြန့်ချိနေပြီဖြစ်ပါသည်။
Customer Hotline:
01-9000674 (Ext: 100-400)
Roche
ACCU-CHEK

မြန်မာ့အလင်း

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ပညာရေးဆိုင်ရာ ဒဿန

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၁၈ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) (MICC-2) ၌ ကျင်းပသည့် ၂၀၁၈ ခုနှစ်၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲသို့ တက်ရောက် အမှာစကားပြောကြားခဲ့ပါသည်။ အဆိုပါ အမှာစကား၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ပညာရေးဆိုင်ရာ ဒဿနကို မြင်တွေ့နိုင်မည် ဖြစ်ပါသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများ၌ ပညာကို အဆင့်မီမီ မသင်ကြားခဲ့ရသော ကလေးများအား တက္ကသိုလ်၌ အဆင့်မီမီ ပညာသင်ကြားနိုင်ရေးသည် တိုင်းပြည်၏ ပစ္စုပ္ပန်ကာလ အကြီးမားဆုံးစိန်ခေါ်ချက် ဖြစ်နေသည်ကို ထောက်ပြခဲ့ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပညာရေးဆိုင်ရာ ကဏ္ဍ၌ အချိန်တိုအတွင်း ခုန်ပျံကျော်လွှားသော နည်းလမ်းမျိုးထက် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးနှင့် သင့်တော်သော နည်းလမ်းရှာဖွေခြင်းသည်သာ အရေးကြီးသည်ကိုလည်း ညွှန်ပြခဲ့ပါသည်။ တခြားသောနိုင်ငံတို့၏ သင်ခန်းစာတို့အား အတုယူခြင်းနှင့် အတုခိုးခြင်း မတူသည်ကိုလည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က တစ်ပါတည်း ဆွေးနွေးတင်ပြခဲ့ပါသည်။

နိုင်ငံတော်၏ လက်ရှိပညာရေးအခြေအနေကို သုံးသပ်ရာ၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မူလတန်းနှင့် အလယ်တန်း၌ ကျောင်းသား လူငယ်တို့၏ မိမိကိုယ်ကိုယ်ယုံကြည်မှုနှင့် သင်ယူချင်စိတ်ရှိမှု အပါအဝင် သွက်လက်ထက်မြက်မှု ပိုင်ဆိုင်မှုတို့အား အသိအမှတ်ပြုခဲ့သော်လည်း အထက်တန်းကျောင်းသားလူငယ်တို့၌ အားနည်းချက်တို့ ရှိနေဆဲဖြစ်သည်ကို အသိအမှတ်ပြု ပြောကြားခဲ့ပါသည်။ အဆိုပါ အထက်တန်းပညာရေး၏ အားနည်းချက်အပေါ် သုံးသပ်ရာ၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က သင်ယူချင်စိတ် အားနည်းမှုကို ထောက်ပြခဲ့ပါသည်။ တစ်ခါ သင်ယူချင်စိတ်ရှိသော်လည်း ရှုံးနိမ့်မှုကို ကြောက်ရွံ့နေပါက မနာလိုစိတ်ကို အားပေးသည့်သဘောသက်ရောက်သွား၍ လူ့အသိုင်းအဝိုင်းအတွင်း ဆိုးကျိုးများ သက်ရောက်နိုင်သည်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က တင်ပြဆွေးနွေးခဲ့ပါသည်။

ဆရာ မိဘ ကျောင်းသားလူငယ် သုံးပွင့်ဆိုင် လက်တွဲဆောင်ရွက်မှုကို ဆွေးနွေးရာ၌ ပညာရေးစနစ်တစ်ရပ်လုံး၏ အခြေခံအုတ်မြစ်ဖြစ်သော မူလတန်းပြ ဆရာ ဆရာမတို့၏ အရေးပါပုံကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မီးမောင်းထိုးတင်ပြသကဲ့သို့ ဆရာ ဆရာမများကိုယ်တိုင်သည်ပင် အားနည်းသော ပညာရေးစနစ်မှ ပေါက်ဖွားလာသည်ကိုပါ သတိပေး ထောက်ပြခဲ့ပါသည်။ ဖိုခနောက်ဆိုင် ပညာရေးစနစ်၌ စိတ်ဓာတ်၏ အရေးပါပုံကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အလေးအနက်ထား ညွှန်ပြသကဲ့သို့ သုတေသန၏ အရေးပါပုံကိုလည်း ထောက်ပြခဲ့ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က စာကြည့်တိုက်တို့၏ အရေးပါပုံကိုပါ တစ်ပါတည်း ထောက်ပြခဲ့ပါသည်။ အလေးအနက်ထား သုံးသပ်ရမည်မှာ အသက်မွေးဝမ်းကျောင်း ပညာရေးအပေါ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ရှုမြင်သုံးသပ်ပုံ ဖြစ်ပါသည်။ အာရှ လူ့အဖွဲ့အစည်း၌ အစဉ်အလာအားဖြင့် တက္ကသိုလ်ပညာရေးနှင့် နှိုင်းယှဉ်ပါက အသက်မွေးဝမ်းကျောင်း ပညာရေးအပေါ် အလေးအနက်ထားမှု အားပျော့လျက်ရှိသော်လည်း တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၌ အသက်မွေးဝမ်းကျောင်း ပညာရေး၏ အမှန်တကယ်အရေးပါပုံကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အသိအမှတ်ပြု ပြောကြားခဲ့ပါသည်။ အလားတူပင် အဝေးသင်ပညာရေး၏ အရေးပါပုံကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ထောက်ပြခဲ့ပါသည်။ နိဂုံးချုပ်အားဖြင့် ဖိုခနောက်ဆိုင်ပညာရေးစနစ်၌ မှန်ကန်သော စိတ်နှလုံးသားနှင့် မှန်ကန်သောတန်ဖိုးထားမှုတို့၏ အရေးပါပုံကို ထောက်ပြခဲ့သော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဒဿနသည် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးက နှလုံးသွင်းခံယူရမည့် ဒဿနဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

# မြန်မာ-ထိုင်းနှစ်နိုင်ငံ ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးအဆင့် အစည်းအဝေးကျင်းပ



**ရန်ကုန် ဩဂုတ် ၂၅**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယမန်နေ့က ရန်ကုန် Chatrium Royal Lake Hotel ၌ ကျင်းပသည့် မြန်မာ-ထိုင်းနှစ်နိုင်ငံ ကျန်း မာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ ထိုင်းနိုင်ငံကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး H.E. Clinical Professor Emeritus Piyasakol Sakolsatayadorn က ယင်းအစည်းအဝေးတွင် သဘောတူညီချက် ရယူပြီး ဆက်လက် အကောင်အထည်ဖော်သွားမည့် နှစ်နိုင်ငံ ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု စီမံကိန်း (Joint Action Plan 2019-2021) သည် နှစ်နိုင်ငံ ကျန်းမာရေးကဏ္ဍအတွက် အပြန်အလှန် အကျိုးရှိစေမည်ဖြစ်ပြီး မြန်မာနိုင်ငံ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်လက်ပူးပေါင်း လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြန်မာ-ထိုင်း နှစ်နိုင်ငံ ကျန်းမာရေးကဏ္ဍပူးပေါင်း ဆောင်ရွက်မှုလုပ်ငန်း အစီအစဉ် (၂၀၁၉-၂၀၂၁)ကို သဘောတူညီမှု ရယူသွားမည်ဖြစ်ပြီး အဆိုပါ စီမံကိန်းမှာ နှစ်နိုင်ငံ ကျန်းမာရေးကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင် ရွက်မှုလုပ်ငန်းများ ပိုမိုရှင်သန် အားကောင်းလာစေရန်အတွက် လမ်းပြမြေပုံ တစ်ခုကဲ့သို့ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ မြန်မာ-ထိုင်းနယ်စပ်ကို ကျော်ဖြတ်လျက် ရွှေ့ပြောင်းသွားလာသူနှင့် အလုပ်လုပ်ကိုင်သူများ အမြောက်အမြားရှိနေ၍ နှစ်နိုင်ငံ နယ်စပ် နှင့် နယ်နိမိတ်ကြားတွင် ကူးစက်ရောဂါများ၊ မလိုလားအပ်သော ကျန်းမာရေးပြဿနာများ ဖြစ်ပွားနိုင်ပြီး ထိုသို့သော ဖြစ်ပွားမှုများကို အချိန်မီ စုံစမ်းဖော်ထုတ်ပြီး ထိန်းချုပ်နိုင်ရန် အရေးကြီးကြောင်း၊ ရွှေ့ပြောင်းသွားလာသူများတွင် ကူးစက်ရောဂါများ ဖြစ်ပွားပါက အရှိန်အဟုန် လျင်မြန်စွာ ကူးစက်ပြန့်ပွားနိုင်သဖြင့် ထိုသို့ နှစ်နိုင်ငံနယ်စပ် ရွှေ့ပြောင်းသွားလာမှုပုံစံနှင့် ရွှေ့ပြောင်းသွားလာသူများကို စောင့်ကြပ်ကြည့်ရှုရန် လိုအပ်ကြောင်း။

ယခု စီမံကိန်းတွင်လည်း ရခိုင်ပြည်နယ်တွင် ရွှေ့လျားဆေးကုသမှု ဆောင်ရွက်ရေး၊ ဆေးဝါးနှင့် အလုပ်ကုန်ပစ္စည်းများအပါအဝင် အစားအသောက်နှင့် ဆေးဝါးထိန်းချုပ်ရေး ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍ၊ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် ဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်ရေးကဏ္ဍ၊ လူသားအရင်းအမြစ် စီမံခန့်ခွဲရေးကဏ္ဍ၊ တိုင်းရင်းဆေးဝါးကဏ္ဍ၊ ကျန်းမာရေး အဆင့်မြှင့်တင်ရေးကဏ္ဍ၊ ကျန်းမာရေး စောင့်ရှောက်မှုစနစ်နှင့် နယ်စပ်ဒေသများ ကျန်းမာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ အစရှိသည့် ကဏ္ဍများပါဝင်မည်ဖြစ်၍ နှစ်နိုင်ငံ ကျန်းမာရေးကဏ္ဍကို ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

ယမန်နေ့က ကျင်းပခဲ့သော မြန်မာ-ထိုင်းနှစ်နိုင်ငံ ကျန်းမာရေးအဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးပွဲတွင် နှစ်နိုင်ငံကြားပူးပေါင်း၍ လက်ရှိလူအင်အား၊ ဘဏ္ဍာငွေရရှိမှု စသည့်အချက်များအပေါ် ကိုက်ညီမှုရှိပြီး အမှန်တကယ် အကောင်အထည်ဖော်နိုင်မည့် လုပ်ငန်းစဉ် ရည်မှန်းချက်များကို ချမှတ်ရေးဆွဲနိုင်ခဲ့ကြကြောင်း။

မြန်မာနိုင်ငံမှ ဆေးနှင့် ဆေးဘက်ဆိုင်ရာ ပညာတော်သင်များကို ထိုင်းနိုင်ငံရှိ တက္ကသိုလ်အသီးသီးတွင် ပညာသင်ကြားပေးနေမှုကိုလည်း ကျေးဇူးတင်ရှိပါကြောင်း။

ယခု အစည်းအဝေးသည် အနာဂတ်တွင် နှစ်နိုင်ငံအကြား ယခုထက် ပိုမိုနီးကပ်စွာဖြင့် လုပ်ငန်းများ လက်တွဲဆောင်ရွက်နိုင်ပြီး နှစ်နိုင်ငံ ဝန်ကြီးဌာနချင်းသာမက နိုင်ငံနှစ်ခု ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်စေရေးအတွက်လည်း ကြီးမားသောအထောက်အပံ့ ဖြစ်စေမည် ဖြစ်ကြောင်းပြောကြားသည်။

ဆက်လက်၍ ထိုင်းနိုင်ငံကျန်းမာရေးဝန်ကြီးဌာနမှ Chief of Inspector General (Inspection Division), Dr. SupakitSirilak နှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ် (ရောဂါနိမ်နင်းရေး) ဒေါက်တာသန္တာလွင်တို့က မြန်မာ-ထိုင်း နှစ်နိုင်ငံကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုစီမံကိန်း (Joint Action Plan 2019-2021)ကို တင်ပြခဲ့ပြီးနောက် နှစ်နိုင်ငံတာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးကာ စီမံကိန်းကို သဘောတူညီမှုရရှိခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တတိယအကြိမ် မျက်မမြင်အနှိပ်စနစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံခန့်ခွဲမှုကော်မတီစည်းဝေး

**နေပြည်တော် ဩဂုတ် ၂၅**

တတိယအကြိမ်မျက်မမြင် အနှိပ်စနစ် ဖွံ့ဖြိုးတိုးတက်ရေး စီမံခန့်ခွဲမှု ကော်မတီ အစည်းအဝေးကို ဩဂုတ် ၂၃ ရက်က ဇမ္ဗူသီရိဟိုတယ်၌ ကျင်းပ ရာ ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်း တက်ရောက်၍ အမှာစကား ပြောကြားသည်။



အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အနေဖြင့် ဇန်နဝါရီ ၃၀ ရက်တွင် ပြန်လည်ထူထောင်ရေးဦးစီးဌာနကို ဦးစီးဌာနအသစ် ဖွဲ့စည်းပေးခဲ့ပြီး မသန်စွမ်းသူများအတွက် Focal ထားပြီး ဆောင်ရွက်ရန်အတွက် တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ်၊ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ၊ ၂၀၁၇ ခုနှစ် မသန်စွမ်းသူများ၏ အခွင့်အရေး နည်းဥပဒေ၊ ၂၀၁၆ ခုနှစ် မြန်မာနိုင်ငံ မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့်မဟာဗျူဟာ (၂၀၁၆-၂၀၂၅) ၁၀ နှစ် စီမံကိန်းများ ရေးဆွဲပြဋ္ဌာန်းခဲ့ပြီး ယင်းနည်းဥပဒေ၊ ဥပဒေများ၏ စီမံကိန်း နောက်ဆက်တွဲ လုပ်ငန်းများကို ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း။

အစည်းအဝေးတွင် ပြဋ္ဌာန်းမည့် အချက်အလက်များကို စတင်ရေးသားကြရမည် ဖြစ်ကြောင်း၊ ကော်မတီအတွင်း လုပ်ငန်းများကို အားသွန်ခွန်စိုက် အတူတကွ ပါဝင်လုပ်ဆောင်ခြင်းအားဖြင့် မျက်မမြင်များအတွက် ပိုမိုကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရန် ဝိုင်းဝန်းလုပ်ဆောင်နိုင်ကြမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ Tsukuba University မှ Professor Dr. ogata Akihiro က မြန်မာနိုင်ငံမှ အခြားသော နိုင်ငံများအပေါ် အခြေခံလျက် မျက်မမြင် အနှိပ်စနစ်နှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နှစ်နိုင်ငံ ပညာရေး ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**ရန်ကုန် ဩဂုတ် ၂၅**

နှစ်နိုင်ငံ ပညာရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ဩစတြီးယားနိုင်ငံ ဗီယင်နာတက္ကသိုလ်နှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန် တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဩဂုတ် ၂၄ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်တင်လေး ၏ ရှေ့မှောက်၌ University of Vienna မှ Dean မဟာဌာနကြီးမှူး Prof. Andras Moritz နှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာရွှေတိုးတို့က လက်မှတ်ရေးထိုးခဲ့ကြကြောင်း သတင်းရရှိသည်။ **မြန်မာ့အလင်း**

## ကျောက်မဲ၌ သောက်သုံးရေ ရရှိရေး ကွင်းဆင်းစစ်ဆေး

**သီပေါ ဩဂုတ် ၂၅**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၈ ခုနှစ် ခြောက်လဘတ်ဂျက်တွင် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ဟဲကွီကျေးရွာအုပ်စု နမ့်ဟန်ခိတ်ကျေးရွာ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် အမြင့်တင်ရေစက်တည်ဆောက်မှုများကို ယမန်နေ့က ကျောက်မဲခရိုင် ဦးစီးဌာနမှ ဒေါ်မြင့်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကေတုမတီယဉ်ကျေးမှုပြတိုက်အတွင်း ပြခန်းများ ခင်းကျင်းပြသထားမှုအခြေအနေကို ကြည့်ရှုလေ့လာစဉ်။ သတင်းစဉ်

❒ ရှေ့ဖုံးမှ

ထို့နောက် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် တောင်ငူမြို့ကေတုရတနာခန်းမ၌ ကျင်းပသည့် တောင်ငူခရိုင်အတွင်းရှိ စွန့်လွှတ်မြေ ၄၈၁ ဒသမ ၉၃ ဧက အား မူလတောင်သူများ လက်ဝယ်သို့ ပုံစံ(၃)များဖြင့် ပြန်လည်ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ ဒုတိယဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးအစည်း ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းတာဝန်ပေးအပ်ကာ သိမ်းဆည်းမြေပေါ်တွင် စီမံကိန်းအကောင်အထည်ဖော်၍ အမှန်တကယ် အသုံးချမှု ရှိ၊ မရှိ၊ သိမ်းဆည်းထားသော မြေများကို ဒေသဖွံ့ဖြိုး တိုးတက်မှုအတွက် အသုံးချမှု ရှိ၊ မရှိနှင့် မြေကေများစွာ လွှဲပြောင်းရယူထားသော်လည်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းမရှိဘဲ နိုင်ငံတော်နှင့် အများပြည်သူအတွက် အကျိုးမဲ့ဖြစ်နေသည့် မြေများကို စိစစ်ပြီး မူလပိုင်ရှင်အစစ်အမှန်များကို မြေယာဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်စွန့်လွှတ် လွှဲပြောင်းပေးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**အသိပေးရှင်းလင်း**

ထို့အတူ ဥပဒေနှင့်အညီ လွှဲပြောင်းရယူထားပြီး လက်တွေ့တွင်လည်း နိုင်ငံတော်နှင့် အများပြည်သူအကျိုးငှာ အမှန်တကယ် ထိရောက်စွာ အသုံးပြုလျက်ရှိသည့် မြေများကို ဌာနဆိုင်ရာ



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကျောက်တိုင်ကျေးရွာရှိ ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ (လိပ်သို) ကျောက်တိုင်ခြံခွဲသို့ ကြည့်ရှုလေ့လာစဉ်။ သတင်းစဉ်

ကော်မတီအဖွဲ့ဝင်များ၊ ပြန်လည်စွန့်လွှတ်သည့်မြေများ လက်ခံရယူသည့် တောင်သူများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အမှာစကားပြောကြားရာ၌ ယနေ့ အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့နယ် အုတ်တွင်းမြို့နယ် ကျောက်ကြီးမြို့နယ်အတွင်းရှိ ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်မြေ ဧရိယာ ၄၈၁ ဒသမ ၉၃ ဧကအား မူလတောင်သူ ၁၂၃ ဦးသို့ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၃) များ ပေးအပ်သွားမည်ဖြစ်ပါကြောင်း။

**မြေကေများစွာ လွှဲပြောင်းရယူထား**

သိမ်းဆည်းမြေဆိုင်ရာ အမှုတွဲများ အမြန်ပြီးပြတ်အောင် ဖြေရှင်းနိုင်ရေးအတွက် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်ကို တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအဆင့်အထိ လွှတ်တော်ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားအဖွဲ့အစည်းများမှ လုပ်ငန်းဆောင်တာများ ဆက်လက်လုပ်ဆောင်နေသဖြင့် စွန့်လွှတ်နိုင်ခြင်းမရှိပါကလည်း ပွင့်လင်းမြင်သာစွာ အသိပေးရှင်းလင်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**သွားရောက်စိစစ်စေခဲ့**

သိမ်းဆည်းမြေကိစ္စရပ်များနှင့် ပတ်သက်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများ၏ လုပ်ငန်းဆောင်ရွက်မှုများ လျင်မြန်စွာပြီးစီးနိုင်ရေးအတွက် ဒုတိယဝန်ကြီးများ ပါဝင်သည့် သိမ်းဆည်းမြေဆိုင်ရာ လုပ်ငန်းစိစစ်ရေးအဖွဲ့ လေးဖွဲ့ကို ဖွဲ့စည်းပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ သွားရောက်စိစစ်စေခဲ့ပါကြောင်း။

**ထိထိရောက်ရောက်လုပ်ကိုင်**

လုပ်ငန်းစိစစ်ရေးအဖွဲ့ လေးဖွဲ့၏ တင်ပြချက်များအရ အောက်ခြေတွင် ဖွဲ့စည်းထားသော ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ် မြေစစ်ကော်မတီများအား ပီပီပြင်ပြင် ဖွဲ့စည်းမှု မရှိခြင်း၊ မူဝါဒ ၅၂ ချက်ကို အောက်ခြေ ဖြေရှင်းဆောင်ရွက်နေသူများက ကျေကျေလည်လည် မသိရှိခြင်းတို့ကို တွေ့ရှိရသည့်အတွက် မြေစစ်ကော်မတီအဆင့်ဆင့်ကို ထိထိရောက်ရောက် လုပ်ကိုင်နိုင်ရန် အဆိုပါအဖွဲ့များ ကွင်းဆင်းစိစစ်ချိန်တွင် လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်နိုင်ရန် အလေးထားဆောင်ရွက်စေလိုပါကြောင်း။

**မှန်မှန်နှင့် မြန်မြန်ဖြေရှင်း**

မြေစစ်ကော်မတီ အဆင့်ဆင့်အနေဖြင့် ဗဟိုကချမှတ်ပေးထားသည့် မူဝါဒများအတိုင်း စိစစ်သုံးသပ် ဆုံးဖြတ်ချက်ချမှတ်ပေးသွားရန် လိုအပ်သကဲ့သို့ ဗဟိုကို တင်ပြသည့်အခါတွင်လည်း တစ်ဆင့်ခံ တင်ပြသည့်ပုံစံမျိုး မဟုတ်ဘဲ မိမိ တိုင်းဒေသကြီး၊ ပြည်နယ်မြေစစ်အဖွဲ့၏ သုံးသပ်ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်စေမည့် အစီအစဉ်ပါ ထည့်သွင်းတင်ပြခြင်းဖြင့် အမှုတွဲများကို မှန်မှန်နှင့် မြန်မြန် ဖြေရှင်းပြီးစီးနိုင်မည် ဖြစ်ပါကြောင်း။

**အချိန်တိုအတွင်း အောင်မြင်**

ပြန်လည်စွန့်လွှတ်မည့် ဝန်ကြီးဌာနများအနေဖြင့်လည်း မြေပြန်လည်စွန့်လွှတ်နိုင်ရေးအတွက် အဖွဲ့နှင့် မြေပြင်ကွင်းဆင်းစစ်ဆေးပြီး စိစစ်ရာတွင် အဆုံးအဖြတ်ပေးနိုင်သည့်ပုဂ္ဂိုလ်များ လိုက်ပါဖြေရှင်းခြင်းအားဖြင့် မြေစွန့်လွှတ်အပ်နှံခြင်းလုပ်ငန်းများ အချိန်တိုအတွင်း အောင်မြင်ပြီးမြောက်အောင် အလေးထားဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ယခုကဲ့သို့ မူလလက်ငုတ် တောင်သူလယ်သမားများ လက်ဝယ်သို့ လက်ရောက်ပေးအပ်နိုင်အောင် ဆောင်ရွက်ပေးခဲ့ကြသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာ အသီးသီးမှ တာဝန်ရှိသူအားလုံးကို ကျေးဇူးတင် အသိအမှတ်ပြုပါကြောင်း၊ တောင်သူများအနေဖြင့်လည်း မိမိတို့ ရရှိသည့် မြေများကို စိုက်ပျိုးလုပ်ကိုင်ရာတွင် မိမိတို့ အကျိုးစီးပွား၊ ဒေသအကျိုးစီးပွား၊ နိုင်ငံတော် အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်အောင် ရည်မှန်းပြီး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက တိုင်းဒေသကြီးအတွင်း စွန့်လွှတ်မြေများအား ပြန်လည်ပေးအပ်နိုင်ရေး ဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

**လွှဲပြောင်းပေးအပ်**

ယင်းနောက် တောင်ငူတပ်နယ်မှ ကိုယ်စားလှယ်များက တောင်ငူမြို့နယ် ကျွန်းကုန်းကျေးရွာအုပ်စုရှိ ပြန်လည်စွန့်လွှတ်မြေ ၂၁၀ ဒသမ ၄၅ ဧကအတွက် သက်ဆိုင်ရာ စာရွက်စာတမ်းများ၊ အုတ်တွင်းမြို့နယ် မဲကုန်းကျေးရွာအုပ်စုရှိ ပြန်လည်စွန့်လွှတ်မြေ ၁၀ ဧကအတွက် သက်ဆိုင်ရာ စာရွက်စာတမ်းများနှင့် ကျောက်ကြီးမြို့နယ် ကျောက်ပုံလယ်ကျေးရွာအုပ်စုရှိ ပြန်လည်စွန့်လွှတ်မြေ ၂၆၁ ဒသမ ၄၈ ဧကအတွက် သက်ဆိုင်ရာ စာရွက်စာတမ်းများကို တောင်ငူခရိုင် အုပ်ချုပ်ရေးမှူး ဦးမိုးထက်ထံသို့ လွှဲပြောင်းပေးအပ်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ ဒုတိယဝန်ကြီး ဦးလှကျော်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်နှင့် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်တို့က တောင်ငူမြို့နယ်

*စာမျက်နှာ ၄ ကော်လံ ၁ သို့*



တောင်ငူတပ်နယ်မှ ကိုယ်စားလှယ်များက ပြန်လည်စွန့်လွှတ်မြေများအတွက် သက်ဆိုင်ရာ စာရွက်များကို တောင်ငူခရိုင် အုပ်ချုပ်ရေးမှူး ဦးမိုးထက်ထံ လွှဲပြောင်းပေးအပ်စဉ်။



ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း တောင်သူကိုယ်စားလှယ်များထံ ယာယီလုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ(၃) များ ပေးအပ်စဉ်။





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အစိုးရနည်းပညာအထက်တန်းကျောင်း တည်ဆောက်ဖွင့်လှစ်မည့် မြေနေရာအား ကြည့်ရှုစဉ်။

*စာမျက်နှာ ၃ မှ*

ကျွန်းကုန်းကျေးရွာအုပ်စု၊ အုတ်တွင်းမြို့နယ် မဲကုန်းရပ်ကွက်နှင့် ကျောက်ကြီးမြို့နယ် ကျောက်ပုံလယ်ကျေးရွာအုပ်စုတို့မှ တောင်သူကိုယ်စားလှယ်များထံ ယာယီလုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ(၃) များကို ပေးအပ်ကြသည်။

**ကျေးဇူးတင်စကားပြောကြား**

ယင်းနောက် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့နယ်၊ အုတ်တွင်းမြို့နယ်နှင့် ကျောက်ကြီးမြို့နယ်တို့မှ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၃) များ လက်ခံရရှိကြသည့် တောင်သူများကိုယ်စား တောင်သူ ဦးလှသိန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**အကျိုးကျေးဇူးများရှင်းလင်း**

ဆက်လက်၍ ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ တော်ဝင်ကေတုမတီယဉ်ကျေးမှုပြတိုက်သို့ရောက်ရှိရာ ရှေးဟောင်းသုတေသနနှင့် စာကြည့်တိုက်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်နှင့် တာဝန်ရှိသူများက ကေတုမတီမြို့၏ သမိုင်း၊ ရှေးခေတ်မြို့ဟောင်း၊ ကျုံး၊ မြို့ရိုး၊ မြို့ဝင်ပေါက်များ အခြေအနေ၊ ဘဏ္ဍာနှစ်အလိုက် တူးဖော်ထိန်းသိမ်းရန် လျာထားမှုအခြေအနေ၊ ရှေးဟောင်းအမွေအနှစ်များဖြင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် တိုးချဲ့ဆောင်ရွက်မည့် အခြေအနေနှင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြတိုက်မှူး ဒေါက်တာမာမာဝေက တော်ဝင်ကေတုမတီရှေးဟောင်းယဉ်ကျေးမှုပြတိုက် ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်၊ ရှေးဟောင်းအမွေအနှစ်များ ထိန်းသိမ်းထားရှိမှု၊ ပြတိုက်အတွင်း ပြခန်းများခင်းကျင်းပြသထားမှုအခြေအနေနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ဆက်လက်တိုးချဲ့ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ သံတောင်ကြီး တပ်မတော်လက်ဖက်ခြောက်စက်ရုံ၌ လက်ဖက်ခြောက်ထုတ်လုပ်မှုလုပ်ငန်းကို ကြည့်ရှုစဉ်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ပြတိုက်အတွင်း ကေတုမတီမြို့ဟောင်းနှင့် သက်ဆိုင်သည့် ရှေးဟောင်းအမွေအနှစ်များကို စနစ်တကျ ခင်းကျင်းပြသထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ကျောက်တိုင်ကျေးရွာရှိ စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံဌာနခွဲ ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ (လိပ်သို) ကျောက်တိုင်ခြံခွဲသို့ ရောက်ရှိရာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းနှင့် တာဝန်ရှိသူများက ကော်ဖီနှင့် မှိုပျိုးပင်များ ပျိုးထောင်ထားရှိမှု၊ ကော်ဖီသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံမှ တောင်သူအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကော်ဖီနည်းပညာပြန့်ပွားရေး သင်တန်းများ ဖွင့်လှစ်ပြီးစီးမှု၊ ၂၀၁၈-၂၀၁၉ စိုက်ပျိုးရာသီအတွက် ပျိုးပင်များ ပျိုးထောင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတသည် ကော်ဖီခြံအတွင်း ပျိုးပင်များ ပျိုးထောင်ထားရှိမှု အခြေအနေများ၊ ကရင်ပြည်နယ်မှ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများက ခင်းကျင်းပြသထားသည့် ကုန်ချောထုတ်ကုန်များကို လှည့်လည်ကြည့်ရှုပြီး သိလိုသည်များကို မေးမြန်းကာ ကော်ဖီခြံများအတွင်း သီးပင်စားပင်များကို သီးညှပ်အဖြစ် ထည့်သွင်းစိုက်ပျိုးရန်နှင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်ရာတွင် အကျိုးအမြတ်များများရရှိရန် နည်းပညာကို အသုံးပြု၍ ကုန်ချောများ ထုတ်လုပ်ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားသည်။

**စိုက်ပျိုးထုတ်လုပ်ပေး**

အဆိုပါ ကော်ဖီ-ရာသီသီးနှံဌာနခွဲ ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ (လိပ်သို) ကျောက်တိုင်ခြံခွဲသည် အဓိကအနေဖြင့် ကော်ဖီသုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ကရင်ပြည်နယ်အတွင်း ကော်ဖီဧက ၅၀၀၀ စိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင်များကို စိုက်ပျိုးထုတ်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ဒုတိယသမ္မတသည် တောင်ငူမြို့မှ သံတောင်ကြီးမြို့သို့ သွားရောက်ပြီး စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်းမှ ပြန်လည်စွန့်လွှတ်အပ်နှံမည့် မြေနေရာကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးနှင့် တာဝန်ရှိသူများက စွန့်လွှတ်မြေများ မူလတောင်သူများလက်ဝယ်သို့ အမြန်ဆုံးလွှဲပြောင်းပေးအပ်နိုင်ရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**လိုက်လံရှင်းလင်းပြသ**

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် သံတောင်ကြီး တပ်မတော်လက်ဖက်ခြောက်စက်ရုံသို့ရောက်ရှိပြီး လက်ဖက်ခြောက်ထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုရာ စက်ရုံမှူးက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ နော်ဘူဘောဆုတောင်းတောင်သို့ သွားရောက်လေ့လာပြီး သံတောင်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးရုံး၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးသူရထွန်းလင်းက မြို့နယ်ဆိုင်ရာ အချက်အလက်များကို လည်းကောင်း၊ စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးမြင့်က မြို့နယ်အတွက် သောက်သုံးရေ တိုးချဲ့ပေးဝေနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်က သံတောင်ကြီးမြို့နယ်အတွင်း သစ်တောကြိုးဝိုင်းများ တည်ထောင်ထားရှိမှုနှင့် သစ်တောဖုံးလွှမ်းမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတက သံတောင်ကြီးဒေသသည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရန်အတွက် အလားအလာကောင်းများ ရှိပါကြောင်း၊ ယခုအခါ ဗီဇာဖြေလျှော့မှုများ ဆောင်ရွက်ပေးထားသည့်အတွက် နိုင်ငံခြားခရီးသွားများ ပိုမိုဝင်ရောက်လာနိုင်မည်ဖြစ်သောကြောင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန် လိုအပ်ပါကြောင်း မှာကြားသည်။

**ပေါင်းစပ်ညှိနှိုင်းဖြေရှင်း**

ထို့နောက် ဒုတိယသမ္မတသည် အစိုးရ နည်းပညာအထက်တန်းကျောင်း တည်ဆောက်ဖွင့်လှစ်မည့် မြေနေရာသို့ ရောက်ရှိရာ ပညာရေးဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ နေမျိုးထွန်းနှင့် တာဝန်ရှိသူများက မြေနေရာအကျယ်အဝန်း၊ ကျောင်းအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်မည့်အခြေအနေ၊ လျှပ်စစ်မီးနှင့် သောက်သုံးရေရရှိရေး ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတက လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသည်။

ညပိုင်းတွင် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ မော်တော်ယာဉ်များဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၃/၂၀၁၈)ကြိမ်မြောက် အစည်းအဝေးကျင်းပ

**ရန်ကုန် ဩဂုတ် ၂၅**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ တင်ပြလာသည့် အဆိုပြုချက်များအပေါ် ဆွေးနွေးစိစစ်မှုပြုရန်အတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၃/၂၀၁၈) ကြိမ်မြောက်အစည်းအဝေးကို ယနေ့တွင် ရန်ကုန်မြို့၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဦးသောင်းထွန်းနှင့် အဖွဲ့ဝင် ၁၁ ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံသူက တင်ပြလာသော ခွင့်ပြုမိန့်နှင့် အတည်ပြုမိန့်လျှောက်ထားလွှာများအား စိစစ်ခြင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့်ရရှိပြီးသော ကုမ္ပဏီများမှ တင်ပြလာသည့် အထွေထွေကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၃/၂၀၁၈) အစည်းအဝေးမှ အဆိုပြုလွှာတင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ခွင့်ပြုမိန့်သုံးခုနှင့် အတည်ပြုမိန့်နှစ်ခု ခွင့်ပြုရန် ဆုံးဖြတ်ခဲ့သည်။

**သတင်းစဉ်**





ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ဇနီး ဒေါ်ရင်မေ နေပြည်တော်ရှိ ခုတင် (၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူနေသော လူနာများနှင့် လူနာစောင့်များအား နေ့လယ်စာ အာဟာရဒါန ကျွေးမွေးလှူဒါန်းစဉ်။ သတင်းစဉ်



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ဇနီး ဒေါ်နန့်ကြင်ကြည် နေပြည်တော်ရှိ ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူနေသော လူနာတစ်ဦးအား နေ့လယ်စာ အာဟာရဒါန ကျွေးမွေးလှူဒါန်းစဉ်။ သတင်းစဉ်

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ဇနီးနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ဇနီးနှင့် အဖွဲ့ဝင်များ နေပြည်တော် ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီး အရိုးကုသဆောင်ရှိ လူနာများအား နေ့လယ်စာကျွေးမွေးလှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၅**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ဇနီးနှင့်အဖွဲ့သည် ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ခုတင် (၁၀၀၀) ပြည်သူ့ဆေးရုံကြီး အရိုးကုသဆောင်(၁)နှင့် (၂)တို့၌ နေ့လယ်စာ အာဟာရဒါန ကျွေးမွေးလှူဒါန်းကြသည်။

အရိုးကုသဆောင်တွင် ဆေးကုသမှုခံယူနေသော လူနာများနှင့် လူနာစောင့်များအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ဇနီး ဒေါ်ရင်မေ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ဇနီး ဒေါ်နန့်ကြင်ကြည်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၏ ဇနီး ဒေါက်တာစိန်စိန်သိန်း၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၏ဇနီး ဒေါ်သိန်းယဉ်ချေနှင့် အဖွဲ့ဝင်များက နေ့လယ်စာ အာဟာရဒါန ကျွေးမွေးလှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုးရယ်နှင့်အဖွဲ့ အာရှရွေးကောက်ပွဲဆိုင်ရာ ကဏ္ဍာစုံမှ ပါဝင်ပတ်သက်သူများ ဖိုရမ်သို့ တက်ရောက်ရန် သီရိလင်္ကာနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဩဂုတ် ၂၅**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးစိုးရယ်နှင့်အဖွဲ့သည် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၌ ကျင်းပမည့် စတုတ္ထအကြိမ်မြောက် အာရှရွေးကောက်ပွဲဆိုင်ရာ ကဏ္ဍာစုံမှ ပါဝင်ပတ်သက်သူများ ဖိုရမ်သို့ တက်ရောက်ရန် ယနေ့ မွန်းလွဲ ၃ နာရီတွင် ရန်ကုန်မြို့မှ သီရိလင်္ကာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာကြသည်။

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးစိုးရယ် ဦးဆောင်သော အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။

ကော်မရှင်အဖွဲ့ဝင် ဦးစိုးရယ်နှင့်အတူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဦးနှင့် အဖွဲ့ဝင် ခုနစ်ဦး လိုက်ပါသွားကြောင်း သိရှိရသည်။ **သတင်းစဉ်**

❍ *ကျော့ဖုံးမှ*

ပြည်တွင်းစစ်ပြခန်းများ၊ တောင်သူလယ်သမားများမှတစ်ဆင့် တပ်နီတော်ပေါ်ပေါက်လာမှု သမိုင်းပြခန်း၊ ဒုတိယကမ္ဘာစစ်အတွင်း ဂျာမန်တပ်မှ အသုံးပြုခဲ့သော လက်နက်များ၊ မော်စကိုတိုက်ပွဲတွင် နာဇီတပ်ဖွဲ့ထံမှ သိမ်းဆည်းရမိသော လက်နက်များပြခန်း၊ အခြားရုရှားတပ်မတော်သမိုင်းကြောင်းနှင့် ပတ်သက်သောပြခန်းများနှင့် ပြင်ပပြကွက်များအား ပြသထားရှိသည်။

**ဆောင်ရွက်နေမှုအခြေအနေများရှင်းလင်း**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ယနေ့ နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်း နိုင်ငံဆိုင်ရာ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)ရုံးမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရုရှား-မြန်မာနှစ်နိုင်ငံနှင့် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေးအတွက် မိမိတို့ ထမ်းဆောင်သည့် ကဏ္ဍအလိုက်တာဝန်ကျေပွန်စွာဖြင့် ထမ်းဆောင်ကြရန်လိုအပ်မှု၊ မြန်မာနိုင်ငံတွင် ပြည်သူများမှ ရွေးချယ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ ခိုင်ခိုင်မာမာဖြစ်စေရေး လျှောက်လှမ်းနေမှုအခြေအနေများ၊ အစိုးရနှင့် တပ်မတော်မှ ပြည်တွင်း ငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်နေမှုအခြေအနေများအား ရှင်းလင်းပြောကြားသည်။

**လက်ဆောင်ပစ္စည်းများပေးအပ်**

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်သံရုံးမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား စားသောက်ဖွယ်ရာများနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# “မြဂနိုင်” ရုပ်ရှင်ဇာတ်ကားကို ကမ္ဘာ့ရှေးဟောင်းအမွေအနှစ် မှတ်တမ်းဝင်ရန် ကြိုးပမ်းခဲ့သူနှင့် ၂၀၁၇-၂၀၁၈ ခုနှစ် ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်

**ရန်ကုန် ဩဂုတ် ၂၅**

“မြဂနိုင်”ရုပ်ရှင်ဇာတ်ကားကို ကမ္ဘာ့ရှေးဟောင်းအမွေအနှစ် မှတ်တမ်းဝင်ရန် ကြိုးပမ်းခဲ့သော ကိုဉက္ကာ (Save Myanmar Film) နှင့် ၂၀၁၇-၂၀၁၈ ခုနှစ် ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတွင် ကျင်းပခဲ့သည်။



**ဂုဏ်ပြုဆုချီးမြှင့်ခဲ့**

အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးဇင်ဝိုင်းက အမှာစကားပြောကြားပြီး Save Myanmar Film မှ ကိုဉက္ကာက “မြဂနိုင်”ရုပ်ရှင်ဇာတ်ကားကို ကမ္ဘာ့ရှေးဟောင်းအမွေအနှစ် မှတ်တမ်းဝင်ရန် ကြိုးပမ်းခဲ့ပုံများကို ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းက ကိုဉက္ကာနှင့် Save Myanmar Film အဖွဲ့သားများအား ဂုဏ်ပြုဆုချီးမြှင့်ခဲ့သည်။ **(ယာပုံ)**

ဒေသတွင်းယူနက်စကိုအဖွဲ့အစည်းမှ ၂၀၁၈ ခုနှစ် မေလတွင် “မြဂနိုင် ” ရုပ်ရှင်ဇာတ်ကားကို ကမ္ဘာ့ရှေးဟောင်းအမွေအနှစ် အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

**ယူနက်စကို၏ စံသတ်မှတ်ချက်များအကြောင်း**

“ဒီဟာက ဘယ်လောက်အထိ မူရင်းဖြစ်သလဲ၊ အရှေ့တောင်အာရှရဲ့အမွေအနှစ် အသံတိတ်ဇာတ်ကားဟုတ်သလားပေါ့။ ဒီဇာတ်ကားထဲမှာပါတဲ့ ဇာတ်ဝင်ခန်းတွေ၊ ဒီဇာတ်ကားရဲ့အကြောင်းအရာတွေ၊ ရိုက်ချက်တွေက ရှေးကျသလား၊ ဘယ်လောက်အထိ စောသလဲ၊ ဇာတ်လမ်းဇာတ်ကွက်တွေက ဘယ်လောက်စောစောစီးစီးမှာ ခေတ်မီအောင် ရိုက်ကူးထားနိုင်သလဲပေါ့။ ဒီဇာတ်ကားကို ထိန်းသိမ်းဖို့ အန္တရာယ်ရှိနိုင်သလား။ ဘယ်လိုအန္တရာယ်တွေ ကျရောက်နိုင်သလဲပေါ့နော်။ ထိန်းသိမ်းထားတဲ့နေရာမှာ ကောင်းမွန်စွာ စီမံခန့်ခွဲပြီး ထိန်းသိမ်းထားတဲ့လူတွေရှိရဲ့လား။ ဒီဟာ ပျောက်ပျက်ဖို့အန္တရာယ်ရှိနေသလား အဲဒီလိုမျိုးအချက်အလက်တွေကို သူတို့စဉ်းစားပါတယ်” ဟု ယူနက်စကို၏ စံသတ်မှတ်ချက်များအကြောင်းကို ကိုဉက္ကာက ရှင်းပြသည်။

“မြဂနိုင်” ရုပ်ရှင်ဇာတ်ကားကို ကမ္ဘာ့ရှေးဟောင်း အမွေအနှစ် မှတ်တမ်းဝင်ရန် ၂၀၁၇ ခုနှစ်က တင်သွင်းခဲ့သော ကိုဉက္ကာက “ကျွန်တော်တို့နိုင်ငံမှာ ရုပ်ရှင်ဇာတ်ကားတွေ၊ အမွေအနှစ် ရုပ်သံတွေ၊ သတင်းဇာတ်ကားတွေ၊ ဒစ်ဂျစ်တယ်ဇာတ်ကားတွေ စသည်ဖြင့်ပေါ့နော်။ အရုပ်၊ အသံထိန်းသိမ်းမှု အားနည်းနေတဲ့အတွက်ကြောင့်မို့လို့ ဒါတွေကို ဒေသတွင်းအဆင့် အရုပ်၊ အသံမှတ်တမ်းဝင်နိုင်အောင် ကျွန်တော်တို့ ကြိုးစားခဲ့တာပါ”ဟု ဆက်လက်ပြောကြားသည်။

မင်းသား ချစ်ဆွေ၊ မင်းသမီး မြင့်မြင့် ပါဝင်သရုပ်ဆောင်ထားသော ဒါရိုက်တာ အေဝမ်းဦးတင်မောင်၏ ပထမဆုံး အသံတိတ်ဇာတ်ကားအကြောင်းကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ(၁) ဦးအေးကြူလေးက “ကျွန်တော် မှတ်မိတာက ရုပ်ရှင်ရွှေရတုလားမသိဘူး။ မြို့ထဲက နေပြည်တော်ရုံမှာ “မြဂနိုင်”ဇာတ်ကားကို ပြန်ပြတယ်။ အသံတိတ်ဆိုတဲ့အတွက် ရုပ်ရှင်ပြလို့ရှိရင် တီးဝိုင်းခေါ်ထားရတယ်။ အလွမ်းခန်းဆိုရင် အလွမ်းဆိုရတယ်။ ဖိုက်တင်ခန်းဆို ဖိုက်တင်ပေါ့လေ။ သူ့နေရာနဲ့သူဆိုပေါ့။ အဲဒါကို နေပြည်တော်ရုံမှာကတော့ ဦးဝင်းဦးက ဒီဇာတ်ကားတစ်ကားလုံးကို သူကိုယ်တိုင် သီချင်းဆိုပေးတယ်။ တစ်ရက်ကို လေးပွဲဆို လေးပွဲလုံးဆိုတယ်။ ခုနစ်ရက်ပြတာ ၂၈ ပွဲလုံးဆိုတယ်။ အဲဒါလေးက အမှတ်တရလေးပေါ့”ဟု ပြောသည်။

**ရည်ရွယ်ချက်အားကောင်း**

ရုပ်ရှင်ဇာတ်ကားဖြစ်ပေါ်လာပုံနှင့်ပတ်သက်၍ အေဝမ်းသိန်းထွဋ်က “ဒီကား ဖြစ်ပေါ်လာရင်းအကြောင်းရင်းက ဦးတင်မောင်ရဲ့ ပထမဦးဆုံး ရုပ်ရှင်ဒါရိုက်တာ စလုပ်တဲ့ကား၊ တက္ကသိုလ်ကျောင်းသားဘဝကပေါ့။ ၁၉၃၅ လောက်က လုပ်တာကိုး။ အဲဒီတုန်းက အသံတိတ်ခေတ်၊ သူက အောင်မြင်သွားတယ်။ ရဲခေါင်ချစ်ဆွေက ဒီကားနဲ့ ပထမဆုံး အရွေးခံရတဲ့ အေဝမ်းမင်းသား၊ ထိုအတူပဲ မင်းသမီး မြင့်မြင့်ဟာလည်း ပထမဦးဆုံး အရွေးခံရတဲ့ ၁၅ နှစ်သမီးလေး “မြဂနိုင်” ရဲ့ ပထမဦးဆုံး မင်းသမီး။ ဒီကားရဲ့အနေအထားက ရည်ရွယ်ချက် အားကောင်းတဲ့ အနေအထား။ မြန်မာရတနာသစ်တွေကို ခိုးပြီးထုတ်နေတဲ့ ဂိုဏ်းကိုမိသွားတဲ့ကား။ သို့သော် အဲဒီဂိုဏ်း မိဖို့ဆိုတာကလည်း ကြံဖန်ပြီး ဇာတ်ကိုဆင်လာတာ” ဟု ဇာတ်ကားအကြောင်း တစေ့တစောင်းကို ပြောကြားခဲ့သည်။

ထို့အတူ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်များ၏ သားသမီးများအနက်မှ ၂၀၁၇-၂၀၁၈ ခုနှစ် ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ဂုဏ်ပြုဆုချီးမြှင့်ခဲ့ရာ လေးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် နှစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် သုံးဦးတို့ကို ဆုများချီးမြှင့်ခဲ့သည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ-ထိန်လင်း**

# ရခိုင်ပြည်နယ် ခရီးကြမ်းရှည်နှင့် မဝေးတော့သည့် အနာဂတ်ရောင်ခြည်

ခင်ရတနာ

**နိုင်ငံတစ်နိုင်ငံတွင် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးသည် အလွန်အရေးကြီးသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ခြင်း၊ သာယာဝပြောခြင်း၊ ချမ်းသာကြွယ်ဝခြင်း စသည့်အရာများသည် တိုင်းပြည်အေးချမ်းမှသာ၊ တည်ငြိမ်မှသာ၊ တရားဥပဒေကို နိုင်ငံသားအားလုံး လေးစားလိုက်နာကြမှသာ ရရှိနိုင်ကြမည်ဖြစ်သည်။**

မြန်မာနိုင်ငံသည် လူမျိုးပေါင်းစုံ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ တစုတဝေး တည်းစုပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုနိုင်ငံဖြစ်ရာ နိုင်ငံ၏ ရေမြေ၊ သဘာဝ၊ ရာသီဥတု၊ လူမျိုး၊ ယဉ်ကျေးမှု၊ ဘာသာစကားနှင့် အခြားသောကွဲပြားခြားနားသည့် အရာများစွာတို့ပေါင်းစုထားသည့် နိုင်ငံဖြစ်သည်။ သို့သော် တူညီသည့်စည်းလုံးညီညွတ်မှုပြယုဂ်တစ်ခုဖြစ်သော ပြည်သူများ၏တောင်ပြိုကမ်းပြိုထောက်ခံ အားပေးမှုနှင့်အတူ အရပ်သားအစိုးရစစ်စစ်က ဦးဆောင်မှုပေးသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး အဖြစ် စတင်လျှောက်လှမ်းနိုင်ခဲ့ပြီ။ အခက်အခဲအတားအဆီးနှင့် လုပ်ဆောင်ရမည့် အရာများစွာ ကျန်ရှိနေသေးသည့်တိုင် အစိုးရသည် တတ်စွမ်းသမျှ၊ ဉာဏ်စွမ်းရှိသမျှ နိုင်ငံနှင့် လူမျိုးအတွက် ဆောင်ရွက်ပေးနေခဲ့သည်။ ဆောင်ရွက်ပေးသည့်အရာများ အနက် ခေတ်အဆက်ဆက်ဖြေရှင်းရခက်ခဲသော၊ ဖြေရှင်းနေရဆဲဖြစ်သော ပဋိပက္ခများနှင့် လူမှုစီးပွားဘဝနိမ့်ကျမှု၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုတို့ကြောင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု ဒုတိယအနည်းပါးဆုံး ရခိုင်ပြည်နယ်အရေးသည်လည်း ထိပ်တန်းက ပါဝင်ခဲ့သည်။

### အစိုးရသစ်နှင့်ရခိုင်အရေး

NLD အစိုးရအဖွဲ့ စတင်တာဝန်ယူပြီး မကြာမီကာလအတွင်းမှာပင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ဥက္ကဋ္ဌအဖြစ် ဦးဆောင်သည့် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ၂၀၁၆ ခုနှစ် မေလ ၃၀ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ခြင်းသည် ရခိုင်ပြည်နယ်အတွက် အစိုးရ၏ ပထမဆုံးသော ကြိုးပမ်းဆောင်ရွက်မှုပင်ဖြစ်သည်။ ထို့ပြင် နိုင်ငံတကာက အာရုံစိုက်နေသည့် ရခိုင်ပြည်နယ်အရေးအား ပွင့်လင်းမြင်သာစွာ လုပ်ကိုင်ရန်အတွက်နှင့် ရခိုင်ပြည်နယ်၏နက်နဲသည့် အရေးကိစ္စရပ်များကို ဖြေရှင်းရာတွင် ရေရှည်နည်းလမ်းကောင်းများရရှိရန် ဘက်လိုက်မှုကင်းပြီး လူအများလေးစားသည့်၊ အတွေ့အကြုံ ရင့်ကျက်သည့်၊ ထင်ပေါ်ကျော်ကြားသည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင် မစ္စတာကိုဖီအာနန် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို မြန်မာနိုင်ငံသားများ၊ နိုင်ငံတကာမှ ပုဂ္ဂိုလ်များဖြင့် ၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့တွင် ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

### အကြမ်းဖက်မှုများပြန်လည်စတင်

ဆောင်ရွက်နေစဉ် ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့နံနက် ၁ နာရီ မိနစ် ၅၀ တွင် မောင်တောမြို့နယ် အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာနချုပ် (ကျီးကန်းပြင်) အား အကြမ်းဖက်သူအင်အား ၉၀ ခန့်၊ ရသေ့တောင်မြို့နယ် ကိုးတန်ကောက်နယ်မြေရဲစခန်းအား နံနက် ၃နာရီ ၁၅မိနစ်တွင် အကြမ်းဖက်သူ ၂၀ခန့်၊ ငါးခူရနယ်မြေရဲစခန်းအား နံနက် ၄ နာရီခွဲတွင် အကြမ်းဖက်သူ ၃၀၀ခန့်က အကြမ်းဖက်စီးနင်းဝင်ရောက်တိုက်ခိုက်ခဲ့သည်။ တပ်မတော်နှင့် ရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ရာ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့မှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့အထိ သုံးလတာကာလအတွင်း လုံခြုံရေးတပ်ဖွဲ့များနှင့် အကြမ်းဖက်အဖွဲ့များ အကြား တွေ့ဆုံပစ်ခတ်မှုအကြိမ် ၂၀ ခန့် ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်များကြောင့် တပ်မတော်သားခုနစ်ဦး၊ ရဲတပ်ဖွဲ့ဝင် ၁၀ ဦး ကျဆုံးခဲ့ပြီး တပ်မတော်သား၊ ရဲတပ်ဖွဲ့ဝင်နှင့် အပြစ်မဲ့အရပ်သား ၁၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည်။ နယ်မြေလုံခြုံရေးဆောင်ရွက်စဉ်အတွင်း အကြမ်းဖက်တိုက်ခိုက်သူ ၆၉ ဦး သေဆုံးခဲ့သည်။ ဖြစ်စဉ်များအတွက် ယင်းဒေသသို့ ပြည်တွင်း၊ ပြည်ပမီဒီယာများ သွားရောက်လေ့လာသတင်းယူပြီးချိန်တွင် ဖြစ်စဉ်အမှန်များ ပြောကြားခဲ့ကြသည့် ဒေသခံပြည်သူများကို အကြမ်းဖက်တိုက်ခိုက်သူများက ထပ်မံသတ်ဖြတ်ခဲ့ကြသဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ စာကြည့်တိုက်မှူးနှင့် ရုံးစာရေးအပါအဝင် အပြစ်မဲ့သူ ၁၃ ဦး သေဆုံးခဲ့ပြီး ကျေးရွာများ မီးရှို့ဖျက်ဆီးမှုများလည်း ၁၀ ကြိမ်ထက် မနည်း ဖြစ်ပွားခဲ့သည်။

### ရခိုင်ပြည်နယ်အကြံပေးကော်မရှင်၏ အစီရင်ခံစာ

အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်သည် RSO အကြမ်းဖက်အဖွဲ့နှင့် ဆက်နွှယ်သည့် Aqa Mul Mujahidin (အကာလ် မူလ် မူဂျာဟီဒင်န်) အဖွဲ့၏ ဆောင်ရွက်ချက်ဖြစ်ကြောင်းနှင့် ၎င်းကိုဦးဆောင်သူမှာ မောင်တောမြို့နယ် ကျောက်ပြင်ဆိပ်ကျေးရွာမှ ဟာဗစ် တူဟာရ် ခေါ် အာပူဟာမတ်ဇူးလူနီဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့ပြီးချိန်တွင် ၂၀၁၇ ခုနှစ် မတ်လ ၂၉ ရက်နေ့တွင် အာရ်ကန်ရိုဟင်ဂျာ ကယ်တင်ရေးတပ် (Arakan Rohingya Salvation Army-ARSA) ဟု ၎င်းတို့က ထုတ်ဖော်ပြောကြားခဲ့ကြသည်။



ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ပြည်တွင်းပြည်ပ သတင်းမီဒီယာသမားများ မောင်တောဒေသသို့ ၂-၁၀-၂၀၁၇ ရက်က ကွင်းဆင်းကြည့်ရှုကြစဉ်။

၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့တွင် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်မှ ရခိုင်ပြည်နယ်အတွင်းရှိ အသိုက်အဝန်းများအကြား ဖြစ်ပေါ်နေသည့် ပဋိပက္ခအခြေ အနေများ၊ ယုံကြည်မှုပျက်ပြားနေပြီး မလုံခြုံသည့် ခံစားချက်များဖြင့် တွေ့ကြုံနေရသည့် စိန်ခေါ်မှုများအပါအဝင် ရခိုင်ဒေသအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်သည့် အခြေအနေများကို သုံးသပ်လေ့လာကာ ရေရှည်တွင် အကျိုးရှိစေမည့် အကြံပြုချက် ၈၈ ချက်ပါအစီရင်ခံစာကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ တင်သွင်းနိုင်ခဲ့သည်။ မြန်မာအစိုးရကလည်း အစီရင်ခံစာကို အားရဝမ်းသာကြိုဆိုပြီး မြေပြင်အနေအထားပေါ်မူတည်ကာ အတတ်နိုင်ဆုံးအကောင်အထည်ဖော်သွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မူလကတည်းကပင် အချိန်အခါကို စောင့်ဆိုင်းနေကြရဟန်ရှိသည့် ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့က မစ္စတာကိုဖီအာနန်ဦးဆောင်ကာ ဖော်ထုတ်ခဲ့သည့် အစီရင်ခံစာပေါ်ထွက်လာခဲ့ခြင်းသည် မြန်မာနိုင်ငံအတွက် အင်အားတစ်ရပ်ဖြစ်လာစေခဲ့ပြီမှန်း သိရှိပုံရပြီး ယင်းအစီရင်ခံစာ၏ အကျိုးသက်ရောက်မှုကိုလည်း မုန်းဆပုံရခဲ့သည့်အလျောက် အစီရင်ခံစာတင်သွင်းသည့်နေ့ ညပိုင်းမှာပင် မောင်တောဒေသရှိ နယ်ခြားစောင့်တပ်စခန်းများအပါအဝင် လုံခြုံရေးစခန်းများကို တစ်ပြိုင်နက် ဝင်ရောက်တိုက်ခိုက်ကြတော့သည်။

ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့၏ အကြမ်းဖက်မှုလုပ်ရပ်များကြောင့် မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်နှင့် ရသေ့တောင်မြို့နယ်အတွင်းရှိ ကင်းစခန်း ၃၀၊ ကျဆုံးတပ်ဖွဲ့ဝင်ပေါင်း ၁၁ ဦး၊ တပ်မတော်သား နှစ်ဦး၊ လဝကတစ်ဦး စုစုပေါင်း ၁၄ ဦး ကျဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိမှုများလည်း ဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်များအတွင်း ကလေးများပါဝင်သည့် ဟိန္ဒူမိသားစုဝင် ခြောက်ဦးအား ရက်ရက်စက်စက်သတ်ဖြတ်မှုအပြင် ရခိုင်တိုင်းရင်းသားများနှင့် ဟိန္ဒူမိသားစုများကို သတ်ဖြတ်မှု၊ လုပ်ကြံမှု၊ လက်လုပ်ပိုင်းများဖြင့် ပစ်ခတ်မှု၊ နေအိမ်များ မီးရှို့မှုစသည်တို့မှာလည်း အကြိမ်များစွာဖြစ်ပွားခဲ့သည်။

### ထိတ်လန့်စိုးရွံ့မှုများနှင့် ကြုံတွေ့ခဲ့ကြ

ယင်းတိုက်ခိုက်မှုများ၏ အကျိုးဆက်မှာ ဒေသအတွင်း ကြိုးစားတည်ဆောက်နေသည့် တည်ငြိမ်မှုနှင့်အသိုက်အဝန်းနှစ်ခုအကြားရှိ ယုံကြည်မှုများမှာ ပြိုကျပျက်စီးခဲ့သည်ကို ဝမ်းနည်းဖွယ်တွေ့မြင်ကြရပြီး အသိုက်အဝန်းများအားလုံး၏ ထိတ်လန့်မှုနှင့် မလုံခြုံမှုများ၏အန္တရာယ်ကို ကလေးငယ်များ၊ အရွယ်မရောက်သေးသည့် လူငယ်လူရွယ်များ၊ လူကြီးဘိုးဘွားများ၊ အမျိုးသမီးများအားလုံး ထိခိုက်ခံစားခဲ့ကြရပြီး တစ်နိုင်ငံလုံးကလည်း ရခိုင်ဒေသအတွက် စိုးရိမ်ပူပန်မှုများ မြင့်တက်လာခဲ့သည်။

ထိုသို့ ရခိုင်ဒေသအခက်အခဲနှင့် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် နိုင်ငံတော်အစိုးရမှ ဆောင်ရွက်နေသည့် ဆောင်ရွက်မှုများအား အကြီးအကျယ် အနှောင့်အယှက်ဖြစ်စေရန် ရည်ရွယ်ထားသည့် အကွက်ချထိုးနှက်မှုကိုလည်း ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့က ဆောင်ရွက်ခဲ့သေးသည်။ ရဲဘော်ကျကျေးရွာမှ ဟိန္ဒူဘာသာဝင် ၁၀၀ ခန့်အား ဖမ်းဆီးသွားခဲ့ပြီး အမျိုးသမီးရှစ်ဦးကို ဘာသာပြောင်းခိုင်းကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ခေါ်ဆောင်သွားခဲ့သည်။ ကျန်ရစ်သူများကို သတ်ဖြတ်ခဲ့သည်ဟု ယူဆရပြီး စက်တင်ဘာလ ၂၄ ရက်နေ့နှင့် ၂၅ ရက်နေ့တို့တွင် အလောင်း ၄၅ လောင်းကို ပြန်လည်ရှာဖွေတွေ့ရှိခဲ့ကာ ကျန် ၄၈ ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်သည်။ ယင်းဖြစ်စဉ်ကိုလည်း နိုင်ငံတော်က သတင်းရရှိလျှင်ရရှိချင်း သတင်းထုတ်ပြန်ခဲ့သော်လည်း နိုင်ငံတကာတွင် ပျံ့နှံ့နေသည့် ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့၏ မုသားသတင်းများ၊ သတင်းအမှားများ၊ သတင်းအတုများကသာ နေရာယူခဲ့သည်။ ၂၀၁၈ ခုနှစ် မေလ ၂၃ ရက်နေ့တွင် Amnesty International မှ ထုတ်ပြန်သည့် သတင်းအချက်အလက်များဖြစ်သော ဟိန္ဒူဘာသာဝင် ၉၉ ဦးခန့်ကို ARSA အဖွဲ့က သတ်ဖြတ်ခဲ့ပြီး ဖမ်းဆီးခေါ်ဆောင်မှုများ ပြုလုပ်ခဲ့သည့် အထောက်အထားများ တွေ့ရှိကြောင်း ထုတ်ဖော်မှသာ နိုင်ငံတကာမီဒီယာများက သတင်းဖြစ်ရပ်မှန်ကို ထုတ်လွှင့်ဖော်ပြခဲ့ကြသည်။

### ယုံကြည်မှုကင်းမဲ့ကာ ထွက်ပြေးတိမ်းရှောင်ကြရ

အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ရခိုင်ပြည်နယ်သည် တစ်ကျော့ပြန် မငြိမ်မသက်မှုများ ဖြစ်ခဲ့ရသည်။ ရခိုင်တိုင်းရင်းသားများအပါအဝင် ဟိန္ဒူဘာသာဝင်များ အားလုံးသည် အသက်အိုးအိမ်များ ဆုံးရှုံးပျက်စီးကြပြီး နေရပ်ကို စွန့်ခွာထွက်ပြေးခဲ့ကြရသည်။ ထိုနည်းတူ မွတ်စလင်အသိုက်အဝန်းတွင်လည်း အသက်အိုးအိမ်များ ပျက်စီးဆုံးရှုံးပြီး ထောင်နှင့်သောင်းနှင့်ချီကာ တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးခဲ့ကြသည်။

ယုံကြည်မှုကင်းမဲ့ပြီး အားကိုးရာမဲ့နေသည့် အခြေအနေကို နိုင်ငံတော်အစိုးရက နယ်မြေပြန်လည်တည်ငြိမ်လာသည်အထိ နိုင်ငံတကာ၏ ဖိအားများကို ခံယူကာ အားသွန်ကြိုးပမ်းခဲ့သည်။ တည်ငြိမ်လာချိန်တွင် တစ်ဖက်သို့ထွက်ခွာသွားလိုသူများကို ထွက်ခွာလိုသည့်အကြောင်းကို မေးမြန်းပြီး မည်သို့ပံ့ပိုးနိုင်မည်ကို ကြိုးပမ်းပုံဖော်သော်လည်း ဆွေမျိုးသညာများ၏ ဆွဲဆောင်မှု၊ အကြမ်းဖက်သမားများနှင့် ဆက်စပ်မှုရှိခဲ့သည့် အနေအထားများအပေါ် စိုးရိမ်ကြောက်လန့်ဆဲဖြစ်ခြင်းကြောင့် ထွက်ခွာသွားမှုများ များပြားခဲ့ရသည်။ ပဋိပက္ခဖြစ်စဉ်တိုင်းတွင် ထိခိုက်ခံစားမှုအများဆုံးမှာ ဒေသတွင်းရှိ အပြစ်မဲ့အရပ်သားများသာပင်ဖြစ်သည်ကို မြင်တွေ့ကြရသည်။

### အပြီးသတ်အစီရင်ခံစာအသက်ဝင်လာခဲ့ပြီ

ရခိုင်ပြည်နယ်အရေးတွင် မစ္စတာကိုဖီအာနန်ဦးဆောင်သည့် အကြံပေးကော်မရှင်သည် စေ့စပ်သေချာစွာ ပြည်တွင်းပြည်ပဒေသတွင်းပါမကျန် လေ့လာသုံးသပ်မှုများ ပြုလုပ်ထားခြင်းဖြစ်ပြီး အကြံပြုချက်များကို တင်ပြနိုင်ခဲ့ခြင်းဖြစ်သည်ကို မြင်တွေ့ရသည်။

*စာမျက်နှာ ၇ သို့*

ကုလသမဂ္ဂ ညှိနှိုင်းရေးမှူး၊ လူသားချင်းစာနာမှု အကူအညီပေးရေး ညှိနှိုင်းရေးမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများ မောင်တောဒေသသို့ ၂-၁၁-၂၀၁၆ ရက်က ကွင်းဆင်းကြည့်ရှုကြစဉ်။



# သွားနှင့်ခံတွင်းမကောင်းရင် ခန္ဓာကိုယ်ရဲ့ ကျန်းမာရေးထိခိုက်တယ်၊ ခံတွင်းသန့်ရှင်းရေးထိန်းသိမ်းမှုအားနည်းရင် ကိုယ်ဝန်ဆောင်မိခင်တွေမှာ ပေါင်မပြည့်တဲ့ကလေးတွေ မွေးတတ်တယ်

**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာရွှေတိုး**

**(၁၃)ကြိမ်မြောက် မဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ သွားဘက်ဆိုင်ရာဆေးပညာ ပူးပေါင်းဆောင်ရွက်မှုညီလာခံ (13th International Dental Collaboration Mekong River Region Congress- IDCMR ) ကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ဩဂုတ် ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ကျင်းပသည်။**

ညီလာခံကို မဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ တစ်နှစ်လျှင်တစ်ကြိမ် အိမ်ရှင်အဖြစ် အလှည့်ကျ တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ပြီး ယခု (၁၃)ကြိမ်မြောက် မဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ သွားဘက်ဆိုင်ရာ ဆေးပညာပူးပေါင်းဆောင်ရွက်မှုညီလာခံကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်သည်။ ညီလာခံသို့ မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ တရုတ်၊ ဗီယက်နမ် ၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် အိန္ဒိယနိုင်ငံတို့မှ သွားဘက်ဆိုင်ရာ ဆေးပညာရှင်များ တက်ရောက်ကြပြီး နှစ်ရက်တာကျင်းပခဲ့သည်။

(၁၃)ကြိမ်မြောက် မဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ သွားဘက်ဆိုင်ရာ ဆေးပညာပူးပေါင်းဆောင်ရွက်မှုညီလာခံ Local Organization Committee ဥက္ကဋ္ဌ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာရွှေတိုးကို ယခုကဲ့သို့ တွေ့ဆုံမေးမြန်းခဲ့သည်။

**မေး ။ ။ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ပထမဆုံးအကြိမ် လက်ခံကျင်းပဖြစ်ပုံနဲ့ ပတ်သက်ပြီး ရှင်းပြပေးပါရှင့်။**

ဖြေ ။ ။ မဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံတွေက မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ တရုတ်၊ ဗီယက်နမ် အဓိက ခြောက်နိုင်ငံရှိပါတယ်။ နှစ်စဉ်မှာ နိုင်ငံတစ်ခုစီက အိမ်ရှင်အဖြစ် တာဝန်ယူရတာပါ။ အခု (၁၃)ကြိမ်မှာ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် တာဝန်ယူရတဲ့ အခွင့်အရေးကို ရရှိတာဖြစ်ပါတယ်။

**မေး ။ ။ သွားဘက်ဆိုင်ရာ ဆေးပညာပူးပေါင်းဆောင်ရွက်မှုညီလာခံက ဘယ်လို အကြောင်းအရာတွေကို အဓိကထားပြီး ဆွေးနွေးသွားမယ်ဆိုတာ သိချင်ပါတယ်။**

ဖြေ ။ ။ ညီလာခံကို ပြည်တွင်းကိုယ်စားလှယ် ၂၁၆ ဦး တက်ပါတယ်။ ပြည်ပက ၁၂၀ လောက် တက်ပါတယ်။ ညီလာခံ နှစ်ရက်တာကာလအတွင်းမှာ Keynote Speakers အဓိကပြောမယ့်သူ သုံးဦးရှိပါတယ်။ တစ်ဦးက ယူအက်စ်၊ နောက်တစ်ဦးက ဩစတြေးလျကပါ။ နောက်တစ်ဦးကတော့ အာဆီယံနိုင်ငံအတွင်း သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်အချင်းချင်း အသိအမှတ်ပြုရေးနဲ့ ပတ်သက်ပြီး ဆောင်ရွက်နေတဲ့ ချူလာလောင်ကွန်းတက္ကသိုလ်က ဖြစ်ပါတယ်။ အာဆီယံနိုင်ငံတွေမှာရှိတဲ့ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များအချင်းချင်း အသိအမှတ်ပြုနိုင်ရေး မူဘောင်တွေ၊ ပါးစပ်အတွင်းရှိ ပိုးမွှားတွေရဲ့ အရေးပါပုံ၊ လေဆာရောင်ခြည်ဖြင့် သွားကုသမှုတွေကို ဆွေးနွေးပို့ချသွားမှာဖြစ်ပါတယ်။

**မေး ။ ။ ဒီညီလာခံက ဘယ်လို အကျိုးကျေးဇူးတွေ ရရှိမယ်ဆိုတာလည်း ရှင်းပြပေးပါ။**




သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာရွှေတိုး။

ဖြေ ။ ။ မူလ ခြောက်နိုင်ငံမှာ အခုတော့ အင်ဒိုနီးရှား၊ မလေးရှား နောက်ပြီး အိန္ဒိယတို့ ပါလာတယ်။ အဓိကတော့ ဒီလိုညီလာခံကို အိမ်ရှင်အဖြစ် ကျင်းပနိုင်တာ မြန်မာနိုင်ငံရဲ့ပုံရိပ်ကို မဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံတွေမှာ ပိုပြီး ကောင်းမွန်စေပါတယ်။ နောက်တစ်ချက်က မဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံတွေ အကြားမှာ သွားဘက်ဆိုင်ရာ ဆေးပညာပူးပေါင်းဆောင်ရွက်မှု ပိုပြီးအရှိန်အဟုန်မြှင့် ဆောင်ရွက်လာနိုင်မှာဖြစ်သလို ဒီနှစ်ညီလာခံရဲ့ ရည်ရွယ်ချက်ကိုက Bringing Friendship from Mekong to Ayeyawaddy ဆိုတဲ့အတိုင်း မဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံတွေအတွင်းမှာ အချင်းချင်းရင်းနှီးချစ်ကြည်မှုတွေ ပိုပြီးရရှိလာမှာ ဖြစ်ပါတယ်။

**မေး ။ ။ ဒီညီလာခံနဲ့ ပတ်သက်ပြီး ဖြည့်စွက်ပြောကြားချင်တာ ရှိရင်လည်း ပြောကြားပေးပါ။**

ဖြေ ။ ။ အဓိကတော့ IDCMR ရဲ့ အဖွဲ့ဝင်နိုင်ငံတွေ၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တွေအကြားမှာ မြန်မာနိုင်ငံရဲ့ပုံရိပ်က ပိုပြီးကောင်းမွန်တဲ့အတွက်ကြောင့် ဂုဏ်ယူပါတယ်။ နောက်ပြီး ပြည်တွင်း၊ ပြည်ပကိုယ်စားလှယ်တွေ ၃၅၀ နီးပါးလောက် တက်ရောက်တဲ့အတွက် သွားဘက်ဆိုင်ရာ ဆေးပညာရပ်နဲ့ ပတ်သက်ပြီး ပို့ချချက်တွေက အများကြီးအကျိုးရှိပါတယ်။

**မေး ။ ။ သွားကျန်းမာရေးနဲ့ပတ်သက်ပြီး ပြည်သူတွေကို ဘာများစကားလက်ဆောင်ပါးချင်ပါသလဲ။**

ဖြေ ။ ။ လူတွေအများစုက သွားနှင့်ခံတွင်း ကျန်းမာရေးကို ဂရုမစိုက်ကြဘူး။ နေ့စဉ်နေ့တိုင်း သွားနှင့်ခံတွင်းကို အသုံးပြုနေတယ်။ သွားနှင့်ခံတွင်း မကောင်းရင် ခန္ဓာကိုယ်ရဲ့ ကျန်းမာရေးလည်း ထိခိုက်တယ်ဆိုတာ ပြည်သူလူထုသိဖို့ လိုပါတယ်။ ခံတွင်းသန့်ရှင်းမှုမကောင်းဘူး၊ ပါးစပ်ထဲမှာ ကျောက်တွေရှိမယ် ၊ ခံတွင်းသန့်ရှင်းရေးကို ထိန်းသိမ်းစောင့်ရှောက်မှု အားနည်းမယ်ဆိုရင် ကိုယ်ဝန်ဆောင်မိခင်တွေမှာဆိုရင် ပေါင်မပြည့်တဲ့ ကလေးတွေမွေးတတ်ပါတယ်။ အဲဒီလိုပဲ သွားနှင့်ခံတွင်းသန့်ရှင်းမှု မရှိလို့ ပါးစပ်ထဲမှာ ကျောက်တွေရှိမယ်ဆိုရင် နှလုံးသွေးကြောကျဉ်းရောဂါတွေလည်း ဖြစ်ပွားတတ်ပါတယ်။ ဒါကြောင့် သွားနှင့်ခံတွင်းကျန်းမာရေးသည် ခန္ဓာကိုယ်ရဲ့ ကျန်းမာရေးနဲ့ ဆက်စပ်နေတယ်ဆိုတာ ပြည်သူလူထုသိစေချင်ပါတယ်။

မကူးစက် တတ်တဲ့ရောဂါတွေထဲက တချို့ဟာ ကွမ်းယာစားတာနဲ့ ဆက်စပ်မှု ရှိတယ်။ ဆိုကြပါစို့ အိမ်ရှင်မတစ်ယောက်က ကွမ်းစားတဲ့အတွက် သူက လျှာတွေ ထူနေမယ်။ ဟင်းတွေကို ပေါ့တယ်။ ငန်တယ်။ သူက မဆုံးဖြတ်တတ်ဘူး။ ဟင်းတွေက ငန်နေမယ်ဆိုရင် တစ်အိမ်လုံးက သွေးတိုးနိုင်ပါတယ်။ ကျွန်တော် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (မန္တလေး)မှာ ပါမောက္ခချုပ် တာဝန်ထမ်းဆောင်ခဲ့တုန်းက အထက်မြန်မာပြည်က ရွာတွေကို သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှု၊ ကုသမှုသွားရောက်ပေးတဲ့အခါ မှာ တချို့ရွာတွေမှာ တစ်ရွာလုံးနီးနီး သွေးတိုးတာကို တွေ့ရတယ်။ ကလေးတွေကအစ သွေးတိုးတယ်။ ဘာဖြစ်လို့လဲဆိုတော့ တော်တော်များများက ကွမ်းစားတဲ့အတွက် ဟင်းတွေအကုန်လုံးက ငန်တယ်။ ဒါကြောင့် မကူးစက်တတ်တဲ့ရောဂါတချို့(ဥပမာ-သွေးတိုးရောဂါ)နဲ့ ကွမ်းစားတဲ့အလေ့အထက ဆက်စပ်မှုရှိနိုင်တယ်ဆိုတာ ကျွန်တော့် အနေနဲ့ ပြည်သူလူထုကို အသိပေးပြောကြားချင်ပါတယ်။ ဝေးလံခေါင်ဖျားဒေသက လူတွေအနေနဲ့ သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုကို အလှမ်းဝေးတာ တွေ့ရှိပါတယ်။ အဲဒီဒေသတွေကိုလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ညွှန်ကြားချက်အရ ကွင်းဆင်းပြီး ကုသမှုတွေ ယခုထက်ပိုပြီးပေးနိုင်ရင် ပိုကောင်းပါတယ်။ ပြည်သူလူထုအနေနဲ့လည်း သွားနှင့်ခံတွင်းကျန်းမာရေးသည် ခန္ဓာကိုယ်တစ်ခုလုံးရဲ့ ကျန်းမာရေးအတွက် အရေးကြီးတာကို သိမယ်ဆိုရင် မလိုလားအပ်တဲ့ ရောဂါတွေကို ကာကွယ်နိုင်ပါတယ်လို့ ပြောချင်ပါတယ်။ ။

**တွေ့ဆုံမေးမြန်း- နန္ဒာဝင်း**
**ဓာတ်ပုံ-ရဲထွဋ်**

---

*စာမျက်နှာ ၆ မှ*

ယင်းအကြံပေး အချက်အလက်များသည် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ်နေသည့် ပဋိပက္ခအခြေခံအသိုင်းအဝိုင်းများအကြား သဘောထားတင်းမာမှုများ အပါအဝင် မြန်မာနိုင်ငံအတွက် နိုင်ငံတကာ၏ဖိအားအဖြစ် စိန်ခေါ်မှုကိုပါ ဖြေရှင်းရန် အကောင်းဆုံးသော လမ်းစပင်ဖြစ်သည်။

ထို့ကြောင့်ပင် ယင်းအခြေအနေကောင်းများ မရရှိရန်၊ ရခိုင်ပြည်နယ်အတွင်း ပြဿနာကို မီးအေးအေးဖြင့် တမြည့်မြည့်လှိုက်လောင်စေရန် ရည်မှန်းထားသူများနှင့် ရှိရင်းစွဲကို ပိုမိုကြီးထွားသည့်ပြဿနာအဖြစ် လုပ်ဆောင်ကာ မိမိတို့နိုင်ငံ၏ အချုပ်အခြာနယ်မြေကို အပြီးတိုင်သိမ်းပိုက်လိုသည့်အတွက် ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့မှစတင်ကာ အကြမ်းဖက်လုပ်ငန်းများကို စတင်လုပ်ဆောင်လာကြခြင်းဖြစ်သည်။ မည်သို့သော အတားအဆီးများရှိပါစေ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင် အဖွဲ့ဝင်များသည် အခက်အခဲများကို ရင်ဆိုင်ကျော်လွှားလျက် ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် အပြီးသတ်အစီရင်ခံစာကို တင်သွင်းထားနိုင်ခဲ့ပြီး နိုင်ငံတော် ကလည်း မည်မျှပင်ခက်ခဲပါစေ အစီရင်ခံစာ၏ အကြံပြုချက် ၈၈ ချက်အနက်မှ ၈၁ ချက်ကို ကြံ့ကြံ့ခံဆောင်ရွက်နိုင်ခဲ့သည်မှာလည်း ဂုဏ်ယူစရာအချက်ပင်ဖြစ်သည်။

**ရာဇဝင်ထဲက ရခိုင်မြေအကျည်းတန်ခဲ့ရ**

ရခိုင်ပြည်နယ်နှင့် ရခိုင်တိုင်းရင်းသားများသည် ရှည်လျားသည့် ရာဇဝင်သမိုင်းအဆက်ဆက်ဖြင့် မြန်မာနိုင်ငံ၏ အနောက်ဘက် ကမ်းရိုးတန်းဒေသတွင် နေထိုင်လာခဲ့ကြသူများလည်း ဖြစ်သည်။ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံ၏ အလှည့်အပြောင်းများနှင့်အတူ မြန်မာနိုင်ငံ သူ့ကျွန်ဘဝရောက်ရှိခဲ့စဉ်က ရခိုင်တို့ဌာနေ ဓညဝတီမြေသို့ ကိုလိုနီနယ်ချဲ့တို့က ဆန်စပါးစိုက်ပျိုးရေးတင်ပို့ရန်အတွက် အသုံးချခြင်းကိုခံခဲ့ကြရသည်။ အကျိုးအမြတ်ရယူမှုနှင့်အတူ တိုင်းတစ်ပါးမှ လယ်လုပ်သားများအဖြစ် ခေါ်ယူတင်သွင်းလာသည့် ပြောင်းရွှေ့အခြေချသူများ အရေးကိစ္စသည် ရခိုင်ပြည်နယ်နှင့် ရခိုင်တိုင်းရင်းသားတို့အတွက်သာမက မြန်မာနိုင်ငံအတွက်လည်း မိမိမြေပေါ်တွင် မိမိတို့၏ လုံခြုံရေးနှင့် ရပ်တည်ရှင်သန်နိုင်ရေးအတွက် ခြိမ်းခြောက်မှုတစ်ခု၏ အစပင်ဖြစ်သည်။

ကိုလိုနီခေတ်လွန်ကာလတွင် မလိုလားအပ်သည့် ပြည်တွင်း၊ ပြည်ပ အဖျက်အမှောင့်ပယောဂများကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ လူမှုအသိုက်အဝန်းများအကြား ယုံကြည်ချက်ပျက်ပြားပြီး မငြိမ်းချမ်းနိုင်သည့် အနေအထားများသည် အေးချမ်းသာယာပြီး ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားခဲ့သော သမိုင်းကြောင်းကြီးမားခဲ့သည့် ရခိုင်ပြည်နယ်အတွက် အရိပ်ဆိုးကြီးသဖွယ် ဖြစ်ခဲ့ရသည်။ တအုံနွေးနွေးအနေအထားများသည် ၂၀၁၂ ခုနှစ်မှ စတင်ကာ အသိုက်အဝန်းများအကြား ပဋိပက္ခအနေအထား

- **နိုင်ငံတော်အစိုးရသည် စတင်တာဝန်ယူချိန်မှစတင်ကာ ရခိုင်ပြည်နယ်အရေးသည် နိုင်ငံအတွက် အရေးကြီးဆုံးသော ဦးစားပေး အမျိုးသားရေးဖြစ်သည်ဟု သတ်မှတ်ထားခဲ့ပြီး လိုအပ်သည့် စီမံမှုယန္တရားများ ချမှတ်ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်**
- **အသိုက်အဝန်းများအားလုံး ခေတ်အဆက်ဆက်က ခံစားလာရသည့် ယုံကြည်မှုပျက်ပြားသည့် သောက၊ ဒုက္ခသံသရာကို အဆုံးသတ်နိုင်ရန်အတွက် အခြေအနေအရင်းခံတို့ကို သုံးသပ်စဉ်းစားပေးကာ ဖော်ဆောင်ခဲ့သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပေးချက်များသည် များစွာအထောက်အကူဖြစ်လျက်ရှိသည်ကို မြင်တွေ့ရ**

သို့ စတင်အသွင်ပြောင်းလာခဲ့ခြင်းဟု ယူဆရပါသည်။

**အသင့်တော်ဆုံးမူဝါဒများကို ချမှတ်ဆောင်ရွက်**

နိုင်ငံတော်အစိုးရသည် စတင်တာဝန်ယူချိန်မှစတင်ကာ ရခိုင်ပြည်နယ်အရေးသည် နိုင်ငံအတွက် အရေးကြီးဆုံးသော ဦးစားပေး အမျိုးသားရေးဖြစ်သည်ဟု သတ်မှတ်ထားခဲ့ပြီး လိုအပ်သည့် စီမံမှုယန္တရားများ ချမှတ်ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်သည်။

ရခိုင်ပြည်နယ်အတွင်း အခြေချနေထိုင်ကြသည့် အသိုက်အဝန်းများအားလုံး ခေတ်အဆက်ဆက်က ခံစားလာရသည့် ယုံကြည်မှုပျက်ပြားသည့် သောက၊ ဒုက္ခသံသရာကို အဆုံးသတ်နိုင်ရန်အတွက် အခြေအနေအရင်းခံတို့ကို သုံးသပ်စဉ်းစားပေးကာ ဖော်ဆောင်ခဲ့သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပေးချက်များသည် များစွာအထောက်အကူဖြစ်လျက်ရှိသည်ကို မြင်တွေ့ရသည်။

**အကြံပေးကော်မရှင်အစီရင်ခံစာ တစ်နှစ်ပြည့်မြောက်ခဲ့ပြီ**

ဩဂုတ်လ ၂၄ ရက်နေ့သည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ နောက်ဆုံး အစီရင်ခံစာတင်သွင်းခဲ့သည်မှာ တစ်နှစ်တင်းတင်း ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ရခိုင်ပြည်နယ်နှင့် ရခိုင်တိုင်းရင်းသားများ၊ ရခိုင်ဒေသအတွင်း မှီတင်းနေထိုင်ကြသည့်၊ ငြိမ်းချမ်းခြင်းကိုအလိုရှိသော ရိုးသားသည့် အသိုက်အဝန်းများအားလုံးအတွက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များသည် ရေရှည်အတွက် အကျိုးကျေးဇူးများစွာရရှိနိုင်မည်ဟုလည်း ယုံကြည်ပါသည်။

သို့ရာတွင် ကောင်းသောအကျိုးရလဒ်များ ခံစားရရှိစေရန်အတွက် ဆောင်ရွက်ခဲ့ရသည့် အကြောင်းအရင်း၊ အကောင်အထည်မပေါ်သေးမီ တွေ့ကြုံခဲ့ကြရသည့် အဖျက်အမှောင့်အခြေအနေတို့သည် နိုင်ငံတော်အစိုးရနှင့် မြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံးအတွက် ကြီးမားသည့်စိန်ခေါ်မှုများ ဖြစ်ခဲ့ရသည်။

ယခုအခါ အကြံပြုချက်များအပေါ်အခြေတည်သည့် လုပ်ဆောင်ချက်များဖြစ်သော စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှု၊ နိုင်ငံသားဖြစ်မှု၊ နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်၊ လွတ်လပ်စွာသွားလာခွင့်၊ IDP စခန်းများတွင် နေထိုင်ကြသူများအတွက် လူ့ဂုဏ်သိက္ခာနှင့်အညီ နေထိုင်နိုင်ရေးအတွက် ဆောင်ရွက်မှုများ၊ ပြည်သူ့ကျန်းမာရေးလုပ်ငန်း၊ မိခင်နှင့် ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်များ အာဟာရပြည့်ဝရေးလုပ်ငန်း၊ သတင်းရယူခွင့်၊ ပညာသင်ကြားရေး၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး၊ နိုင်ငံရေးကဏ္ဍနှင့် လူ့အဖွဲ့အစည်းများတွင် ကိုယ်တိုင်ပါဝင်မှု၊ လူ့အဖွဲ့အစည်းများအကြား ပေါင်းစည်းရေး၊ လူမှုသဟဇာတဖြစ်ရေး၊ အိမ်နီးချင်းမိတ်ဖက်နိုင်ငံများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ နယ်စပ်ကိစ္စရပ်များနှင့် ပတ်သက်ဆက်ဆံရေး၊ လုံခြုံရေး၊ တရားမျှတမှုနှင့် တရားဥပဒေစိုးမိုးရေး စသည့် စသည့် ကဏ္ဍပေါင်းစုံတို့တွင် ပြည့်စုံနိုင်ရေးအတွက် UEHRD ကိုဖွဲ့စည်းကာ အင်တိုက်အားတိုက် အကောင်အထည်ဖော်နေသည်မှာ အားရစရာ ကောင်းလှသည်။

ရခိုင်ပြည်နယ်သည် အမုန်းတရားလှိုင်းတံပိုးဒဏ်၊ ပဋိပက္ခမိုးဒဏ်တို့ကြောင့် ခက်ခဲပင်ပန်းခဲ့ကြရဖူးပြီ။ ယနေ့တွင် အစိုးရ၊ ပြည်သူနှင့် လူမှုအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံအပေါ် အပြုသဘောဖြင့် ကူညီကြသည့် ပြည်ပနိုင်ငံများနှင့် အဖွဲ့အစည်းများ၏ စုပေါင်းအင်အားဖြင့် အခက်အခဲပေါင်းများစွာ၊ ဖိအားများစွာကို အတော်အသင့် ကျော်ဖြတ်ခဲ့ကြပြီးဖြစ်သည်။ ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားမောင်နှမများ၊ မှီတင်းနေထိုင်ကြသည့် အသိုင်းအဝိုင်းများအားလုံး အေးချမ်းစွာနေထိုင်သွားနိုင်ရေးအတွက် မည်မျှပင်ခရီးရှည်ပါစေ၊ မည်မျှပင် လှိုင်းကြမ်းပါစေ မိမိတို့၏ ပန်းတိုင်၊ လျှောက်လှမ်းရမည့် အနာဂတ်လမ်းကြောင်းကို ဆက်လက်လျှောက်လှမ်းသွားခြင်းဖြင့် သာစွဌာနေ ရခိုင်မြေအဖြစ် ပြန်လည်ထူထောင်သွားနိုင်မည်ဟု ယုံကြည်မိပါကြောင်း။ ။

# မြန်မာပြည်မြောက်ဘက်အစွန်ဆုံးမြို့ဖြစ်သော ပန်နန်းဒင်မြို့၌ အနန္တလောကသီရိစေတီတော် ရွှေထီးတော်တင်ပွဲကျင်းပ

**ပန်နန်းဒင် ဩဂုတ် ၂၅**

မြန်မာနိုင်ငံ၏ အစွန်ဆုံးမြို့ဖြစ်သော ပန်နန်းဒင်မြို့၌ တည်ထားကိုးကွယ်သော အနန္တလောကသီရိစေတီတော်အား ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားကို ဩဂုတ် ၂၃ ရက် နံနက် ၈ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် နမောတဿသုံးကြိမ်ရွတ်ဆိုကြပြီး ပန်းလှိုင်ဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြကာ အနန္တလောကသီရိစေတီတော်အား ကပ်လှူမည့် ရွှေထီးတော်၊ စိန်ဖူးတော်၊ လှူဖွယ်ဝတ္ထုများနှင့် နံ့သာရည်များကို သံဃာတော်များအား ဆက်ကပ်ခြင်းနှင့် ဆရာတော် သံဃာတော် အရှင်သူမြတ်များထံမှ မေတ္တာသုတ်ပရိတ်တရားတော်မြတ်အား နာယူကြည်ညိုကြသည်။

**ရွှေထီးတော် တင်လှူပူဇော်**

ယင်းနောက် ဆရာတော်နှင့်ပရိသတ်များက ရွှေထီးတော် တင်လှူပူဇော်ကြပြီး ဗုဒ္ဓါဘိသေက အနေကဇာတင်ကြသည်။ ထို့နောက် လှူဒါန်းမှုအစုစုအတွက် တောင်တန်းသာသနာပြု ဇဟိုကျောင်းတိုက်ဆရာတော်ထံမှ အနုမောဒနာတရားကြားနာ၍ ရေစက်သွန်းချအမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြသည်။

**ကြည်ညိုခဲ့ကြ**

အဆိုပါအခမ်းအနားသို့ နောင်မွန်မြို့နယ်နှင့် ပန်နန်းဒင်မြို့မှ ဗုဒ္ဓဘာသာဝင်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပန်နန်းဒင်မြို့ရှိ ဗုဒ္ဓဘာသာဝင်များ တက်ရောက်ကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။

**ပန်နန်းဒင် ပြန်/ဆက်**

❖ *ကျောဖုံးမှ*

**နည်းပညာအဆင့်မြင့်မားစွာ ဆောက်လုပ်ထား**

လိုအပ်နေသော လမ်းတံတားများကို နိုင်ငံတော်အစိုးရ ဘတ်ဂျက်ဖြင့် လည်းကောင်း၊ နိုင်ငံတကာ အကူအညီများဖြင့် လည်းကောင်း တည်ဆောက်ပေးလျက်ရှိပါကြောင်း၊ ယခု ဒေါပုံတံတားကြီးကို ၁၉၆၂ ခုနှစ်က ကိုလံဘိုစီမံကိန်းအရ ကနေဒါ အစိုးရက ဆောက်လုပ်ပေးခဲ့သည့် သာကေတတံတားမှာ နှစ်ပေါင်း ၅၀ကျော်လာပြီဖြစ်သည့်အတွက် ဂျပန်ပြည်သူများ၏အကူအညီဖြင့် ဂျပန်ယန်းငွေ ၃၇၄၆ သန်းဖြင့် ၂၀၁၅ ခုနှစ် ဧပြီ ၁ ရက်တွင် စတင်ဆောက်လုပ်ခဲ့ကြောင်း၊ ယခု ဒေါပုံတံတားသစ်သည် နည်းပညာအဆင့်မြင့်မားစွာ ဆောက်လုပ်ထားပြီး ရန်ကုန်မြို့၏ အထင်ကရ landmark တစ်ခုလည်း ဖြစ်လာမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr.Ichiro Maruyama နှင့် JICA မြန်မာရုံးမှ အကြီးအကဲ Mr. Masayuki Karasawa တို့ကလည်း အမှာစကား အသီးသီး ပြောကြားကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် ဒေါပုံတံတားသစ်အား တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း၊ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ အမျိုးသားလွှတ်တော် ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ကော်မတီဥက္ကဋ္ဌ ဦးစောမိုးမြင့်၊ လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ JICA မြန်မာရုံးမှ Mr. Masayuki Karasawa၊ Nippon Koei Co.,ltd The Consultant of Dawbon Bridge မှ Project Manager Mr. Takeshi Yoshida တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)** ယင်းနောက် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။



ဆက်လက်၍ ဒေါပုံတံတားကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr.Ichiro Mayuyama တို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကာ တက်ရောက်လာသူအားလုံးက တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုပြီးနောက် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**လေးလမ်းသွားဖြစ်**

ယနေ့ဖွင့်လှစ်လိုက်သော ဒေါပုံတံတားကြီးမှာ Extra-dosed PC Girder with steel Pipe Sheet Pile PC Box ဖြစ်ပြီး တံတားအရှည် ၂၅၃ မီတာရှိကာ လေးလမ်းသွားဖြစ်ကြောင်း တံတားရေလမ်းကင်းလွတ်ခွင့် အမြင့် ၁၀ ဒသမ ၅ မီတာဖြစ်ကြောင်း သိရသည်။

**တိုးချဲ့တည်ဆောက်ပေးနိုင်ခဲ့**

ဒေါပုံတံတားသစ်ကြီးနှင့်အတူ ဆောက်လုပ်ရေးဝန်ကြီးဌာနက တည်ဆောက်ခဲ့သည့် မီးရထားလမ်းခုံးကျော်တံတားနှင့် ကားလမ်းခုံးကျော်တံတားတို့ကိုလည်း လေးလမ်းသွား တံတားများအဖြစ် တိုးချဲ့တည်ဆောက်ပေးနိုင်ခဲ့သည်။

**သတင်းနှင့်ဓာတ်ပုံ - မြင့်မောင်စိုး**

❖ *ရှေ့ဖုံးမှ*

လေးကြိမ်မြောက် ဖျော်ဖြေခြင်းဖြစ်ကြောင်း သိရသည်။

ယင်းအကြောင်းအရာနှင့် ပတ်သက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ထုတ်လုပ်ဌာနခွဲမှ ဦးစီးအရာရှိ ဒေါ်အေးအေးမြတ်က "အမျိုးသားအထိမ်းအမှတ်ဥယျာဉ် နေပြည်တော်ကြီးကို တဖြည်းဖြည်း စည်ပင်သာယာလာအောင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဖျော်ဖြေတာ အခုအကြိမ်နဲ့ဆို လေးကြိမ်ရှိပါပြီ။ ဒီတစ်ကြိမ်မှာ လိုက်ပါလာတဲ့ ဖျော်ဖြေသူအင်အား အများဆုံးပါ။ ရန်ကုန်၊ မန္တလေး ထုတ်လုပ်ဌာနခွဲကလည်း ပါလာပါတယ်။ အားလုံး ၁၄၈ ဦး ပါဝင်လာရောက်ပါတယ်။ အကပဒေသာအနေနဲ့ အစီအစဉ် ၃၅ မျိုး ရွေးချယ်လာပါတယ်"ဟု ပြောပြသည်။

ယခုဖျော်ဖြေပွဲသည် တိုင်းရင်းသားရိုးရာအကများသာမက မျက်လှည့်အစီအစဉ်၊ အငြိမ့်အစီအစဉ်နှင့် ထူးထူးခြားခြားအနေဖြင့် နိုင်ငံတကာက လာရောက်သည့် ဧည့်သည်တော်များကို ဖျော်ဖြေရသည့် အကအဖွဲ့များမှ ဗီယက်နမ်နိုင်ငံ ရိုးရာအက၊ လာအိုယိမ်းအက၊ ထိုင်းယိမ်းအက၊ အင်ဒိုနီးရှားယိမ်းအကနှင့် အာဆီယံအကများကိုလည်း ပြည်သူများ သိရှိခံစားစေရန် ရည်ရွယ်ပြီး ထည့်သွင်းကပြခဲ့ကြောင်း သိရသည်။

လာရောက် အပန်းဖြေလည်ပတ်သည့် ဇေယျာသီရိမြို့နယ်နေသူ ကိုအောင်ကိုမင်းက "စနေနေ့ ဒီမှာဖျော်ဖြေပွဲရှိတယ်ဆိုတာသိလို့ အိမ်အနီးနားပတ်ဝန်းကျင်က ကလေးတွေအားလုံးကို စုပြီးခေါ်လာခဲ့တာပါ။ ဒီကို ပထမဆုံးအကြိမ် လာရောက်လည်ပတ်တာပါ။ အလုပ်မှာ စိတ်ဖိစီးမှုတွေ၊ အလုပ်ပင်ပန်းမှုတွေ၊ ညစ်နေတာလေးတွေက အခုလို လာရောက်လည်ပတ် အပန်းဖြေလိုက်တော့ စိတ်ထဲမှာ တော်တော်လေးပေ့ါပါး လန်းဆန်းသွားပြီး အတွေးသစ် အမြင်သစ်တွေရလာပါတယ်"ဟု ပြောသည်။

"ကျွန်တော်က စက်မှုလယ်ယာ ဦးစီးဌာနက လာရောက်လည်ပတ်တာပါ။ ဌာနက သွားရောက်လည်ပတ်ချင်တဲ့ ဝန်ထမ်းတွေကို လိုက်ပို့ပေးမယ်ဆိုတော့ ကျွန်တော်လည်း ရောက်လည်းမရောက်ဖူးတာနဲ့ လိုက်လာတာပါ။ ဖျော်ဖြေပွဲမှာလည်း ကြည့်ရှုခံစားရတာ အလွန်ကို ပျော်ရွှင်မိပါတယ်။ တစ်နိုင်ငံလုံးမှာရှိတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေအားလုံးကို တစုတစည်းတည်း သွားရောက်လည်ပတ်ရသလိုလည်း ခံစားရပါတယ်" ဟု ကယန်းတိုင်းရင်းသား ကိုအောင်မျိုးသက်က ပြောပြသည်။

လီဆူတိုင်းရင်းသူဝတ်စုံကိုဝတ်ဆင်ပြီး အမှတ်တရဓာတ်ပုံရိုက်ကူးနေသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ မဟေမာနှင်းက "ကျွန်မတို့က ဒီနေ့ ဩဂုတ် ၂၅ ရက်က အလုပ်ဝင်တာ လုပ်သက် ရှစ်နှစ်ပြည့် အထိမ်းအမှတ် အနေနဲ့ YGW မိဘမဲ့ဂေဟာမှာ အလှူလုပ်ရင်း တိုက်တိုက်ဆိုင်ဆိုင် တိုင်းရင်းသားကျေးရွာမှာ ဖျော်ဖြေပွဲလေးရှိတယ်ကြားလို့ သူငယ်ချင်းတွေနဲ့ရောက်လာတာပါ။ သူငယ်ချင်းတွေ ရှစ်နှစ်ပြည့်မှာ အမှတ်တရလေးဖြစ်သွားအောင် ဒီဝတ်စုံလေးကိုဝတ်ပြီး ဓာတ်ပုံရိုက်ကြမယ်ဆိုပြီး ဝတ်ဖြစ်သွားတာပါ။ တိုင်းရင်းသားဝတ်စုံတွေ ဝတ်လိုက်တဲ့အခါတိုင်း အလိုလို ပျော်ရွှင်ရပါတယ်" ဟု ပြောပြသည်။

အမျိုးသားအထိမ်းအမှတ်ဥယျာဉ် နေပြည်တော်၌ အနုပညာဖျော်ဖြေတင်ဆက်မှုများရှိလာခဲ့ပြီး နောက်တွင် ခရီးသွားဧည့်သည် အပန်းဖြေလာရောက်မှုမှာ သိသိသာသာ ပြောင်းလဲလာခဲ့ကြောင်းလည်း သိရသည်။ ဂီတဖျော်ဖြေပွဲ အစီအစဉ်များကို အခမဲ့ကပြခြင်းဖြစ်ပြီး ဥယျာဉ်အတွင်း ဝင်ရောက်လည်ပတ်သူများအနေဖြင့် ပုံမှန်ဈေးနှုန်းအတိုင်း သတ်မှတ်ထားခြင်းဖြစ်ပြီး ကျောင်းသား ကျောင်းသူများ ကျောင်းအလိုက် လေ့လာရေးခရီးများ လာရောက်လည်ပတ်လျှင် ၃၀ ရာခိုင်နှုန်း လျှော့ချပေးထားကြောင်းလည်း သိရသည်။

ယင်းအကြောင်းအရာနှင့် ပတ်သက်၍ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် နေပြည်တော် တာဝန်ခံအရာရှိ ကိုဝေယံကျော်က "ဖျော်ဖြေပွဲရှိတဲ့ရက်ဆိုရင် လာရောက်အပန်းဖြေတဲ့ ဧည့်သည် ဝင်ရောက်မှုနှုန်းမှာ သာမန်ရက်ထက် အနည်းဆုံး သုံးဆကျော်ပါတယ်။ ပုံမှန် ဧည့်သည်ဝင်ရောက်မှုဦးရေမှာ ငါးရာနှင့် ခြောက်ရာဝန်းကျင်သာရှိပြီး ယခုလို ဖျော်ဖြေပွဲမျိုးနေ့ဆိုရင် အနည်းဆုံး ဦးရေ ၁၅၀၀ ကနေ အများဆုံး ၂၀၀၀ လောက် လာပါတယ်။ ဒီဥယျာဉ်ကိုလာဖို့ ကိုယ်ပိုင်မော်တော်ယာဉ်မရှိတဲ့ ပြည်သူတွေနဲ့ နယ်အဝေးကလာတဲ့ပြည်သူတွေအတွက် သွားလာရခက်မှုကြောင့် ပုံမှန်ရက်တွေမှာ ဧည့်သည် အလာနည်းတယ်။ ကျွန်တော်တို့ဥယျာဉ်က ကားလေးတွေနဲ့ သိုက်ချောင်းလမ်းဆုံအထိ အကြို အပို့ လုပ်တာတွေရှိပါတယ်။ မိုးတွင်းကာလပြီးရင် ဆက်လက်ပြေးဆွဲသွားဖို့ အစီအစဉ် ရှိပါတယ် "ဟု ရှင်းပြသည်။

အမျိုးသားအထိမ်းအမှတ်ဥယျာဉ် နေပြည်တော်သို့ သွားရောက်လည်ပတ်မှုအဆင်ပြေစေရန်အတွက် ယခင်က နေပြည်တော်ကောင်စီ၏ စီစဉ်ပေးမှုဖြင့် ယာဉ်လိုင်းများ ပြေးဆွဲပေးခဲ့သော်လည်း ခရီးသည်လာရောက်မှု နည်းပါးသောကြောင့် ယာဉ်လိုင်းများ ဝင်ရောက်ပြေးဆွဲမှုနည်းခဲ့ကြောင်း သိရသည်။

အမျိုးသားအထိမ်းအမှတ်ဥယျာဉ် နေပြည်တော်သို့ သွားရောက်လည်ပတ်လိုသည့် ပြည်သူများအနေဖြင့် ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင်အမှတ် (၂၅၇/၂) နေပြည်တော် ဇေယျာသီရိမြို့နယ် သိုက်ချောင်းလမ်းဆုံ၏ အရှေ့ဘက် တစ်မိုင်ခန့်အကွာ၌ တည်ရှိပြီး နိုင်ငံတစ်ဝန်းမှ ပြည်သူများအနေဖြင့် မိသားစု၊ သူငယ်ချင်း၊ အပေါင်းအသင်းများဖြင့် ပျော်ပျော်ရွှင်ရွှင် လာရောက် အပန်းဖြေနိုင်ကြောင်း ဖိတ်ခေါ်ဆန္ဒပြုရပါသည်။


ကိုအောင်ကိုမင်း


ဒေါ်အေးအေးမြတ်


မဟေမာနှင်း


ကိုအောင်မျိုးသက်


ကိုဝေယံကျော်

**ဟိန်းထက်ဇော်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-ဇော်ဘီ**

# မြန်မာကုမ္ပဏီတွေ ကြိုတင်ပြင်ဆင်ထားဖို့က မိမိကုမ္ပဏီကို အချက်အလက်နဲ့စီမံခန့်ခွဲမှုတွေ ကောင်းမွန်အောင်ပြင်ဆင်ထားဖို့ပဲ

ဦးသန်းအောင်ကျော်

## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ၏ လုပ်ငန်းတာဝန်များနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ၊ စိန်ခေါ်မှုများ စီးပွားရေးစကားဝိုင်း (အပိုင်း-၅)

### မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပြောင်းလဲမှုအတွက် အကျိုးရလဒ်၊ ရင်းနှီးမြှုပ်နှံသူများ လိုက်နာရမည့် အကြောင်းအရာ၊ လတ်တလောဖြစ်နေသည့် ဒေါ်လာငွေကြေးဈေးကွက်၊ ကမ္ဘာနှင့်မြန်မာစီးပွားရေးအခြေအနေ

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ၏ လုပ်ငန်းတာဝန်များနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ၊ စိန်ခေါ်မှုများ ခေါင်းစဉ်ဖြင့် ကျင်းပသည့် စီးပွားရေး စကားဝိုင်းဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးခဲ့သည်များကို ဆက်လက်ဖော်ပြအပ်ပါသည်။**

**မေး။ ။ ကုမ္ပဏီများ ဥပဒေက မကြာသေးမီက အသက်ဝင်ထားတယ်လို့ သိရပါတယ်။ ဒီဥပဒေရဲ့အကျိုးရလဒ်တွေနဲ့ပတ်သက်ပြီးတော့လည်း ဘယ်လိုရှိတယ်ဆိုတာ ဆရာ ဦးသန်းအောင်ကျော်က ဆက်ပြီးတော့ ဆွေးနွေးပေးပါဦး။**

ဦးသန်းအောင်ကျော် ။ ။ အခုက က လက်ရှိ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေမှာ ထူးခြားတဲ့ ပြောင်းလဲပြဋ္ဌာန်းချက်တွေရှိတယ်။ တစ်အနေနဲ့ အရေးပါတဲ့ ပြောင်းလဲချက်က မြန်မာနိုင်ငံသား ကုမ္ပဏီဆိုတဲ့ အဓိပ္ပာယ်ပါ။ အရင်တုန်းကတော့ မြန်မာနိုင်ငံသားတစ်ယောက်က သူ့ဟာသူလုပ်နေတယ်။ လုပ်နေရင်းနဲ့ သူဟာ နည်းပညာအကူအညီလေး လိုချင်တယ်။ ဒါမှမဟုတ်ရင်လည်း တချို့ marketing (ဈေးကွက်ရှာဖွေရေး) အတွက် သူ့ကို ကူညီပေးမယ့် နိုင်ငံခြားသားတစ်ယောက်လောက် ထည့်ချင်တယ်ဆိုရင်လည်း အဓိပ္ပာယ်ဖွင့်ဆိုချက်အရ နိုင်ငံခြားသားရဲ့ ရှယ်ယာတစ်ခုပါတာနဲ့ နိုင်ငံခြားကုမ္ပဏီဘဝကို ပြောင်းသွားတယ်။ နိုင်ငံခြားကုမ္ပဏီဖြစ်သွားတာနဲ့ နိုင်ငံသားကုမ္ပဏီတွေကိုပဲပေးတဲ့ အခွင့်အလမ်းတွေ သူဆက်လုပ်လို့ လုံးဝမရတော့ဘူး။ သူ့လုပ်ငန်းကို ရပ်ရမလိုဖြစ်သွားတယ်။

**လွတ်လွတ်လပ်လပ်လုပ်နိုင်တယ်လို့ ပြဋ္ဌာန်းထား**

အခု အဲဒါတွေ အကျိုးအကြောင်းတွေ အားလုံး၊ အတွေ့အကြုံတွေနဲ့ချိန်ပြီးတော့ လက်ရှိဥပဒေမှာ နိုင်ငံခြားသားရဲ့ရှယ်ယာ ၃၅ ရာခိုင်နှုန်းလောက်အထိ ပါရင်လည်း ဒါကို နိုင်ငံသားကုမ္ပဏီပဲထားပေးမယ်။ နိုင်ငံသားကုမ္ပဏီရဲ့ လုပ်ပိုင်ခွင့်တွေနဲ့ လုပ်နိုင်တဲ့ဟာတွေ အားလုံးကို လွတ်လွတ်လပ်လပ်လုပ်နိုင်တယ်ဆိုတာကို ပြဋ္ဌာန်းထားတယ်။ ဘာလို့လဲဆိုတော့ ဒီ ၃၅ ရာခိုင်နှုန်းဖြစ်တဲ့အတွက် အုပ်ချုပ်မှုအရ ကြည့်မယ်ဆိုရင်လည်း ကိုယ့်နိုင်ငံသားက ၆၅ ရာခိုင်နှုန်းအထိပါတာလေ။ ဒီကုမ္ပဏီရဲ့အုပ်ချုပ်မှုမှာ ကိုယ့်နိုင်ငံသားက ၆၅ ရာခိုင်နှုန်း အကျိုးစီးပွားနဲ့ ဦးဆောင်မှာပဲ။ ၃၅ ရာခိုင်နှုန်းဆိုတဲ့ ကျွန်တော်တို့ ရည်ရွယ်ချက်ကတော့ တချို့ နည်းပညာနဲ့ပတ်သက်တဲ့ ရှယ်ယာကိစ္စလေးတွေ၊ တချို့က ဈေးကွက်ကျွမ်းတော့ ဈေးကွက်ကို ကူလုပ်ပေးမယ်။ ဒီလိုဟာမျိုးတွေအတွက် အခွင့်အလမ်းကောင်းပါပဲ။ တစ်ကမ္ဘာလုံးကလည်း ကြိုဆိုတယ်။ နိုင်ငံတကာအသိုင်းအဝိုင်းကလည်း ကြိုဆိုပါတယ်။ ဒီလိုသတ်မှတ်ပြဋ္ဌာန်းတာကလည်း ကုန်သည်အသင်းအဖွဲ့တွေနဲ့ အကြိမ်ကြိမ်ဆွေးနွေးပြီးတော့မှ ၃၅ ရာခိုင်နှုန်းကို သင့်လျော်တယ်ဆိုပြီးတော့ ကျွန်တော်တို့ ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ ဒါက နံပါတ်တစ် ထူးခြားချက်ပါ။

ဒုတိယကတော့ အရင်တုန်းက ကုမ္ပဏီထောင်ဖို့ အနည်းဆုံး ရှယ်ယာရှင် နှစ်ယောက်ရှိရတယ်။ အဲဒီတော့ အိမ်မှာ အမျိုးသားဦးဆောင်ပေမယ့် နှစ်ယောက်ဆိုတော့ အမျိုးသမီးနာမည်ထည့်ရတာပေါ့။ ထည့်တဲ့အခါမှာ အမျိုးသမီးက ဘာမှမသိဘူး။ အမျိုးသားကပဲ ဦးဆောင်ပြီးလုပ်နေတာ။ သို့သော်လည်းပဲ ခြေချော် လက်ချော်ရှိလို့ ကုမ္ပဏီမှာ အမှားအယွင်းဖြစ်လာတဲ့အခါမှာ အမျိုးသမီးက ရှယ်ယာရှင်လည်းဖြစ် ဒါရိုက်တာလည်းသွားဖြစ်တဲ့အတွက် ဘာမှမသိဘဲ သူကဝင်ပြီးတော့ တာဝန်ယူရတဲ့ဟာမျိုးတွေရှိလာတယ်။ အခုတော့ ကုမ္ပဏီဥပဒေသစ်မှာ ရှယ်ယာရှင် တစ်ယောက်တည်း၊ ဒါရိုက်တာ တစ်ယောက်တည်းနဲ့ ကုမ္ပဏီထောင်ခွင့်ပေးလိုက်ပါတယ်။ ဒါဟာလည်း ကျွန်တော်တို့ဆီမှာတင် မဟုတ်ဘူး။ ဟောင်ကောင်တို့၊ ဖွံ့ဖြိုးတဲ့နိုင်ငံတော်တော်များများ ဒီအတိုင်းကျင့်သုံးတယ်။ ဒါဟာလည်း ဒုတိယ ထူးခြားချက်ပါ။ အဲဒီတော့ ကုမ္ပဏီထောင်ဖို့ ကိုယ်တစ်ယောက်တည်းဆိုတော့ ကိုယ့်ရဲ့ စိတ်ကြိုက်ဆုံးဖြတ်ပြီးတော့ ဆောင်ရွက်လို့ရနေပြီ။ စိတ်တူကိုယ်တူ သွားခေါ်၊ နောက်မှ စိတ်ဝမ်းကွဲ ပြဿနာဖြစ်တဲ့ဟာမျိုးတွေ ရှောင်နိုင်ပါတယ်။

**ကုမ္ပဏီဖွဲ့စည်းပုံတစ်စောင်တည်း တင်ပြရရင်**

နောက်တစ်ခုကတော့ အရင်တုန်းက ကုမ္ပဏီဆိုရင် အသင်းအဖွဲ့စည်းမျဉ်း အသင်းအဖွဲ့မှတ်တမ်းတွေ ရေးရတယ်။ အခုကျတော့ ကုမ္ပဏီရဲ့ဖွဲ့စည်းအုပ်ချုပ်မယ့်စနစ် ဖွဲ့စည်းပုံတစ်စောင်တည်းကိုသာ တင်ပြလိုက်ရင်ပြီးပြီ။ အရင်တုန်းက ကုမ္ပဏီထောင်ရင် ပြည်စုံတယ်ဆိုရင်တောင် သုံးရက်လောက်အချိန်ယူပြီးမှ ကျွန်တော်တို့ ပေးလိုက်တယ်။ ဒီလိုပေးလိုက်တာတောင်မှ တချို့ကလည်း ကြာတယ်ထင်တာပေါ့။ ပတ်ဝန်းကျင်နိုင်ငံတွေ ကြည့်တော့လည်း ဖွံ့ဖြိုးတဲ့နိုင်ငံတွေ စင်ကာပူတို့၊ ထိုင်းတို့၊ မလေးရှားတို့အားလုံး တော်တော်များများဟာ online registration (အွန်လိုင်းမှတ်ပုံတင်)နဲ့ သွားနေတာဖြစ်တဲ့အတွက် ကျွန်တော်တို့က အခုဆိုရင် တယ်လီဖုန်းထဲကပဲ registration လုပ်တဲ့ ပလက်ဖောင်းကပဲ ကိုယ့်အိမ်ကနေကိုယ် မှတ်ပုံတင်လို့ရတယ်။ ကုမ္ပဏီနဲ့ပတ်သက်တဲ့ ပြင်ဆင်စရာတွေအားလုံးကိုလည်း ရုံးကိုလာစရာမလိုတော့ဘူး။ digital economy (ဒစ်ဂျစ်တယ်စီးပွားရေး) ရဲ့ အရေးကြီးတဲ့ အစိတ်အပိုင်း၊ နောက်တစ်ခါ e-Governance ရဲ့ အရေးကြီးတဲ့ အစိတ်အပိုင်းတစ်ခုကို ဩဂုတ်လတစ်ရက်နေ့ကပဲ ကျွန်တော်တို့ အောင်မြင်စွာလျှောက်လှမ်းခဲ့တယ်။ ဒါကုမ္ပဏီအသစ်ရဲ့ အကြီးမားဆုံးသော ပြောင်းလဲမှုတွေနဲ့ ထူးခြားချက်တွေပဲ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ကုမ္ပဏီငယ်လေးတွေ၊ ကျွန်တော်တို့က ကုမ္ပဏီငယ်လေးတွေကို ဥပမာ ကျွန်တော်တို့ဥပဒေအရတော့ လူ ၃၀၊ သိန်းငါးရာအောက်ကို ကုမ္ပဏီငယ်လေး သတ်မှတ်ထားတယ်။ SME ဥပဒေနဲ့ချိတ်ထားတာ။ ဒီကုမ္ပဏီငယ်လေးတွေက အရင်ဥပဒေအရဆိုရင် သူ့ရဲ့ audit နေ့စဉ် ငွေစာရင်းစစ်ဆေးတဲ့ အစီရင်ခံစာကိုလာတင်ရတယ်။ အဲဒီတော့ သူက audit အဖွဲ့ကို ရေးပေးဖို့ ပိုက်ဆံပေးရတယ်။ သူက မရေးတတ်ဘူး။ နောက်ပြီးတော့ နှစ်ပတ်လည် အစီရင်ခံစာလည်း သူကရေးရတယ်။ အဲဒါမျိုးတွေ လုပ်တဲ့အခါ လုပ်ထုံးလုပ်နည်းစည်းမျဉ်းရဲ့ ဝန်ထုပ်ဝန်ပိုးကို ငယ်ငယ်လေးတွေက၊ သိပ်လည်း ကြီးကြီးမားမား ဟုတ်တာမဟုတ်ပါဘူး။ လူလေးလေး၊ ငါးယောက်နဲ့ လုပ်နေတာ။ သူက အဲဒါကို မလုပ်ချင်တော့ မှတ်ပုံလာမတင်တော့ဘူး။ သူ့ဟာသူ informal ပဲ လုပ်နေတော့ အဲဒါတွေကို ကျွန်တော်တို့က ဒီကုမ္ပဏီဥပဒေအသစ်မှာ တစ်ခါတည်း ဖြေလျှော့ပေးလိုက်တယ်။ လူ ၃၀ အောက်၊ သိန်းငါးရာအောက် လုပ်ငန်းတွေကို ကုမ္ပဏီအသေးလို့ သတ်မှတ်တယ်။ နေ့စဉ်ငွေစာရင်းစစ်ဆေးတဲ့ အစီရင်ခံစာကို ကုမ္ပဏီက နေ့စဉ်သူ့ဟာသူဆွဲ၊ ကျွန်တော်တို့ကိုတင်ပြဖို့ ကင်းလွတ်ခွင့်ပေးလိုက်တယ်။ နောက်တစ်ခါ နှစ်ပတ်လည်အစည်းအဝေး၊ နောက်ပုံမှန်အစည်းအဝေး အဲဒါမျိုးဟာတွေကိုလည်း ကင်းလွတ်ခွင့်ပေးလိုက်တယ်။ အသေးလေးတွေကို တရားဝင်အနေနဲ့ ကုမ္ပဏီထောင်တာလည်း အရင်တုန်းက ၂၀၁၆ မတိုင်ခင်က ၁၀ သိန်း၊ ၂၀၁၆ ဇွန်ကနေ ငါးသိန်း၊ အခုပြီးခဲ့တဲ့ ဧပြီကနေစပြီးတော့ နှစ်သိန်းခွဲအထိ ကျွန်တော်တို့က လျှော့ချထားတယ်။ ပြောချင်တာက လုပ်ငန်းတစ်ခု စထူထောင်ကတည်းက လွယ်လွယ်ကူကူ လျင်လျင်မြန်မြန်နဲ့ ထောင်နိုင်အောင် ဒီဥပဒေသစ်က အစွမ်းကုန်ဖြည့်ဆည်းပေးထားပါတယ်။

ဦးအေးလွင်။ ။ ကျွန်တော် ဘက်လိုက်ပြီး ပြောတာမဟုတ်ဘူး။ အစောပိုင်းမှာပြောခဲ့တဲ့ e-Registration ဆိုတော့ တော်တော်ကောင်းပါတယ်။ MyCO လို့ ခေါ်တယ်။ www.myco.dica.gov.mm ဆိုပြီး အဲဒီထဲကိုဝင်လိုက်ရင် အကုန်လုပ်လို့ရပြီ။ မနေ့ကပဲ ကျွန်တော့် ထိုင်းက မိတ်ဆွေတစ်ယောက်က ကုမ္ပဏီထောင်ခိုင်းလို့ ကျွန်တော် အွန်လိုင်းကနေပြီးတော့ ထောင်ပေးလိုက်တယ်။ ထောင်ပေးလိုက်တဲ့အခါမှာ ငွေပေးချေမှု (Payment) တောင်မှ credit card (အကြွေးဝယ်ကတ်)နဲ့ ပေးခိုင်းတာ၊ credit card ရှိတဲ့အတွက် အလွယ်တကူ ပေးတဲ့အခါမှာ ဒီကုမ္ပဏီမှတ်ပုံတင်သည် မိနစ် ၂၀ အတွင်း ကျလာမယ်။ ဘယ်မှ သွားစရာမလိုဘူး။ ကျန်တဲ့တည်ဆောက်တာတွေတော့ တဖြည်းဖြည်း တည်ဆောက်ရမယ့်အတွက် ကျကျချင်း ရာခိုင်နှုန်းပြည့် ကုမ္ပဏီနော်။ သူ့ကို ကျွန်တော်ပို့လိုက်တဲ့အချိန်မှာ သူ့ဆီက ဒါရိုက်တာစာရင်းတွေ ဘာတွေတော့ တောင်းရတာပေါ့။ တောင်းပြီးတော့ ပို့လိုက်တဲ့အချိန်မှာ မယုံဘူး။ မစ္စတာအေးလွင် ဟုတ်ရဲ့လားတဲ့။ ကျတဲ့မှတ်ပုံတင်ကို သူ့ကို ဓာတ်ပုံရိုက်ပြီးပို့ပေးလိုက်တဲ့အခါမှာ မင်းတို့ မြန်မာပြည် အများကြီးပြောင်းလဲသွားပြီ ။ ငါတို့လာတော့မယ်။ ဒီကိစ္စကို မင်းအသိုင်းအဝိုင်းကိုလည်း ပြောပြလိုက်ပါဆိုတော့ သူ့အသိုင်းအဝိုင်းလည်း သူကြော်ညာတော့မယ်။ ဒါကို ကျွန်တော်တို့ အသိပေးဖို့လိုပါတယ်။ ကုမ္ပဏီဥပဒေသစ်သည် ဒုဿန်ချုပ်ကြီးပြောတဲ့ ဒါရိုက်တာနှစ်ယောက်မလိုဘူး။ တစ်ယောက်တည်းလည်း ထောင်နိုင်တယ်။ ငွေစာရင်းတွေလည်း ကိုယ့်ဟာကိုယ်ထား၊ Audit Report (ငွေစာရင်းစစ်ဆေးမှု) မလိုဘူး။ မလုပ်ချင်လည်းအပ်လို့ရတယ်။ အဲဒီမှာ ကျွန်တော်ပြောချင်တာက ငွေစာရင်းစစ်ဆေးမှုအပေါ်မှာ စီးပွားရေးအရလုပ်နေတဲ့ အသိုင်းအဝိုင်းတစ်ခုက စိုးရိမ်သွားတယ်။ ငါတို့ Auditတွေ အလုပ်ပြုတ်တော့မလား။ မဟုတ်ပါဘူး။ စာရင်းမရှိ အင်းမရှိ တိုင်းပြည်အစား စာရင်းနဲ့ အင်းနဲ့ဖြစ်တဲ့ဟာကို လိုပါသေးတယ်။

**အကျိုးတူပူးပေါင်းဆောင်ရွက်မယ့်သူရှာ**

ဒါကို သူ့ရဲ့ principles (အခြေခံမှု)အရ (audit) ငွေစာရင်းစစ် လိုကိုလိုတယ်။ ဒါကိုလည်း ကျွန်တော်တို့က ကုမ္ပဏီကို အသိပေးပါတယ်။ မလုပ်ရဘူး မဟုတ်ဘူး။ ဒါပေမယ့် ဒါတွေလုပ်ပြီးမှ သက်တမ်းတိုးတာတို့၊ ဒါတွေလုပ်ပြီးမှ မှတ်ပုံတင်တာတို့ မရှိတော့ဘူးဆိုတဲ့ အဓိပ္ပာယ်ကို ပြောပြတာပါ။ အလွယ်တကူ မှတ်ပုံတင်တာကိုလုပ်။ ကိုယ့်ရဲ့ကျင့်ဝတ်အရ လိုက်နာဆောင်ရွက်ရမယ့် ငွေစာရင်းရှင်းတမ်းတို့၊ လိုက်နာဆောင်ရွက်ရမယ့် မှတ်တမ်းမှတ်ရာတို့ကတော့ ကုမ္ပဏီဆိုတာ ထားသင့်တယ်။ ထားမှလည်း ကိုယ့်ရဲ့ ကုမ္ပဏီ ဒီထက်ပိုပြီးကြီးထွားလာတဲ့အခါမှ အကျိုးတူပူးပေါင်းဆောင်ရွက်မယ့်သူကို ရှာလို့ရမယ်။ ဒါတွေကို လုပ်ငန်းရှင်တွေသိပါတယ်။ နားလည်မှုက မလိုဘဲနဲ့ လုပ်စရာမလိုဘူးဆိုတဲ့ အတွေးထဲကို တော်တော်များများ ရောက်သွားတယ်။ လိုတော့လိုတယ်။ လုပ်ပြီး ကိုယ့်ဟာကိုယ်သိမ်းထား၊ သူ့ရဲ့ မှတ်တမ်းကို လိုတယ်ဆိုတဲ့အကြောင်း ဖြည့်ပြောတာပါ။

ဦးဌေးချွန် ။ ။ ဒီကုမ္ပဏီ ဥပဒေအသစ်အရ ဖြည့်စွက်ပြောရရင် FDI Promotion မှာ အများကြီး အထောက်အကူပြုတယ်။ ဘာဖြစ်လို့လဲဆိုတော့ ၃၅ ရာခိုင်နှုန်းသည် နိုင်ငံခြားသားကုမ္ပဏီအဖြစ် အသိအမှတ်ပြုမယ်။ နိုင်ငံခြားကုမ္ပဏီနဲ့ မြန်မာကုမ္ပဏီဆိုတာလည်း ကွဲပြားခြားနားမှုမရှိဘူး။ တည်ထောင်တာလည်းအတူတူပဲ။ ရှယ်ယာတွေ သတ်မှတ်တာလည်း အတူတူပဲ။ ဘာပဲထူးသလဲဆိုရင် အဓိက သုံးချက်ပဲ။ စပြီးတည်ထောင်တဲ့ အချိန်မှာ နိုင်ငံခြားကုမ္ပဏီပါလို့ ကြေညာတယ်။ နောက်တစ်ခုက နိုင်ငံခြားသားရှယ်ယာသည် ၃၅ ရာခိုင်နှုန်း ကျော်သွားရင်

*စာမျက်နှာ ၁၀ သို့*



ဦးသန်းအောင်ကျော်



ဒေါ်မြသူဇာ



ဦးဌေးချွန်



ဦးအေးလွင်

**❑ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်တဲ့နေရာမှာ ဥပဒေမှာလည်း ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုခွင့်ပြုတဲ့ လုပ်ငန်းတွေ၊ ဖက်စပ်အသွင်သဏ္ဌာန်ခွင့်ပြုတဲ့ လုပ်ငန်းတွေ ရှိပါတယ်။ ဖက်စပ်အသွင်သဏ္ဌာန် ခွင့်ပြုတဲ့လုပ်ငန်းတွေဆိုရင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေဆီကနေပြီးတော့ မတည်ငွေရင်း လာမယ်။ နည်းပညာ လာမယ်။ စီမံခန့်ခွဲမှုစွမ်းရည်တွေလာမယ် စသဖြင့် အသင်းအဖွဲ့လိုက် ပူးပေါင်းဆောင်ရွက်မှုလုပ်လို့ ကောင်းတယ်။ အဲဒီတော့ ကိုယ့်ပြည်တွင်းကုမ္ပဏီတွေအနေနဲ့က နိုင်ငံခြားကုမ္ပဏီတွေ လာပြီဆိုရင် ကိုယ့်ကုမ္ပဏီအပေါ်မှာ ယုံကြည်မှုရှိဖို့လိုပါတယ်**

*စာမျက်နှာ ၉ မှ*

နိုင်ငံခြားကုမ္ပဏီလို့ ကြေညာတယ်။ တတိယ တစ်ချက်က နှစ်ပတ်လည်အစည်းအဝေး လုပ်တယ်ဆိုရင် ကြေညာတယ်။ အဲဒီတော့ ဒီသုံးချက်ပဲ လွတ်တယ်။

**ကုမ္ပဏီအုပ်ချုပ်မှုပုံစံကောင်းအောင်လုပ်**

နောက်တစ်ခုက ကုမ္ပဏီဥပဒေမှာ ဘာထူးခြားသွားလဲဆိုရင် အချက်အလက်ကို အခြေခံတဲ့ အုပ်ချုပ်မှုပုံစံ၊ အချက်အလက်ကိုအခြေခံတဲ့ စီမံခန့်ခွဲမှုနဲ့ ပတ်သက်ပြီး စည်းကမ်းတွေ ကောင်းသွားတယ်။ ဒါရိုက်တာအဖွဲ့ဝင်တွေကလည်း အရည်အချင်းပြည့်ဝတဲ့ ဒါရိုက်တာတွေ ဖြစ်ဖို့လိုလာတယ်။ စောင့်ရှောက်ရမယ့်တာဝန်၊ ဖြောင့်မတ်မှန်ကန်တဲ့တာဝန်၊ ထုတ်ဖော်ပေးရမယ့်တာဝန် စသည်ဖြင့် အကုန်လုံးစည်းကမ်းလိုက်နာဖို့ဆိုတဲ့ ပြဋ္ဌာန်းချက်တွေကပါတယ်။ ဒဏ်ကြေးတွေလည်း ပါတယ်။ ဒါရိုက်တာအဖွဲ့က စည်းကမ်းတကျနဲ့ ဒီကုမ္ပဏီရဲ့ အုပ်ချုပ်မှုပုံစံကောင်းအောင် မဖြစ်မနေ လုပ်ဖို့ ဆိုတာ ဥပဒေမှာ ပြဋ္ဌာန်းထားချက်ရှိတယ်။ မြန်မာကုမ္ပဏီတွေအနေနဲ့ အချက်အလက်တွေနဲ့ အုပ်ချုပ်မှုစနစ်ကောင်းမှသာ နိုင်ငံခြားသားက ရေရှည်လာလုပ်ချင်မယ်။ အဲဒီအချက်က FDI Promotion အတွက် အင်မတန်ကောင်းသွားပါတယ်ဆိုတာ ရှင်းလင်းပြောကြားလိုပါတယ်။

**မေး။ ။ ရင်းနှီးမြှုပ်နှံမှုအပိုင်းမှာ နိုင်ငံသားရင်းနှီးမြှုပ်နှံမှု၊ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှု ဒါတွေရှိပါတယ်။ ပြည်တွင်းမှာရှိတဲ့ ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ လိုက်နာရမယ့်အချက်တွေ၊ အကြောင်းအရာတွေကိုလည်း အကြံပြုဆွေးနွေးပေးပါဦး။**

ဦးသန်းအောင်ကျော်။ ။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု လုပ်တဲ့နေရာမှာ ဥပဒေမှာလည်း ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုခွင့်ပြုတဲ့ လုပ်ငန်းတွေ ဖက်စပ်အသွင်သဏ္ဌာန်ခွင့်ပြုတဲ့ လုပ်ငန်းတွေရှိပါတယ်။ ဖက်စပ်အသွင်သဏ္ဌာန် ခွင့်ပြုတဲ့လုပ်ငန်းတွေဆိုရင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေဆီကနေပြီးတော့ မတည်ငွေရင်းလာမယ်။ နည်းပညာလာမယ်။ စီမံခန့်ခွဲမှုစွမ်းရည်တွေလာမယ် စသဖြင့် အသင်းအဖွဲ့လိုက် ပူးပေါင်းဆောင်ရွက်မှုလုပ်လို့ ကောင်းတယ်။ အဲဒီတော့ ကိုယ့်ပြည်တွင်းကုမ္ပဏီတွေအနေနဲ့က နိုင်ငံခြားကုမ္ပဏီတွေလာပြီဆိုရင် ကိုယ့်ကုမ္ပဏီအပေါ်မှာ ယုံကြည်မှုရှိဖို့လိုပါတယ်။ သူတို့ကလာပြီဆိုရင် ဒီအတိုင်းလာမှာ မဟုတ်ဘူး။ ဒီကုမ္ပဏီရဲ့ အချက်အလက်တွေကို သေချာလေ့လာမယ်။ ဘယ်လိုလေ့လာမလဲဆိုရင် ဒီကုမ္ပဏီ သည် ဒါရိုက်တာဘုတ်အဖွဲ့ ဖွဲ့စည်းမှုသည် စနစ်ကျရဲ့လား။ စာရင်းထားတာတွေ စနစ်ကျရဲ့လား။ ခုနက ကျွန်တော်ပြောတဲ့ အချက်အလက်ကို အခြေခံတဲ့ စီမံခန့်ခွဲမှုအဆင့်အတန်းမီရဲ့လားဆိုတဲ့ မေးခွန်းတွေမေးတဲ့အခါမှာ သူတို့မေးခွန်းတွေမေးရုံနဲ့ အချက်အလက်စီမံခန့်ခွဲမှုရှိရုံနဲ့ အဖြေရှိပါတယ်။

အဲဒါနဲ့တိုင်းတာလိုက်ရင် စံချိန်မမီရင် သူတို့သည် အကျိုးတူပူးတွဲဆောင်ရွက်မှုတွေ လုပ်ဖို့လာမှာမဟုတ်ပါဘူး။ အဲဒီတော့ မြန်မာကုမ္ပဏီတွေ ကြိုတင်ပြင်ဆင်ထားဖို့အတွက်က မိမိတို့ကုမ္ပဏီကို အခုအချက်အလက်နဲ့ စီမံခန့်ခွဲမှုတွေကို သေသေချာချာကောင်းမွန်အောင် ပြင်ဆင်ထားဖို့ ဒါမှ အဆင့်အတန်းရှိတဲ့ ကုမ္ပဏီအချင်းချင်းပေါင်းလိုက်ရင်၊ ဂုဏ်သိက္ခာရှိတဲ့ လူချင်းပေါင်းလိုက်ရင်၊ ဂုဏ်သိက္ခာရှိတဲ့ ကုမ္ပဏီတစ်ခု အဆင့်မြင့်စွာထပ်ထွက်လာမှာ။ အဲဒါကြောင့် ကိုယ့်မြန်မာနိုင်ငံသားတွေက မိမိတို့ကုမ္ပဏီကို ပေါ့ပေါ့နေ ပေါ့ပေါ့စားမလုပ်ဘဲနဲ့ စီမံခန့်ခွဲမှု ကောင်းမွန်ရေးအတွက်ဆိုရင် လေ့လာမှုများများလုပ်ရမယ်။ စာဖတ်ရမယ်။ အခုဆိုရင် မြန်မာနိုင်ငံမှာ Myanmar Institute of Director ကလည်းဖွင့်ပြီ။ ထိုင်းနိုင်ငံမှာဆိုရင်လည်း ရှိတယ်။ အဲဒီမှာ အရည်အချင်းပြည့်မီတဲ့ ဒါရိုက်တာတွေ မွေးထုတ်တယ်။

အခု မြန်မာနိုင်ငံမှာလည်း မွေးထုတ်တော့မယ်။ ကုမ္ပဏီဥပဒေကလည်း ပြဋ္ဌာန်းချက်တွေပါပြီးပြီ။ ဒီလိုပေါင်းစပ်လိုက်ရင် မြန်မာကုမ္ပဏီတွေလည်း အချက်အလက်ပေါ်အခြေခံတဲ့ စီမံခန့်ခွဲမှုတွေ ကောင်းလာမယ်။ ဒါ့အပြင် နိုင်ငံခြားကုမ္ပဏီက ဘာလာမလဲ။ သူတို့က ဘာလုပ်ပေးရမလဲလာမှာ။ အကျိုးစီးပွားက နောက်ကလာမှာ။ အလုပ်ကို အရင်လာမယ်။ ဒါကြောင့် ကိုယ်ကလည်းပဲ ဒီလိုလုပ်တဲ့အခါမှာ အစောပိုင်းပြောခဲ့သလို မြေငှားရမ်းခတွေ အများကြီးရမှုလုပ်မယ်ဆိုတာမျိုးမလုပ်ဘဲနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ဆိုတဲ့ စိတ်ဓာတ်တွေလည်း ရှိဖို့လိုတဲ့အကြောင်း ပြောကြားလိုပါတယ်။

ဦးအေးလွင်။ ။ အရင်တုန်းကတော့ တစ်ရာခိုင်နှုန်းပါရင် နိုင်ငံခြားကုမ္ပဏီအဖြစ် သတ်မှတ်လိုက်တယ်။ နိုင်ငံခြားကုမ္ပဏီဖြစ်သွားတာနဲ့ အကျိုးခံစားခွင့်၊ သူ့ရဲ့တာဝန်ခံမှု၊ တာဝန်ယူမှုက တိုင်းရင်းသားနဲ့ မတူဘူး။ နိုင်ငံခြားကုမ္ပဏီဖြစ်တာနဲ့ မီတာခကို ဒေါ်လာနဲ့ကောက်တာတို့ ဒါတွေရှိတယ်။ နိုင်ငံခြားသားပိုင်ဆိုင်မှုအနေနဲ့ အိမ်ငှားလို့မရဘူး၊ မြေငှားလို့မရဘူးဆိုတာတွေရှိတယ်။ မြေလည်း ငှားလို့မရဘူး။ အဆောက်အအုံလည်း ငှားလို့မရဘူးဆိုတာဖြစ်တဲ့အတွက် ဘာတွေဖြစ်လာလဲဆိုတော့ အမည်ခံကုမ္ပဏီတွေဖြစ်လာတယ်။ လုပ်ငန်းလုပ်ချင်တာကိုး။ အခွင့်အရေးကလည်းကောင်းတယ်။ အမည်ခံကုမ္ပဏီကို မျက်စိတစ်ဖက် မှိတ်ပြီးတော့ ခွင့်ပြုခဲ့ရတာတွေရှိတယ်။ အလုပ်အကိုင်အခွင့်အလမ်းရရှိအောင် အားပေးခဲ့ရတာတွေရှိတယ်။

**စီးပွားရေးတစိုက်မတ်မတ်လုပ်ခွင့်ရှိ**

ဒါပေမယ့် ဒီဘက်ခေတ်မှာ ဒီလိုတွေ အားလုံးဖြစ်လာတဲ့အခါမှာ နဂိုတုန်းက အကြောင်းကြောင်းတွေကြောင့် တပည့်နာမည်တွေနဲ့၊ နီးစပ်ရာဆွေမျိုးသားချင်းနာမည်တွေနဲ့လုပ်တဲ့ အလုပ်တွေကို အဲဒီလိုလုပ်တဲ့အတွက် အကျိုးကျေးဇူးက ဆုံးရှုံးတာများတယ်။ အခွန်လည်းမရဘူး။ စာရင်းဇယားလည်းမဝင်ဘူး။ ကျွန်တော်တို့ဆီမှာလည်း မှန်မှန်ကန်ကန် အချက်အလက်တွေ မပြည့်စုံဘူး။ မပြည့်စုံတော့ စီမံကိန်းချတဲ့သူတွေက အဖြေကို ထုတ်လို့မရဘူး။ အဲ့ဒါကြောင့် လာကြပါ။ ပြန်ပြီး တရားဝင်မှတ်ပုံတင်ကြပါ။ အရေးမယူပါဘူး။ ဒဏ်လည်းမချပါဘူး။ အဲဒီအတွက် ပြစ်ဒဏ်လည်းမရှိပါဘူးလို့ MIC က အကြိမ်ပေါင်းများစွာ ကြေညာပါတယ်။ ရာခိုင်နှုန်းတော်တော်များများ လာပါတယ်။ ဒီနေ့အထိ မလာသေးတဲ့သူတွေ ရှိပါတယ်။ ဒါတွေကို ဒီနေရာက ကျွန်တော်ပြောချင်တာ ဥပဒေအသစ် ပေါ်ပေါက်လာတဲ့အခါမှာ ပြန်လည်ချိတ်ဆက်မှုတွေလုပ်ကြပါ။ ဒီဥပဒေအတိုင်း လိုက်နာပြီးတော့ ဥပဒေအတိုင်းနေထိုင်ခြင်းသည် ကျွန်တော်တို့အတွက် ပိုပြီးတော့ အန္တရာယ်လည်းကင်းတယ်။ ပိုပြီးတော့လည်း စီးပွားရေးတွေကို တစိုက်မတ်မတ် လုပ်ခွင့်ရှိတယ်။ တူညီတဲ့ အခွင့်အရေးရတယ်။

**(မှတ်ချက်။ ။ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေနှင့် ဆက်စပ်သည့်အကြောင်းအရာနှင့် အချက်အလက်များကိုသိလိုပါက www.myco.dica.gov.mm တွင် ကြည့်ရှုနိုင်ပါသည်)**

**သတင်း-ရဲခေါင်ညွန့်၊ ဇော်ကြီး၊ ဓာတ်ပုံ-ဖိုးဇော်**

*ဆက်လက်ဖော်ပြပါမည်*

# မြန်မာနိုင်ငံ ကာတွန်းဆရာများအသင်း ရေဘေးကူညီကယ်ဆယ်ရေးအတွက် ရန်ပုံငွေရှာဖွေ



ကာတွန်း မောင်မောင်ဖောင်တိန်



ကာတွန်း ရွှေမင်းသား



ကာတွန်း ငွေကြည်



ကာတွန်း အောက်တိုဘာအောင်ကြီး



ကိုချစ်ဦး(လှိုင်သာယာမြို့နယ်)



မသန္တာရွှေစင်သိန်း(လှိုင်မြို့နယ်)

မြန်မာနိုင်ငံ ကာတွန်းဆရာများအသင်းက ကြီးမှူးကျင်းပသော ရေဘေးကူညီကယ်ဆယ်ရေး ရန်ပုံငွေရှာဖွေပွဲကို ဩဂုတ် ၂၅ ရက် နံနက် ၉ နာရီတွင် ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပသည်။

ရန်ပုံငွေရှာဖွေပွဲတွင် ကာတွန်းဆရာများနှင့် အလှူရှင်ပြည်သူများကို မြန်မာ့သတင်းစဉ်က သွားရောက်မေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

**ကာတွန်းမောင်မောင်ဖောင်တိန်**
**(ပွဲတာဝန်ခံ၊ မြန်မာနိုင်ငံ ကာတွန်းဆရာများအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်)**

ဒီပွဲလုပ်တာ ရည်ရွယ်ချက်နှစ်ခုရှိပါတယ်။ တစ်ခုက ကာတွန်းတွေနဲ့ ပြည်သူကို အသိပညာ သို့မဟုတ် သတိပေးတဲ့အနေနဲ့ ကာတွန်းပြပွဲ လုပ်တာဖြစ်ပါတယ်။ နောက်တစ်ခုက ရေဘေးသင့်ပြည်သူတွေအတွက် ကာတွန်းပညာနဲ့ ဉာဏပစ္စည်းတွေနဲ့ လုပ်အားပေးလှူပြီး ရန်ပုံငွေရှာတဲ့ပွဲ ဖြစ်ပါတယ်။ အဲဒီ နှစ်ခုပါ။ သုံးရက်ရှာတဲ့ ရန်ပုံငွေတွေကို ခုထက်ထိ ဘယ်ဒေသသွားလှူမယ်ဆိုတာ မဆုံးဖြတ်ရသေးပါဘူး။ ရတဲ့ ငွေကြေးပမာဏပေါ်မူတည်ပြီး အချိန်နဲ့ တစ်ပြေးညီ ဘယ်ဒေသက အလိုအပ်ဆုံးဆိုတာ အွန်လိုင်းသတင်းတွေပေါ် ရှာဖွေပြီး အဲဒီဒေသကို ကာတွန်းဆရာတွေကိုယ်တိုင် ကိုယ်ထိလက်ရောက် သွားလှူမှာပါ။ ကမ္ဘာ့အရပ်ရပ်မှာ သဘာဝဘေးအန္တရာယ်ကျရောက်တဲ့အခါ ဘယ်လိုရင်ဆိုင်ဖြေရှင်းကြသလဲ၊ ဘာကြောင့် ကျရောက်သလဲဆိုတာတွေကို ကာတွန်းတွေနဲ့ ပြည်သူတွေကို သတိပေးသလို၊ စာနာနားလည်မှု အတူတကွရှိတာကို ပြသတဲ့သဘောပါပဲ။ ဒီလိုပွဲမျိုးလုပ်ပြီး လှူရတဲ့အတွက် ဝမ်းသာပီတိ ဖြစ်ရပါတယ်။

**ကာတွန်းရွှေမင်းသား**

ရေဘေးသင့်ပြည်သူတွေ ပြန်လည်ထူထောင်ရေးမှာ တစ်ဖက်တစ်လမ်းက တတ်တဲ့ပညာနဲ့ အကျိုးပြုလှူဒါန်းတာဖြစ်ပါတယ်။ တီရှပ်တစ်ထည်ကို ငွေကျပ်ငါးထောင်နှုန်းနဲ့ ပြည်သူတွေကဝယ်ပြီး ကာတွန်းဆရာအသီးသီးက တီရှပ်ပေါ်မှာ နှစ်သက်ရာပုံ သို့မဟုတ် ပြည်သူက ဆွဲခိုင်းတဲ့ပုံတွေ ဆွဲပေးရတာလည်း ရှိပါတယ်။ အနုပညာကို တီရှပ်ပေါ်မှာ ဖန်တီးပေးပါတယ်။ ပြည်သူတွေကလည်း ကျေနပ်စွာ လာရောက်အားပေးပြီး တီရှပ်တွေ ဝယ်ယူလှူဒါန်းကြပါတယ်။ အလှူငွေလှူဒါန်းသူများလည်း ရှိပါတယ်။

**ကာတွန်းငွေကြည်**

ရေဘေးသင့်ပြည်သူတွေ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာ လှူဖို့အတွက် ရန်ပုံငွေရှာဖွေရေးမှာ လုပ်အားလာပေးတာပါ။ ထူထောင်ရေးလုပ်ငန်းမှာ တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးတဲ့အနေနဲ့ ကာတွန်းဆရာတွေက ရန်ပုံငွေရှာပေးတာပါ။ ကျွန်တော်တို့က အနုပညာသမားဆိုတော့ အနုပညာနဲ့ ကူညီထောက်ပံ့ခွင့်ရတာ ဝမ်းသာပီတိ ဖြစ်ရပါတယ်။ မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံးကလည်း ရေဘေးသင့်ပြည်သူများကို တတ်စွမ်းသမျှ ဝိုင်းဝန်းကူညီပေးကြပါလို့ ပြောချင်ပါတယ်။

**ကာတွန်းအောက်တိုဘာအောင်ကြီး**

မြန်မာနိုင်ငံ ကာတွန်းဆရာတွေ စုပေါင်းပြီးတော့ အခုလိုကျင်းပတဲ့ ရေဘေးကယ်ဆယ်ရေးမှာ ကျွန်တော်က ဖျော်ဖြေရေးအနေနဲ့ မနေ့က ဦးရွှေရိုးကခဲ့ပါတယ်။ ဒီနေ့တော့ အိပ်မက်ဆုံရာအဖွဲ့က ဖျော်ဖြေပါတယ်။ ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံ ရေဘေးဒုက္ခရောက်နေတဲ့ပြည်သူတွေကို ကျွန်တော်တို့ လှူဒါန်းတာပါ။ ကာတွန်းအစည်းအရုံးကနေ ဦးစီးကျင်းပတဲ့ ပွဲလေးဖြစ်ပါတယ်။ ကျွန်တော်တို့ ကာတွန်းသမားတွေကလည်း ပုံလေးတွေဆွဲပေးတယ်။ ဖျော်ဖြေရေးတွေလုပ်ကြတယ်၊ လာသမျှ ဧည့်သည်တွေကို တီရှပ်ပေါ်မှာကာတွန်းပုံတွေဆွဲပေးတယ်။ တီရှပ်တစ်ထည် ငွေကျပ်ငါးထောင်နဲ့ ရောင်းပါတယ်။ ကာတွန်းပုံတွေကို ကာတွန်းဆရာ အများကြီးက တစ်ယောက်တစ်ပုံစီ ဝိုင်းဆွဲပေးပါတယ်။ ရေဘေးကယ်ဆယ်ရေးအတွက် တစ်ထောင့်တစ်နေရာကနေ ပါဝင်ကြတာပေါ့။ ဘယ်ဒေသ သွားရောက်လှူမှာလည်း မသိသေးဘူး၊ အစည်းအဝေးထပ်လုပ်ပြီး ဘယ်ကိုလှူသင့်လဲ ဆုံးဖြတ်ပါ့မယ်။ မြန်မာပြည်မှာဖြစ်နေတဲ့ သဘာဝဘေးအန္တရာယ်ကို ကာတွန်းဆရာမှမဟုတ်ဘူး၊ အကုန်လုံးပါဝင်သင့်တယ်။ ပိုက်ဆံမတတ်နိုင်ရင်လည်း လုပ်အားအကူအညီနဲ့ ကာတွန်းဆရာတွေလုပ်တယ်။ ကာတွန်းဆရာတွေ သီးခြားမဟုတ်ဘူး။ ကဗျာဆရာလည်းလာတယ်၊ ပန်းချီဆရာလည်းလာတယ်။ ကျွန်တော်တို့ အကျိုးအတွက် မဟုတ်ဘူး။ ရေဘေးသင့်တဲ့ပြည်သူတွေအတွက် လှူမှာ၊ အဲဒီ ရည်ရွယ်ချက်နဲ့ပါ။ လာသမျှပြည်သူတွေကို ဖိတ်ခေါ်ပါတယ်။ မန္တလေး၊ ရန်ကုန် တစ်ပြိုင်တည်းလုပ်တယ်။ ကာတွန်းအသိုင်းအဝိုင်းတွေပါ။ ရန်ကုန်ကတော့ ရန်ကုန်အခြေစိုက် ကာတွန်းဆရာတွေ လုပ်တာပါ။ ခွဲခြားမှုမရှိပါဘူး။ အားလုံးကတော့ ရေဘေးသင့်ပြည်သူတွေအတွက် ကူညီဖို့ပါပဲ။

**ကိုချစ်ဦး(လှိုင်သာယာမြို့နယ်)**

ကျွန်တော့်သားမွေးနေ့မှာ ဒီကာတွန်းပြပွဲကိုလာတာပါ။ သားမွေးနေ့အတွက် အလှူတစ်ခုလာလုပ်တာပါ၊ ကျွန်တော် ဒီလိုပရဟိတ အလှူလာလုပ်တဲ့အတွက် ဝမ်းသာပါတယ်။ ဒီထက်မကလည်း လှူချင်ပါတယ်။ ရေဘေးသင့်ပြည်သူတွေအတွက် ရေဘေးကျရောက်ဒေသတွေကို သွားရောက်လှူဒါန်းရတဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။ ကာတွန်းဆရာတွေ ကိုယ်တိုင်ကလည်း ကာတွန်းပန်းချီများဖြင့် တီရှပ်အင်္ကျီတွေမှာ ပုံဆွဲပေးပါတယ်။ ဒီလို စည်စည်ကားကား တွေ့ရတဲ့အတွက် ဝမ်းသာပါတယ်။ ဒီတီရှပ်လေးဝတ်ထားတာကို ပြည်သူတွေ တွေ့သွားရင် လှူလို့ရတယ်ဆိုတာ ဒီဆန္ဒလေးတစ်ခုနဲ့ ဝတ်ထားတာပါ။

**မသန္တာရွှေစင်သိန်း (လှိုင်မြို့နယ်)**

သမီးက ကာတွန်းဝါသနာပါတယ်။ ကာတွန်းဆရာတွေ ပရဟိတအလှူပွဲလည်းဖြစ်တဲ့အတွက် သမီးကိုယ်တိုင်လာရောက်တာပါ။ ကာတွန်းဆရာတွေကိုယ်တိုင် ရေးဆွဲပေးတာဖြစ်တဲ့အတွက် သမီးလာခဲ့တာပါ။ သဘောကျတဲ့ဆရာကြီးတွေကိုလည်း တွေ့ချင်လို့ လာရောက်ခဲ့တာ ဖြစ်ပါတယ်။ စိတ်ထဲမှာ ဝမ်းသာကြည်နူးမိပါတယ်။ လူငယ်တွေအနေနဲ့လည်း ကာတွန်းရယ်မဟုတ်ဘူး။ စာအုပ်စာပေနဲ့ပတ်သက်ပြီး များများ ဗဟုသုတရစေချင်ပါတယ်။ လူငယ်တွေကို လာစေချင်ပါတယ်။

မြန်မာနိုင်ငံ ကာတွန်းဆရာများအသင်းက ကြီးမှူးကျင်းပသော ရေဘေးကူညီကယ်ဆယ်ရေး ရန်ပုံငွေရှာဖွေပွဲကို ဩဂုတ် ၂၄၊ ၂၅၊ ၂၆ ရက်များတွင် နံနက် ၉ နာရီမှ ညနေ ၆ နာရီထိ ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံရှေ့၌လည်းကောင်း၊ မန္တလေးမြို့ ၂၆ လမ်း၊ ၆၆× ၆၈ လမ်းကြားတို့၌ တစ်ပြိုင်တည်း ကျင်းပလျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံရှေ့၌ ကာတွန်းဆရာ ၁၇၀ ကျော်၏ ကာတွန်းပုံပေါင်း ၁၇၀ ကျော်ကို ပြသထားသည်။

**တွေ့ဆုံမေးမြန်း - ရီရီမြင့်၊ ဥမ္မာသန့်**
**ဓာတ်ပုံ-ကိုရဲ**

# တနင်္သာရီ၌ မြစ်ရေကြီးမှုကြောင့် ယာယီပိတ်ထားရသည့် ကျောင်း ၄၈ ကျောင်းအနက် ၂၂ ကျောင်း ပြန်လည်ဖွင့်လှစ်

**တနင်္သာရီ ဩဂုတ် ၂၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ်တွင် တတိယအကြိမ် တနင်္သာရီမြစ်ရေကြီးပြီး ရပ်ကွက်/ကျေးရွာဒေသအသီးသီးတို့၌ ရေကြီးရေလျှံမှုများကြောင့် ကျောင်းနေအရွယ်ကလေးငယ်များ အန္တရာယ်မဖြစ်စေရန် ဩဂုတ် ၂၀ ရက် ညနေ ၄ နာရီမှစ၍ အခြေခံပညာကျောင်းပေါင်း ၄၀ နှင့် နောက်ဆက်တွဲရှစ်ကျောင်း စုစုပေါင်းကျောင်း ၄၈ ကျောင်းကို မြစ်ရေကြီးနေစဉ်ကာအတွင်း ယာယီပိတ်ထားခဲ့ရသဖြင့် ဩဂုတ် ၂၅ ရက် မွန်းတည့် ၁၂ နာရီတွင် ၎င်းမြစ်ရေမှာ အမြင့်ဆုံးရေအမှတ် ၂၇ ပေ ၃ လက်မမှ ၁၉ ပေ ၂ လက်မအထိ တဖြည်းဖြည်း ပြန်လည်ကျဆင်းပြီဖြစ်သဖြင့် ယနေ့နံနက်ပိုင်းအထိ အခြေခံပညာကျောင်း ၂၂ ကျောင်းကို ပြန်လည်ဖွင့်လှစ်နိုင်ပြီး ကျန်သည့်အခြေခံပညာကျောင်း ၂၆ ကျောင်းအား မြစ်ရေအခြေအနေကို ဆက်လက်စောင့်ကြည့်ပြီးမှသာ ပြန်လည်ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

သို့ဖြစ်၍ ယာယီပိတ်ထားရသော အခြေခံပညာကျောင်းပေါင်း ၄၈ ကျောင်းအနက် ယနေ့အထိ မြစ်ရေသည် ၁၉ ပေ ၂ လက်မအထိ ရှိနေသေးသဖြင့် အထက်တန်းကျောင်း နှစ်ကျောင်း၊ အထက်တန်းကျောင်းခွဲ နှစ်ကျောင်း၊ အလယ်တန်းကျောင်း နှစ်ကျောင်း၊ အလယ်တန်းကျောင်းခွဲ နှစ်ကျောင်း၊ မူလွန်သုံးကျောင်း၊ မူလတန်းကျောင်း ၁၅ ကျောင်း စုစုပေါင်း ၂၆ ကျောင်း ပြန်လည်ဖွင့်လှစ်ရန် ကျန်ရှိနေခြင်းဖြစ်သည်။

တနင်္သာရီမြို့နယ်တွင် အထက ငါးကျောင်း၊ အထက(ခွဲ) ခုနစ်ကျောင်း၊ အလက ၁၀ ကျောင်း၊ အလက(ခွဲ) ကိုးကျောင်း၊ မူလတန်းလွန်ကျောင်း ၁၉ ကျောင်း၊ အမက ၇၅ ကျောင်း၊ အမက(ခွဲ) ၁၁ ကျောင်းနှင့် ဘုန်းတော်ကြီးပညာသင်ကျောင်း နှစ်ကျောင်း စုစုပေါင်းကျောင်း ၁၃၈ ကျောင်းရှိကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# ငဝန်မြစ်ရေ သာပေါင်းမြို့တွင် စိုးရိမ်ရေမှတ်ရောက်နိုင်

**နေပြည်တော် ဩဂုတ် ၂၅**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် သာပေါင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်လက်မခန့်တွင် ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ပါသည်။

သို့ဖြစ်ပါ၍ သာပေါင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ ဆည်/တမံများ၏ ရေပိုလွှဲမှ ရေကျော်ကျမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၂၅**

တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တည်ရှိသည့် ဆည်/တမံများအနက် အချို့သော ဆည်/တမံများမှာ မိုးရွာသွန်းမှု အားကောင်း၍ သတ်မှတ်ကန်ရေပြည့် ပမာဏကျော်လွန်ကာ ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိသည်။

ထိုကဲ့သို့ ရေပိုလွှဲမှ ရေကျော်ကျခြင်းကြောင့် တစ်စုံတစ်ရာ စိုးရိမ်စရာမရှိကြောင်းနှင့် ရေပိုလွှဲမှရေကျော်ကျခြင်းမှာ မူလဆည်/တမံများ၏ ရေသိုလှောင်မှုပမာဏ ပြည့်မီသွားခြင်းကြောင့် ပိုလျှံသောရေကို ရေပိုလွှဲမှတစ်ဆင့် မူလချောင်းထဲသို့ ပြန်လည်ထုတ်လွှတ်စီးဝင်စေခြင်းသာဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ယနေ့တွင် သတ်မှတ်ကန်ရေပြည့်အမှတ် ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်ကျသည့် ဆည်/တမံ ၅၅ ခုရှိခဲ့ပြီး အဆိုပါ ရေပိုလွှဲမှ ရေကျော်ကျသည့် ဆည်/တမံ ၅၅ ခုမှာ အောက်ပါအတိုင်းဖြစ်သည် -

**၂၅ . ၈ . ၂၀၁၈ ရက်နေ့ ရေပိုလွှဲမှ ရေကျော်သည့် ဆည်ကန်များစာရင်း**

နေ့စွဲ - ၂၅ . ၈ . ၂၀၁၈
(၀၆:၀၀)နာရီ ရေအမှတ်

| စဉ် | ဆည်အမည် | တည်နေရာ (ခရိုင်/မြို့နယ်) | ကန်ရေပြည့် (ပေ) ကန်ရေသေ (ပေ) | ရေလှောင်ပမာဏ (ဧကပေ) | ရေအနက် (ပေ) | ရေလှောင်ပမာဏ (ဧကပေ) | မိုးရေချိန် (လက်မ) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | **ကရင်ပြည်နယ်** | | | | | | |
| ၁ | ရေဘုတ်ရေလှောင်တမံ | ဘားအံခရိုင် | ၃၆ | ၂၈၄၇၄ | ၃၇.၇၅ | ၃၂၉၆၆ | ၂.၇၂ | (၁.၇၅)ပေ |
| | | လှိုင်းဘွဲ့မြို့ | ၁၉ | ၂၃၇၆ | | | | ရေကျော် |
| | | **ချင်းပြည်နယ်** | | | | | | |
| ၂ | လိုင်ဗားရေလှောင်တမံ | ဖလမ်းခရိုင်/ | ၆၈.၈၀ | ၁၈၈၁ | ၆၉.၁၀ | ၁၉၀၂ | ၀.၀၅ | (၀.၃၀)ပေ |
| | | ဖလမ်းမြို့ | ၂၆ | ၁၀၃ | | | | ရေကျော် |
| ၃ | သီကီရ်ရေလှောင်တမံ | ဟားခါးခရိုင်/ | ၆၅ | ၁၃၆၅ | ၆၅.၁၅ | ၁၃၇၂ | ၀.၂၅ | (၀.၁၅)ပေ |
| | | ထန်တလန်မြို့ | ၁၅ | ၇၅ | | | | ရေကျော် |
| | | **စစ်ကိုင်းတိုင်းဒေသကြီး** | | | | | | |
| ၄ | မြောက်ယမားရေလှောင်တမံ | ယင်းမာပင်ခရိုင်/ | ၅၄ | ၁၄၀၅၇ | ၅၄.၁၀ | ၁၄၁၂၂ | ၁.၅၀ | (၀.၁၀)ပေ |
| | | ပုလဲမြို့ | ၂၉ | ၂၈၃၆ | | | | ရေကျော် |
| ၅ | မြောက်ယမားရေကူ ရေလှောင်တမံ | ယင်းမာပင်ခရိုင်/ | ၁၂၀ | ၁၂၂၉၀၀ | ၁၂၂.၀၀ | ၁၂၆၈၈၄ | ၀.၄၀ | (၁.၀၀)ပေ |
| | | ပုလဲမြို့ | ၇၉ | ၂၁၂၄၀ | | | | ရေကျော် |
| ၆ | ကန်ဒေါင့်ရေလှောင်တမံ | မုံရွာခရိုင်/ | ၇၃ | ၇၁၉ | ၇၃.၄၀ | ၇၄၄ | ၀.၃၅ | (၀.၄၀)ပေ |
| | | ပုလဲမြို့ | ၆၂ | ၁၈၀ | | | | ရေကျော် |
| ၇ | ရာဇဗြိုလ်ရေလှောင်တမံ | ကလေးခရိုင်/ | ၁၄၅ | ၅၂၀၀၀ | ၁၄၇.၁၀ | ၅၃၉၉၅ | - | (၂.၁၀)ပေ |
| | | ကလေးမြို့ | ၈၅ | ၈၀၀၀ | | | | ရေကျော် |
| | | **ပဲခူးတိုင်းဒေသကြီး (အရှေ့)** | | | | | | |
| ၈ | ပယိရေလှောင်တမံ | တောင်ငူခရိုင်/ | ၈၀ | ၃၀၅၀၀ | ၈၀.၈၀ | ၃၁၂၆၀ | ၀.၉၀ | (၀.၈၀)ပေ |
| | | တောင်ငူမြို့ | ၂၅.၆ | ၁၅၀၅ | | | | ရေကျော် |
| ၉ | မင်းရဲရေလှောင်တမံ | တောင်ငူခရိုင်/ | ၃၈ | ၂၃၅၀ | ၃၈.၃၀ | ၂၃၈၀ | - | (၀.၃၀)ပေ |
| | | အုတ်တွင်းမြို့ | ၂၅ | ၅၀၀ | | | | ရေကျော် |
| ၁၀ | ငမြွေရေလှောင်တမံ | တောင်ငူခရိုင်/ | ၄၆ | ၂၃၈၀ | ၄၆.၂၀ | ၂၄၀၈ | ၁.၀၀ | (၀.၂၀)ပေ |
| | | ဖြူးမြို့ | ၂၇.၅ | ၃၅၀ | | | | ရေကျော် |
| ၁၁ | ဖြူးချောင်းရေလှောင်တမံ | တောင်ငူခရိုင်/ | ၂၁၉ | ၆၃၂၅၃၃ | ၂၂၂.၂၀ | ၆၈၂၂၇၃ | ၀.၃၉ | (၃.၂၀)ပေ |
| | | ဖြူးမြို့ | ၁၀၆.၆ | ၂၉၉၄၉ | | | | ရေကျော် |
| ၁၂ | ရဲနွယ်ရေလှောင်တမံ | ပဲခူးခရိုင်/ | ၂၀၅ | ၉၃၁၈၀၀ | ၂၀၉.၅၀ | ၁၀၁၉၆၁၃ | ၂.၆၇ | (၄.၅၀)ပေ |
| | | ကျောက်တံခါးမြို့ | ၈၈.၂ | ၃၄၉၀၀ | | | | ရေကျော် |
| ၁၃ | ဘောနီရေလှောင်တမံ | ပဲခူးခရိုင်/ | ၇၃ | ၃၅၂၀၀ | ၇၄.၆၀ | ၃၇၇၆၀ | ၃.၉၈ | (၁.၆၀)ပေ |
| | | ဒိုက်ဦးမြို့ | ၃၃ | ၂၄၀၀ | | | | ရေကျော် |
| ၁၄ | ပျဉ်ပုံကြီးရေလှောင်တမံ | ပဲခူးခရိုင်/ | ၄၀ | ၁၁၁၃၀ | ၄၁.၆၀ | ၁၁၆၈၅ | ၂.၀၀ | (၁.၆၀)ပေ |
| | | ဒိုက်ဦးမြို့ | ၈ | ၁၄၂၈ | | | | ရေကျော် |
| ၁၅ | မဇင်းရေလှောင်တမံ | ပဲခူးခရိုင်/ | ၅၂ | ၂၆၁၈၆ | ၅၃.၆၀ | ၂၈၄၄၈ | ၀.၁၂ | (၁.၆၀)ပေ |
| | | ပဲခူးမြို့ | ၂၅ | ၂၄၇၆ | | | | ရေကျော် |
| ၁၆ | ဇလက်ထော်ရေလှောင်တမံ | ပဲခူးခရိုင်/ | ၃၉.၅ | ၁၈၉၁၂ | ၄၁.၂၀ | ၂၀၉၄၅ | ၁.၅၇ | (၁.၇၀)ပေ |
| | | ပဲခူးမြို့ | ၁၂.၅ | ၇၅၀ | | | | ရေကျော် |
| ၁၇ | ရွှေပြည် (၃)ရေလှောင်တမံ | ပဲခူးခရိုင်/ | ၂၈ | ၃၇၀၀ | ၂၈.၇၀ | ၄၀၁၀ | - | (၀.၇၀)ပေ |
| | | ပဲခူးမြို့ | ၈ | ၄၀ | | | | ရေကျော် |
| ၁၈ | ကိုဒွကွဲရေလှောင်တမံ | ပဲခူးခရိုင်/ | ၈၀ | ၁၄၈၃၆၄ | ၈၁.၆၀ | ၁၅၈၉၆၁ | ၃.၆၀ | (၁.၆၀)ပေ |
| | | ပဲခူးမြို့ | ၃၅ | ၁၀၁၈၅ | | | | ရေကျော် |
| | | **ပဲခူးတိုင်းဒေသကြီး (အနောက်)** | | | | | | |
| ၁၉ | တောင်နဝင်းရေထိန်းတမံ | ပြည်ခရိုင်/ | ၃၆ | ၂၁၀၉၆ | ၃၇.၈၁ | ၂၇၃၆၃ | ၂.၀၂ | (၁.၈၁)ပေ |
| | | ပေါက်ခေါင်းမြို့ | ၂၉.၄၄ | ၁၀၅၄၉ | | | | ရေကျော် |
| ၂၀ | ဝဲကြီးရေလှောင်တမံ | ပြည်ခရိုင်/ | ၁၀၂ | ၂၅၂၀၀၀ | ၁၀၄.၄၀ | ၂၇၈၅၀၀ | ၀.၂၈ | (၂.၄၀)ပေ |
| | | ပေါင်းတည်မြို့ | ၇၀ | ၂၅၀၀၀ | | | | ရေကျော် |
| ၂၁ | ညောင်ကိုင်းရေလှောင်တမံ | ပြည်ခရိုင်/ | ၄၈ | ၁၇၅၉၄ | ၄၉.၀၀ | ၁၉၂၆၄ | ၀.၆၀ | (၁.၀၀)ပေ |
| | | ပန်းတောင်းမြို့ | ၂၆ | ၃၀၀၁ | | | | ရေကျော် |
| ၂၂ | တောင်ညိုရေလှောင်တမံ | သာယာဝတီခရိုင်/ | ၉၅ | ၂၁၀၀၀၀ | ၉၆.၉၀ | ၂၂၇၀၀၀ | - | (၁.၉၀)ပေ |
| | | နတ္တလင်းမြို့ | ၅၇.၅ | ၂၁၉၅၀ | | | | ရေကျော် |
| ၂၃ | ဘော်တင်ရေလှောင်တမံ (၂) (ဘော်ဘင်ချောင်း) | သာယာဝတီခရိုင်/ | ၁၀၀ | ၂၆၅၈၈ | ၁၀၁.၀၀ | ၂၇၅၆၈ | ၁.၁၈ | (၁.၀၀)ပေ |
| | | ဇီးကုန်းမြို့ | ၆၅ | ၅၈၄၂ | | | | ရေကျော် |
| ၂၄ | ကံတင်ဘီးလင်းရေလှောင်တမံ | သာယာဝတီခရိုင်/ | ၁၀၅ | ၁၃၄၁၇၅ | ၁၀၆.၃၀ | ၁၄၀၄၉၇ | ၁.၄၀ | (၁.၃၀)ပေ |
| | | မင်းလှမြို့ | ၅၅ | ၇၅၇၈ | | | | ရေကျော် |
| ၂၅ | သဲကောရေလှောင်တမံ | သာယာဝတီခရိုင်/ | ၆၆ | ၅၂၅၀၀ | ၆၈.၈၀ | ၆၉၄၅၀ | ၂.၉၄ | (၂.၈၀)ပေ |
| | | လက်ပံတန်းမြို့ | ၄၀ | ၄၁၂၀ | | | | ရေကျော် |
| ၂၆ | မုက္ခာရေလှောင်တမံ | သာယာဝတီခရိုင်/ | ၆၄ | ၂၄၁၁၂ | ၆၅.၀၀ | ၂၅၃၃၂ | ၂.၀၀ | (၁.၀၀)ပေ |
| | | မင်းလှမြို့ | ၃၄ | ၁၈၆၁ | | | | ရေကျော် |
| | | **မကွေးတိုင်းဒေသကြီး** | | | | | | |
| ၂၇ | မြစ်သာရေလှောင်တမံ | ဂန့်ဂေါခရိုင်/ | ၁၈၅ | ၃၇၇၆၀၀ | ၁၈၆.၀၀ | ၃၈၄၁၈၀ | - | (၁.၀၀)ပေ |
| | | ဂန့်ဂေါမြို့ | ၁၃၅ | ၁၅၂၉၁၅ | | | | ရေကျော် |
| ၂၈ | စလင်းရေလှောင်တမံ | မင်းဘူးခရိုင်/ | ၂၀၃ | ၁၃၃၀၀၀ | ၂၀၅.၃၀ | ၁၃၉၀၀၉ | ၀.၁၁ | (၂.၃၀)ပေ |
| | | စလင်းမြို့ | ၉၃ | ၁၆၂၅၉ | | | | ရေကျော် |
| ၂၉ | မုန်းချောင်းရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၄၀ | ၆၂၀၉၀၀ | ၁၄၄.၁၀ | ၆၆၄၂၃၇ | ၀.၀၄ | (၄.၁၀)ပေ |
| | | စေတုတ္တရာမြို့ | ၆၀ | ၉၂၅၀၀ | | | | ရေကျော် |
| ၃၀ | မန်းချောင်းရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၂၀ | ၁၂၀၀၀၀ | ၁၂၁.၃၀ | ၁၂၄၆၀၀ | ၀.၇၅ | (၁.၃၀)ပေ |
| | | ငဖဲမြို့ | ၆၀ | ၁၀၅၀၀ | | | | ရေကျော် |
| ၃၁ | ကြီးအုံကြီးဝရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၂၃.၅ | ၃၀၂၇၀၀ | ၁၂၈.၇၀ | ၃၅၁၅၈၀ | - | (၅.၂၀)ပေ |
| | | ပွင့်ဖြူ | ၅၆ | ၂၄၃၇၂ | | | | ရေကျော် |
| ၃၂ | ဘွက်ကြီးရေလှောင်တမံ | သရက်ခရိုင်/ | ၉၅ | ၇၃၁၉၂ | ၉၅.၆၀ | ၇၄၉၄ | ၀.၅၅ | (၀.၆၀)ပေ |
| | | အောင်လံမြို့ | ၆၁ | ၁၇၆၁၅ | | | | ရေကျော် |
| ၃၃ | မဒေးရေလှောင်တမံ | သရက်ခရိုင်/ | ၁၃၈ | ၅၃၉၀၈ | ၁၃၈.၅၀ | ၅၄၃၄၄ | ၀.၇၆ | (၀.၅၀)ပေ |
| | | ကံမမြို့ | ၇၄ | ၁၀၂၁၀ | | | | ရေကျော် |
| | | **မွန်ပြည်နယ်** | | | | | | |
| ၃၄ | ဝါးပါးရေလှောင်တမံ | သထုံခရိုင်/ | ၆၁ | ၄၁၅၀ | ၆၁.၅၀ | ၄၂၂၈ | ၄.၀၄ | (၀.၅၀)ပေ |
| | | သထုံမြို့ | ၁၇ | ၁၇၃ | | | | ရေကျော် |
| ၃၅ | ကတိုက်ရေလှောင်တမံ | သထုံခရိုင်/ | ၁၂၃ | ၅၄၀၉၂ | ၁၂၄.၁၀ | ၅၅၁၃၈ | ၅.၈၂ | (၁.၁၀)ပေ |
| | | ပေါင်မြို့ | ၂၆ | ၁၁၇၅ | | | | ရေကျော် |
| ၃၆ | ရွှေနတ်တောင် ရေလှောင်တမံ | မော်လမြိုင်ခရိုင်/ | ၇၄ | ၅၂၅၀ | ၇၅.၁၅ | ၅၄၅၄ | ၃.၉၃ | (၁.၁၅)ပေ |
| | | မော်လမြိုင်မြို့ | ၃၄ | ၉၁၀ | | | | ရေကျော် |
| ၃၇ | အဇင်းရေလှောင်တမံ | မော်လမြိုင်ခရိုင်/ | ၈၂.၈ | ၁၅၄၂၇ | ၈၃.၀၀ | ၁၅၅၂၇ | ၁.၈၆ | (၀.၂၀)ပေ |
| | | မုဒုံမြို့ | ၂၅.၅ | ၁၂၆ | | | | ရေကျော် |
| | | **ရခိုင်ပြည်နယ်** | | | | | | |
| ၃၈ | ပြိုင်းချောင်းရေလှောင်တမံ | စစ်တွေခရိုင်/ | ၉၆ | ၂၅၂၀၅ | ၉၈.၂၀ | ၂၆၃၀၅ | ၀.၃၀ | (၂.၂၀)ပေ |
| | | ကျောက်တော်မြို့ | ၂၆ | ၁၀၅၄ | | | | ရေကျော် |
| ၃၉ | ကြိုးကြာကွင်းရေလှောင်တမံ | သံတွဲခရိုင်/ | ၄၀ | ၅၂၉ | ၄၀.၃၀ | ၅၃၆ | - | (၀.၃၀)ပေ |
| | | ဆောင်ကုတ်မြို့ | ၁၁ | ၇ | | | | ရေကျော် |
| ၄၀ | ရဟိုင်းကွင်းရေလှောင်တမံ | သံတွဲခရိုင်/ | ၄၀.၆ | ၆၂၅ | ၄၁.၃၀ | ၆၆၀ | - | (၀.၇၀)ပေ |
| | | ဂွမြို့ | ၁၃.၆၀ | ၄၇ | | | | ရေကျော် |
| ၄၁ | ဇီးဖြူကုန်းရေလှောင်တမံ | သံတွဲခရိုင်/ | ၂၇ | ၄၃၀ | ၂၇.၈၀ | ၄၅၄ | - | (၀.၈၀)ပေ |
| | | သံတွဲမြို့ | ၆ | ၂၂ | | | | ရေကျော် |
| ၄၂ | ငပလီရေလှောင်တမံ | သံတွဲခရိုင်/ | ၄၄ | ၁၄၇၀ | ၄၄.၃၀ | ၁၄၉၁ | - | (၀.၃၀)ပေ |
| | | သံတွဲမြို့ | ၉ | ၇၀ | | | | ရေကျော် |
| ၄၃ | မင်းသားချောင်းရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၁၇ | ၁၆၅၀ | ၁၇.၂၀ | ၁၆၅၄ | - | (၀.၂၀)ပေ |
| | | ကျောက်တော်မြို့ | ၁ | ၂၀ | | | | ရေကျော် |
| ၄၄ | ဂရင်ဂျိုင်ရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၂၆ | ၆၅ | ၂၆.၃၀ | ၆၇.၀၀ | - | (၀.၃၀)ပေ |
| | | မင်းပြားမြို့ | ၁၂ | ၅ | | | | ရေကျော် |
| ၄၅ | ကြက်တက်ရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၃၀ | ၁၂၁ | ၃၂.၇၀ | ၁၄၈ | - | (၂.၇၀)ပေ |
| | | မင်းပြားမြို့ | ၁၀ | ၉ | | | | ရေကျော် |
| ၄၆ | ချောက်ချောင်း ရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၄၃ | ၁၁၄၀ | ၄၃.၅၀ | ၁၁၇၁ | ၀.၂၀ | (၀.၅၀)ပေ |
| | | ကျောက်တော်မြို့ | ၁၇ | ၁၂၀ | | | | ရေကျော် |
| | | **ရန်ကုန်တိုင်းဒေသကြီး** | | | | | | |
| ၄၇ | မဟူရာ (ငမိုးရိပ်)ရေကူ ရေလှောင်တမံ | ရန်ကုန် (မြောက်ပိုင်း)ခရိုင်/ | ၉၀ | ၅၃၉၉၂ | ၉၁.၉၀ | ၅၇၆၀၅ | ၀.၈၀ | (၁.၉၀)ပေ |
| | | လှည်းကူးမြို့ | ၃၄ | ၂၅၀၀ | | | | ရေကျော် |
| ၄၈ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ရန်ကုန် (တောင်ပိုင်း)ခရိုင်/ | ၁၃ | ၁၇၃၅ | ၁၃.၇၀ | ၁၈၈၉ | ၀.၅၀ | (၀.၇၀)ပေ |
| | | သန်လျင်မြို့ | ၂.၅၀ | ၁၅၀ | | | | ရေကျော် |
| ၄၉ | ဓာမဏီအင်းရေလှောင်တမံ | ရန်ကုန် (တောင်ပိုင်း)ခရိုင်/ | ၁၂ | ၅၃၆၄ | ၁၃.၀၀ | ၆၀၇၁ | ၀.၅၉ | (၁.၀၀)ပေ |
| | | သန်လျင်မြို့ | ၂ | ၃၂၆ | | | | ရေကျော် |
| | | **ရှမ်းပြည်နယ် (မြောက်ပိုင်း)** | | | | | | |
| ၅၀ | မိုးရင်ရေလှောင်တမံ | ကျောက်မဲခရိုင်/ | ၈၆ | ၂၅၉၀၀ | ၈၆.၇၅ | ၂၆၇၂၆ | - | (၀.၇၅)ပေ |
| | | နမ္မတူမြို့ | ၅၆ | ၅၃၈၅ | | | | ရေကျော် |
| ၅၁ | ကောက်ကွေ့ရေလှောင်တမံ | လားရှိုးခရိုင်/ | ၁၀၆ | ၅၀၃၄ | ၁၀၆.၂၀ | ၅၀၆၇ | ၀.၅၅ | (၀.၂၀)ပေ |
| | | လားရှိုးမြို့ | ၃၄ | ၂၀၇ | | | | ရေကျော် |
| ၅၂ | ဟူးမွန်ရေလှောင်တမံ | လားရှိုးခရိုင်/ | ၇၂ | ၂၀၂၅ | ၇၂.၁၅ | ၂၀၃၈ | ၀.၅၅ | (၀.၁၅)ပေ |
| | | လားရှိုးမြို့ | ၃၀ | ၁၈၀ | | | | ရေကျော် |
| | | **ဧရာဝတီတိုင်းဒေသကြီး** | | | | | | |
| ၅၃ | ကွန်ချောင်းရေလှောင်တမံ | ဟသ်ာတခရိုင်/ | ၁၂၅ | ၉၈၄၀၀ | ၁၂၅.၃၀ | ၉၈၉၁၀ | - | (၀.၃၀)ပေ |
| | | ကြံခင်းမြို့ | ၄၈ | ၇၃၅၀ | | | | ရေကျော် |
| ၅၄ | နန်ကသူရေလှောင်တမံ | ဟသ်ာတခရိုင်/ | ၁၃၈ | ၄၀၄၈၇ | ၁၃၈.၇၀ | ၄၀၈၂၃ | ၁.၂၆ | (၀.၇၀)ပေ |
| | | အင်္ဂပူမြို့ | ၅၈ | ၆၆၀၈ | | | | ရေကျော် |
| ၅၅ | ကညင်ရေလှောင်တမံ | ဟသ်ာတခရိုင်/ | ၁၇၄ | ၁၄၅၀၀၀ | ၁၇၅.၂၀ | ၁၄၇၂၆၈ | ၀.၂၀ | (၁.၂၀) ပေ |
| | | အင်္ဂပူမြို့ | ၈၆ | ၂၆၈၈၀ | | | | ရေကျော် |

# အကြမ်းဖက်တိုက်ခိုက်ခံရမှုကြောင့် သေဆုံးသွားသော ပုဂ္ဂိုလ်များအတွက် လှူဒါန်းအမျှဝေခြင်းနှင့် နှစ်ပတ်လည်နေ့ အခမ်းအနား စစ်တွေမြို့၌ ကျင်းပ



**စစ်တွေ သြဂုတ် ၂၅**

၂၀၁၇ ခုနှစ် သြဂုတ် ၂၅ ရက်တွင် ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့၏ တိုက်ခိုက်မှုကြောင့် သေဆုံးသွားသော ရခိုင်တိုင်းရင်းသားများနှင့် ရခိုင်မျိုးနွယ်စုများ၊ ဟိန္ဒူဘာသာဝင်များ၊ ပြည်သူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ရည်စူး၍ ဆရာတော်ကြီးများအား ဆွမ်း၊ သင်္ကန်း၊ အလှူငွေပစ္စည်းများ ဆက်ကပ်လှူဒါန်းအမျှပေးဝေခြင်းနှင့် နှစ်ပတ်လည်အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် စစ်တွေမြို့ အတုလမာရဇိန်ပြည်လုံးချမ်းသာဘုရားကြီးရင်ပြင်၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သြဝါဒါစရိယ စစ်တွေမြို့ ပုသိမ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတထံမှ ညွှန်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်သည့် မေတ္တာသုတ်ပရိတ်တရားတော်များ နာယူကြသည်။

ယင်းနောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများက ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

မွန်းလွဲပိုင်းတွင် အခမ်းအနား ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားမျိုးနွယ်စုဝင်များ၊ ရခိုင်အမျိုးသားပါတီမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများက ဆရာတော်၊ သံဃာတော်များအား သင်္ကန်းနှင့် အလှူငွေများကို ဆက်ကပ်လှူဒါန်းကြပြီး သက်တော်ရှည်ဆရာတော်ကြီးငါးပါးတို့က သြဝါဒကထာများ မြွက်ကြားချီးမြှင့်တော်မူသည်။ ထို့နောက် တက်ရောက်လာကြသော ညွှန်ပရိသတ်များက စစ်တွေမြို့ ကြွဖြူကျောင်းတိုက်ဆရာတော်ကြီးထံမှ ရေစက်ချအနုမောဒနာတရား နာယူကြသည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရခိုင်အမျိုးသားပါတီဝင်များ၊ မြို၊ သက်၊ ခမီနှင့် တိုင်းရင်းသားမျိုးနွယ်စုဝင်များ ဖိတ်ကြားထားသူများ၊ သတင်းမီဒီယာများတက်ရောက်ကြကြောင်း သိရသည်။

**ကံထွန်း(ဟံတာမြေ)**

## ရေဘေးသင့် လာအိုပြည်သူနှင့် အင်ဒိုနီးရှား ငလျင်ဘေးသင့်သူများသို့ အလှူငွေပေးအပ်

**ကွာလာလမ်ပူ သြဂုတ် ၂၅**

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပလျက်ရှိသည့် အာဆီယံဘောလုံးအဖွဲ့ချုပ် (AFF ) ကောင်စီအစည်းအဝေး တက်ရောက်နေသော မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) ဥက္ကဋ္ဌ ဦးဇော်ဇော်သည် လာအိုနိုင်ငံ၌ ဖြစ်ပွားခဲ့သည့် ရေဘေးသင့်မှုနှင့် အင်ဒိုနီးရှားနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ငလျင်ဘေးသင့်မှုများကြောင့် ဒုက္ခရောက်ခဲ့ရသည့်ပြည်သူများအတွက် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ပံ့ပိုးကူညီငွေ အမေရိကန် ဒေါ်လာ ၂၀၀၀၀ ပေးအပ်လှူဒါန်းခဲ့သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ဆည်ပြိုကျခြင်းကြောင့် ရေဘေးဒဏ်သင့်ခဲ့ရသည့် လာအိုပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှု ပံ့ပိုးကူညီငွေ အမေရိကန် ဒေါ်လာ တစ်သောင်းကို လာအိုနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ မစ္စတာ ဝီဖတ်မှ တစ်ဆင့် ပေးအပ်လှူဒါန်းခဲ့သည်။ ယင်းနောက် အင်ဒိုနီးရှားနိုင်ငံ လွမ်ဘွတ်ဒေသတွင် ပြီးခဲ့သည့်ရက်ပိုင်းအတွင်း ဆက်တိုက်ဖြစ်ပွားခဲ့သည့် ငလျင်ဘေးကြောင့် ထိခိုက်ခံစားခဲ့ရသူများကိုလည်း MFF ဥက္ကဋ္ဌက လူသားချင်းစာနာမှုဆိုင်ရာ ပံ့ပိုးကူညီငွေ အမေရိကန်ဒေါ်လာ တစ်သောင်းကို အင်ဒိုနီးရှား ဘောလုံးအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ မစ္စတာ ယိုကို ထံမှတစ်ဆင့် ပေးအပ်လှူဒါန်းခဲ့သည်။



မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ အမှုဆောင်အရာရှိချုပ် ဦးဘုန်းနိုင်ဇော်နှင့် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းတို့သည် ယနေ့နံနက်ပိုင်းတွင် ရှန်ဂရီလာဟိုတယ်၌ ကျင်းပသည့် အာဆီယံဘောလုံးအဖွဲ့ချုပ် ကောင်စီအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်သည် အာဆီယံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

**ညီမြတ်သော်တာ**

## အာရှအားကစားပြိုင်ပွဲမှ ကြေးတံဆိပ်ဆုရ ဝူရှူးအဖွဲ့နှင့် တိုက်ကွမ်ဒိုအဖွဲ့ ပြန်လည်ရောက်ရှိ

**ရန်ကုန် သြဂုတ် ၂၅**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် (၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်မှ အသင်းအုပ်ချုပ်သူ ညွှန်ကြားရေးမှူး ဦးသီဟဇော်နှင့် ကြေးတံဆိပ်ရရှိသော မြန်မာ့လက်ရွေးစင် ဝူရှူးအားကစားသမား ငြိမ်းချမ်းကိုကိုနှင့် အဖွဲ့တို့သည်လည်းကောင်း၊ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ မြန်မာ့လက်ရွေးစင်အားကစားသမားတို့သည် ယမန်နေ့ ညနေ ၄ နာရီ မိနစ် ၅၀ က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုး၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)



ဒုတိယကျောင်းအုပ်ကြီးများနှင့် အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)မှ သင်တန်းသား သင်တန်းသူများ၊ မိဘဆွေမျိုးများက ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

အဆိုပါ တတိယကြေးတံဆိပ်ဆုရ ငြိမ်းချမ်းကိုကိုက အမျိုးသားထိုက်ချီချွမ်+ ထိုက်ချီကျန့်ပြိုင်ပွဲ နှစ်ခုပေါင်းတွင် စုစုပေါင်းရမှတ် ၁၉ ဒသမ ၄၀ မှတ် ဖြင့်ရရှိခဲ့ပြီး တရုတ်နိုင်ငံမှ ပထမရွှေတံဆိပ်ဆုနှင့် ဂျပန်နိုင်ငံမှ ဒုတိယငွေတံဆိပ်ဆုရရှိခဲ့ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**



## မိုးရာသီအားကစားနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**နေပြည်တော် သြဂုတ် ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းရှိ ဌာနပေါင်းစုံ မိုးရာသီ အားကစားပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ညနေပိုင်းက ဇေယျာသီရိမြို့နယ်ရှိ နေပြည်တော် သတင်းစာတိုက်ဝင်း၌ ကျင်းပရာ မြန်မာ့အလင်း သတင်းစာတိုက်နှင့် ပုံနှိပ်စီစဉ်ရေးအသင်းတို့ ယှဉ်ပြိုင်ရာ မြန်မာ့အလင်း သတင်းစာတိုက်က နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲအပြီး ဆုချီးမြှင့်ပွဲကျင်းပရာ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲနိုင်က ပထမရရှိသည့် မြန်မာ့အလင်း သတင်းစာတိုက်အား လည်းကောင်း၊ ဒုတိယရရှိသည့် ပုံနှိပ်စီစဉ်ရေးအသင်းအား ညွှန်ကြားရေးမှူး(စီမံ) ဦးမြင့်ဝေကလည်းကောင်း၊ တတိယရရှိသည့် ရုံးချုပ်(စီမံ)အသင်းအား မြန်မာ့အလင်းသတင်းစာတိုက် စာတည်းမှူးချုပ် ဦးအောင်နိုင်ဦးကလည်းကောင်း ဆုများ ချီးမြှင့်ပေးအပ်ခဲ့သည်။ **ဟိန်းထက်ဇော်(မြန်မာ့အလင်း)**

**ဓာတ်ပုံ-ဇော်ဘီ**

## အာရှအားကစားပြိုင်ပွဲ ရိုးရာလှေပြိုင်ပွဲ စတင်ကျင်းပ

**ရန်ကုန် သြဂုတ် ၂၅**

အာရှအားကစားပြိုင်ပွဲ၏ ရိုးရာလှေပြိုင်ပွဲကို ယနေ့နံနက်ပိုင်းမှစ၍ ပလန်ဘန်းမြို့၌ စတင်ကျင်းပရာ မြန်မာလှေလှော်အသင်း ဆုတံဆိပ်နှင့် လွဲချော်ခဲ့သည်။

ရိုးရာလှေပြိုင်ပွဲ ပထမနေ့တွင် မီတာ ၂၀၀ အမျိုးသားနှင့် အမျိုးသမီးပြိုင်ပွဲနှစ်မျိုးကျင်းပခဲ့ပြီး မြန်မာအသင်းသည် ပြိုင်ပွဲနှစ်ခုစလုံး၌ ဝင်ရောက်ယှဉ်ပြိုင်သော်လည်း ဗိုလ်လုပွဲအဆင့်သို့ ရောက်ရှိပြီးမှ ဆုတံဆိပ်နှင့် လွဲချော်ခဲ့ရသည်။ မီတာ ၂၀၀ အမျိုးသားပြိုင်ပွဲတွင် တရုတ်အသင်းက ရွှေတံဆိပ်၊ တရုတ်(တိုင်ပေ)အသင်းက ငွေတံဆိပ်၊ ထိုင်းအသင်းက ကြေးတံဆိပ်ရခဲ့သည်။ မြန်မာအသင်းမှာမူ အဆင့် ၆ နေရာဖြင့်သာ ကျေနပ်ခဲ့ရသည်။ အမျိုးသမီးမီတာ ၂၀၀ ပြိုင်ပွဲတွင်မူ မြန်မာအသင်းသည် အဆင့် ၅ နေရာသာရခဲ့ပြီး တရုတ်အသင်းက ရွှေတံဆိပ်၊ အိမ်ရှင်အင်ဒိုနီးရှားအသင်းက ငွေတံဆိပ်၊ ကိုရီးယားအသင်းက ကြေးတံဆိပ်ရခဲ့သည်။ မြန်မာလှေလှော်အသင်းသည် ရိုးရာလှေပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားငါးမျိုးစလုံး ယှဉ်ပြိုင်မည်ဖြစ်ပြီး လက်ကျန်သုံးပွဲ ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲဒုတိယနေ့ကို သြဂုတ် ၂၆ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး မီတာ ၅၀၀ အမျိုးသားနှင့် အမျိုးသမီးပြိုင်ပွဲ ကျင်းပမည်ဖြစ်ကာ မြန်မာအသင်းသည် ပြိုင်ပွဲနှစ်မျိုးစလုံး၌ ယှဉ်ပြိုင်မည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**




ရိုးရာလှေပြိုင်ပွဲတွင် မြန်မာအသင်းနှင့် ပြိုင်ပွဲဝင်အသင်းများ ယှဉ်ပြိုင်နေစဉ်။

## မုတ်သုံလေ အားကောင်းနေ

**နေပြည်တော် သြဂုတ် ၂၅**

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင် လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင် ယနေ့နေရာ ကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေမည်။

**မိုး/ဇလ**

## မြန်မာ့ရုပ်မြင်သံကြား

၂၆-၈-၂၀၁၈ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၇း၂၅ - ဒေါက်တာ ဘဒ္ဒန္တစိန္တိတာ လင်္ကာရ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဝင် နိုင်ငံ့စွမ်းဆောင်ရည်ဆုရှင် ပစ္ဆိမာရုံ စာသင်တိုက် ဆရာတော် လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမြို့ ဧရာဝတီတိုင်းဒေသကြီး ဟောကြားတော်မူသော "အရာရာ အောင်မြင်ကြောင်းတရား ( ၃) ပါး" တရားတော်
၈း၃၅ - "မင်္ဂလာရေခင်းတီးကွက်"
၉း၁၀ - အဂ္ဂမဟာပဏ္ဍိတာဘဒ္ဒန္တစန္ဒိမာ ဘိဝံသ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင် မင်းကျောင်းပထမပြန် စာသင်တိုက်သန်လျင်မြို့ ရန်ကုန်တိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထသီလခံယူ ဆောက်တည်ခြင်း
၁၀း၀၀ - Sunday Talk
၁၂း၃၀ - ဒွိဒသမ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အသျှင် အဘိဇာတာလင်္ကာရာဘိဝံသ (စစ်ကိုင်းဆရာတော်) ဟောကြားတော်မူသော "ဆင့်ကဲဆင့်၍မြင့်ပါစေ" တရားတော်

**ညပိုင်း**

၁၈း၄၅ - "သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ မေတ္တာသုတ္တန်တရားတော်"
၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ" (အပိုင်း-၁၇)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ

## မြစ်ကြီးနား၌ လူနှစ်ဦးနေအိမ်အတွင်း ဝင်ရောက်ခိုးယူ၍ မီးရှို့ထွက်ပြေး

**မြစ်ကြီးနား ဩဂုတ် ၂၅**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြေမြင့်ရပ်ကွက်၌ ဩဂုတ် ၂၄ ရက် ညနေ ၅ နာရီ ၁၅ မိနစ်ခန့်က လူနှစ်ဦး နေအိမ်အတွင်းဝင်ရောက်ကာ ခိုးယူပြီး နေအိမ်မီးရှို့ထွက်ပြေးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၄ ရက် ညနေ ၅ နာရီ ၁၅ မိနစ်ခန့်က မြေမြင့်ရပ်ကွက် နယ်မြေ ၃ နေ ဒေါ်ဂျာအိန် (၃၁ နှစ်) သည် မြို့တွင်းရှိ သဇင်ဆေးခန်းတွင် အလုပ်လုပ်နေစဉ် အိမ်နီးချင်းတစ်ဦးက အိမ်သို့အမြန်ပြန်လာရန် ဖုန်းဆက်အကြောင်းကြားခဲ့သဖြင့် နေအိမ်သို့ ပြန်လာရာ နေအိမ်အတွင်း မီးလောင်နေသည်ကို တွေ့ရှိခဲ့ရသည်။

ထို့ကြောင့် နေအိမ်တွင် တစ်ဦးတည်းကျန်ရှိသည့် ညီမဝမ်းကွဲတော်စပ်သူ မအောန်ဆိုင်း(၁၇ နှစ်)အား မေးမြန်းရာ ညနေ ၄နာရီခန့်က နေအိမ်သို့ လူနှစ်ဦး ရောက်ရှိလာပြီး ၎င်းအားပါးစပ်ကို လက်ဖြင့်ပိတ်ကာ ဒေါ်ဂျာမိုင်လု၏ အိပ်ခန်းသို့ ခေါ်ဆောင်၍ လက်နှစ်ဖက်အား ဝိုင်ယာကြိုးဖြင့် နောက်ပြန်ချည်နှောင်ကာ ခုတင်တိုင်တွင် ကပ်လျက်တုပ်နှောင်ထားပြီးနောက် ခိုးယူသွားကြောင်း ပြောဆိုခဲ့ကြောင်း၊ ယင်းနောက် နေအိမ်အတွင်းရှိ အိပ်ရာ၊ စောင်နှင့် ခေါင်းအုံးတို့ကို မီးရှို့ကာ ထွက်ပြေးသွားကြောင်း၊ ထိုသို့ မီးရှို့ထွက်သွားချိန်တွင် မအောန်ဆိုင်းက ချည်နှောင်ထားသည့် ကြိုးများကို ရုန်းထွက်ကာ နေအိမ်ပြင်ပသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးငြိမ်းသတ်မှုများ ဆောင်ရွက်ခဲ့သဖြင့် ညနေ ၅ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ နေအိမ် မီးရှို့ထွက်ပြေးသွားသူ အမျိုးသားနှစ်ဦးအား မြစ်ကြီးနား နယ်မြေရဲတပ်ဖွဲ့စခန်းမှ စုံစမ်းလျက်ရှိကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## မန္တလေး၊ သပိတ်ကျင်း၊ ကျိုင်းတုံနှင့် နမ့်ခမ်းမြို့တို့မှ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၅**

မူးယစ်တပ်ဖွဲ့စု (၁၈) မန္တလေးတောင်ပိုင်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၄ ရက်က ပြည်ကြီးတံခွန်မြို့နယ် (ခ) ရပ်ကွက်၊ သာယာဝတီမင်းကြီးလမ်း၊ ၇၀ နှင့် ၇၁ လမ်းကြားရှိ ဘီယာဆိုင်တွင် ဇော်ထွန်းမြင့်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၃၀၆ ပြားနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကိုလည်းကောင်း။

ထို့အတူ ဩဂုတ် ၂၃ ရက် ည ၈ နာရီက တကောင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သပိတ်ကျင်းမြို့နယ်၊ ဖုန်ကုန်းကျေးရွာအုပ်စု ၄ မိုင်စခန်းရှိ မိုးထွန်းနှင့် ၎င်း၏ဇနီး မခင်မြင့်ဆွေတို့၏ နေအိမ်ကို ရှာဖွေရာ မိုးထွန်းနှင့်အတူဇနီး မခင်မြင့်ဆွေ၊ မျိုးချစ်ထွန်း၊ ဖြိုးဝေဇော်နှင့် ကျော်မင်းထက်တို့အားတွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား၁၇၆၃ ပြား၊ အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြားသုံးပြားနှင့် ငွေကျပ် ၂၅၀၂၀၀၊ ဘိန်းဖြူ ၀ ဒသမ ၂ ဂရမ် တို့ကို လည်းကောင်း။

ဩဂုတ် ၂၄ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်က မူးယစ်တပ်ဖွဲ့စု (၂၈) ကျိုင်းတုံမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ်



နောင်ဖာရဲကင်းစခန်းအနီး မိုင်းခတ်-ကျိုင်းတုံသွား ကားလမ်းရှိ စက်သုံးဆီအရောင်းဆိုင်အနီး လမ်းမပေါ်တွင် ကျာထော မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ အိုက်စ် ၂ ကီလို၊ အိုက်စ် ၃ ဂရမ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။ **(အပေါ်ပုံ)**

အလားတူ မွန်းလွဲ ၃ နာရီခွဲတွင် နမ့်ခမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်ခမ်းမြို့ အမှတ် (၉)ရပ်ကွက် အောင်မင်္ဂလာရပ်ရှိ ရှာမြင့်လွင်၏ နေအိမ်ကို ရှာဖွေရာ ဘိန်းဖြူ ၄၁ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀ တို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၆ နာရီခွဲတွင် အမှတ် (၁၄) ရပ်ကွက် အောင်မေတ္တာရပ်ရှိ မရှာရှင်စု၏ နေအိမ်ကို ရှာဖွေရာ ၎င်း၏သမီးဖြစ်သူ မလီကျောင်းအား တွေ့ရှိပြီး နေအိမ်ရှိ စတိုခန်းအတွင်းမှ ဘိန်းဖြူဆပ်ပြာခွက် ၃၂၂ ခွက် (ဘိန်းဖြူ အလေးချိန် ၃ ဒသမ ၈၆၄ ကီလို)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၇၉၂၃၀ တို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပျဉ်းမနားမြို့၌ ယာဉ်တိုက်မှုစစ်ဆေးရာမှ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၅**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ရာဇဌာနီလမ်းမကြီးတွင် ဩဂုတ် ၂၄ ရက် ညနေပိုင်းက မူးယစ်ဆေးဝါးသတင်းအရ ယာဉ်တစ်စီးကို ရပ်တန့်စစ်ဆေးရာ မောင်းနှင်ထွက်ပြေးပြီး ပျဉ်းမနားမြို့၌ ယာဉ်တိုက်မှုဖြစ်ပွားသဖြင့် စစ်ဆေးရာမှ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိကြောင်း သိရသည်။



ထွန်းထွန်းဦး

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့မရဲစခန်းအမှုမှ ကွင်းဆက်တရားခံဖြစ်သူ ထွန်းထွန်းဦးသည် နေပြည်တော်တွင် ရောက်ရှိနေကြောင်း သတင်းအရ ဩဂုတ် ၂၄ ရက် ညနေ ၃ နာရီက အမှတ်(၁)ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲ နေပြည်တော်မှ ဒုရဲမှူး သောင်းထိုက်ဦး ဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် ထွန်းထွန်းဦး(ခ)စည်သူ(ခ)ပြောင်ကြီး (၄၃ နှစ်) (မ/၂၈)ဗိုလ်ချုပ်လမ်း ဗိုလ်ချုပ်ရပ်ကွက်၊ ဗဟန်းမြို့နယ်နေသူ မောင်းနှင်သော ယာဉ်အမှတ် 5J---- ဟွန်ဒါဖစ်ယာဉ်ကို ဥပ္ပါတသန္တိစေတီတော်ရှေ့ ရာဇဌာနီ လမ်းမကြီးတွင် ရပ်တန့်စစ်ဆေးရာ မောင်းနှင်ထွက်ပြေးခဲ့သည်။

ယင်းနောက် ပျဉ်းမနားမြို့ နှင်းဆီပန်းအဝိုင်းအနီးတွင် ဆိုင်ကယ်တစ်စီးနှင့် ယာဉ်တိုက်မိပြီး ဖမ်းဆီးရမိသဖြင့် ထွန်းထွန်းဦးအား စစ်မေးရာ ၎င်းတည်းခိုနေထိုင်သည့် ရွှေဂုံတိုင်ဟိုတယ် အခန်းအမှတ်(၂၂၁)တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းထားကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် သွားရောက်ရှာဖွေခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၆ ပြား၊ မူးယစ်ဆေးဝါးရောင်းဝယ်၊ သုံးစွဲရာတွင် အသုံးပြုသည့် ပစ္စည်းများ၊ အိုက်စ် ၇၀ ဒသမ ၂ ဂရမ်ခန့်နှင့် I Phone တစ်လုံးတို့ကို တွေ့ရှိရသဖြင့် သိမ်းဆည်းပြီး ထွန်းထွန်းဦး (ခ) စည်သူ (ခ) ပြောင်ကြီးကို ထုံးဖိုမြို့မရဲစခန်းက အမှုဖွင့်၍ စစ်ဆေးနေကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

## အမှတ်(၂)သတ္တုတွင်းလုပ်ငန်းသုံး ယမ်းတိုက်အတွင်းမှ ယမ်းနှင့်ဆက်စပ်ပစ္စည်းများ ခိုးယူခဲ့သူအား ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၅**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ဟမြင်းကြီး ကျေးရွာရှိ ထွန်းကြယ်တစ်ပွင့်ကုမ္ပဏီမှ လုပ်ကွက်အတွက် အသုံးပြုရန်လိုအပ်သည့် ယမ်းနှင့်ဆက်စပ်ပစ္စည်းများ ထုတ်ယူရန် အမှတ်(၂)သတ္တုတွင်းလုပ်ငန်း နောက်ချန် တာဝန်ခံဦးဝင်းမြင့်၊ ငွေထွန်းတောက်ကုမ္ပဏီမှ ယမ်းတိုက်တာဝန်ခံ ဦးအောင်မိုး၊ ငွေကြယ်တစ်ပွင့် ကုမ္ပဏီမှ တာဝန်ခံ ဦးမျိုးမင်းအောင်တို့သည် ဩဂုတ် ၂၂ ရက် ညနေ ၃ နာရီ မိနစ် ၄၀ က ယမ်းတိုက်သို့ သွားရောက်ခဲ့ရာ ယမ်းအခန်းမှာ လက်ရာပျက်ယွင်းမှုမရှိဘဲ ဆက်စပ်ပစ္စည်းများထားသိုရာ အပြင်တံခါးသော့နှင့် အတွင်းသစ်သားတံခါးသော့များ ပျက်စီးနေကြောင်း တွေ့ရှိရသဖြင့် ပစ္စည်းများကို စစ်ဆေးရာ Detonator No.8 (1200 Nos)၊ တန်ဖိုးငွေကျပ် ၁၆၂၀၀၀ ခန့်၊ Ms Delay Electric Detonator 3 (100 Nos) တန်ဖိုးငွေကျပ် ၆၇၅၀၀ ၊ Ms Delay Electronic Detonator 5 (300 Nos) တန်ဖိုး ငွေကျပ် ၂၀၂၅၀၀ နှင့် Detonator Coed(50 Mtrs) တန်ဖိုးငွေကျပ် ၂၃၆၂၅ ခန့် စုစုပေါင်းတန်ဖိုး ငွေကျပ် ၄၅၅ ၆၂၅ တို့မှာ ပျောက်ဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရ၍ ခိုးယူသွားသူအား စုံစမ်းဖော်ထုတ် အရေးယူပေးရန် တိုင်တန်းချက်အရ ထားဝယ်မြို့မရဲစခန်းတွင် အမှုဖွင့် ထားရှိခဲ့သည်။

ထို့နောက် အမှုမှ ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေးအတွက် ရဲတပ်ဖွဲ့ဝင်များက နယ်မြေအတွင်း စုံစမ်းစစ်ဆေးခဲ့ရာ ပြစ်မှုကျူးလွန်သူမှာ မြင်းမတ်တပ်ကျေးရွာနေ ကျော်သူထွေး(၁၉ နှစ်)ဖြစ်ကြောင်း သိရှိရပြီး ဩဂုတ်၂၄ ရက် ည ၁၁ နာရီ၌ ၎င်းအား ဖမ်းဆီးရမိခဲ့သဖြင့် သက်သေခံပစ္စည်းများ သိမ်းဆည်းကာ ကျော်သူ ထွေး အား ထားဝယ်မြို့မရဲစခန်း၌ အမှုဖွင့် အရေးယူစစ်ဆေးလျက်ရှိကြောင်း သတင်း ရရှိသည်။

**ကိုရဲ**

## မရမ်းချောင်းရှောင်ကွင်းလမ်းဘေးတွင် စုပုံထားသည့် သကြားအိတ်၊ ဘီယာနှင့် ထမင်းပေါင်းအိုးများတွေ့ရှိသိမ်းဆည်း

**နေပြည်တော် ဩဂုတ် ၂၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ်လ ၁ ရက်နေ့တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၂၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်အစီး ၈၃၀၊ သွင်းကုန် ၅၃၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၃၂ စီး၊ သွင်းကုန် ၁၂၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ် ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၄ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၃၃၆ သန်းခန့် စုစုပေါင်းတားဆီးမှု သုံးမှု ခန့်မှန်း တန်ဖိုးငွေကျပ် ၄ ဒသမ ၃၃၆ သန်းခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၂၄ ရက်တွင် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ရှောင်ကွင်းလမ်းဘေးတွင် စုပုံထားသည့် တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် သကြား (၅၀ ကီလို) ၉၈ အိတ်၊ CHEER BEER (330ml× 24Can) (30Pkgs) နှင့် ခရီးသည်တင် မှန်လုံယာဉ်တစ်စီးပေါ်တွင် တရားဝင် စာရွက်စာတမ်းတင်ပြနိုင်ခြင်း မရှိသည့် Electric Rice Cooker (1.8L) (60 U)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၄ ဒသမ ၃၃၆ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

အလားတူ ဩဂုတ် ၂၃ ရက်က ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် ပို့ကုန်ယာဉ်ငါးစီးကို ရှောင်တခင်စစ်ဆေးခဲ့ရာ ယာဉ်များပေါ်မှ စုစုပေါင်း ပိတောက်ခွားရွေ ၄ ဒသမ ၁၆၀၈ တန်၊ သွင်းကုန်ယာဉ်နှစ်စီးကို ရှောင်တခင်စစ်ဆေးခဲ့ရာ ယာဉ်များပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသော အမိုနီယမ်နိုက်ထရိတ် (၄၀ ကီလို) ၃၀၀ အိတ်နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သည့် ယာဉ်ခုနှစ်စီး၊ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈ ဒသမ ၉၈၂ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိုးမိတ်မြို့၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၀၀၀ ဖမ်းဆီးရမိ

**မိုးမိတ် ဩဂုတ် ၂၅**

ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်ခရိုင် မိုးမိတ်မြို့တွင် ဒုရဲအုပ်အောင်အောင်ဦးဆောင်သောအဖွဲ့သည် ဩဂုတ် ၂၅ ရက် နံနက် ၇ နာရီခွဲက မိုးမိတ်မြို့နယ် လက်ခုပ်တန်း ရပ်ကွက်ရှိ အောင်ဆိုင်း၏နေအိမ်၌ မူးယစ်ဆေးဝါးရောင်းချနေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၀၀၀၊ အလေးချိန် ၁၅၃၀ ဂရမ်နှင့် ၎င်းအခန်းအတွင်း မူးယစ်ဆေးဝါးရောင်းချရသည့် ငွေစက္ကူရောရော ၁၈၉၅၀၀၀ တို့ သိမ်းဆည်းရမိသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တရားမဝင်မူးယစ်ဆေးဝါးများကို ရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိသူ အောင်ဆိုင်းအား မိုးမိတ်မြို့နယ်ရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မိုးမိတ်သား**

## မြန်မာ-ထိုင်းနယ်စပ် မောတောင်၌ အထောက်အထားမဲ့ရောက်ရှိလာသူတစ်ဦး ဖမ်းမိ

**တနင်္သာရီ ဩဂုတ် ၂၅**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် မောတောင်မြို့ (မြန်မာ-ထိုင်း)နယ်စပ်ဂိတ်သို့ဖြတ်သန်းရန် ဩဂုတ်၂၃ ရက် နံနက် ၈ နာရီခွဲက အထောက်အထားမဲ့ရောက်ရှိလာသည့် မြောက်ဦးမြို့နယ် ပေါက်တောရွာမှ မာမက်နော်သိန်း(ခ)ဘရှေ (၂၈နှစ်)အား အရေးယူခဲ့ကြောင်း မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ သိရသည်။

၎င်းအား ကနဦးစစ်ဆေးရာတွင် ၎င်းအပါအဝင်ငါးဦးတို့သည် ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ ပေါက်တောရွာမှ ဩဂုတ် ၈ ရက် ည ၁၂ နာရီတွင် ၎င်းပါအထောက်အထားမဲ့ ဝင်ရောက်လာသူ ငါးဦးတို့သည် မြောက်ဦးမှတစ်ဆင့် ရန်ကုန်မြို့သို့ ယာဉ်ငယ်ဖြင့် ထွက်ခွာခဲ့ရာ ရန်ကုန်မြို့သို့ ဩဂုတ် ၁၀ ရက်က ရောက်ရှိကြောင်း၊ ရန်ကုန်မြို့ရှိ ဘာသာရေးအဆောက်အအုံတစ်ခုတွင် ၁၃ ရက်ခန့် နေထိုင်ခဲ့ကြကြောင်း၊ ထို့နောက် ၎င်း၏အစ်ကို မာမက်အီနုစ်က မလေးရှားသို့ အလုပ်လုပ်ကိုင်ရန်အတွက် ဩဂုတ် ၂၁ ရက် မွန်းလွဲပိုင်းက ထားဝယ်မြို့သို့ထွက်ခွာသည့် ယာဉ်ပေါ်သို့ လိုက်ပါခဲ့ကြောင်း၊ ယင်းနောက် ထားဝယ်မှ မောတောင်မြို့သို့ ဩဂုတ်၂၃ ရက် နံနက် ၈ နာရီခွဲက ရောက်ရှိလာရာ နယ်စပ်စစ်ဆေးရေးဂိတ်တွင် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကာ ကျန်လေးဦးမှာ ရန်ကုန်မှ အခြားနေရာများသို့ ထွက်ခွာသွားကြကြောင်း သိရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မာမက်နော်သိန်း(ခ)ဘရှေအား အရေးယူဆောင်ရွက်ပေးရန် မြို့နယ်လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကျော်စိုးက မြို့နယ်တရားရုံးသို့လျှောက်ထားရာ မြို့နယ်တရားရုံး၏ ချုပ်မိန့်ရီမန်ဖြင့် တနင်္သာရီမြို့မရဲစခန်းက ဖမ်းဆီးထားကြောင်း မြို့မရဲစခန်းမှ သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်ဆက်)**

# ပါလက်စတိုင်းသို့ အကူအညီပေးအပ်မည့် ဒေါ်လာ သန်း ၂၀၀ ကျော်ကို အမေရိကန် ဖြတ်တောက်

**ဝါရှင်တန် ဩဂုတ် ၂၅**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့် အစိုးရအဖွဲ့သည် ပါလက်စတိုင်းသို့ စီးပွားရေးအကူအညီအဖြစ် ပေးအပ်မည့်ဒေါ်လာ သန်း ၂၀၀ ကို မပေးတော့ဘဲ ဖြတ်တောက်ထားမည်ဟု ပြောကြားခဲ့သည်။ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက သောကြာနေ့တွင် အဆိုပါ ဖြတ်တောက်မှု ပြုလုပ်မည့်အကြောင်း ကြေညာခဲ့ခြင်း ဖြစ်သည်။ အဆိုပါ ရန်ပုံငွေသည် အနောက်ဘက်ကမ်းနှင့် ဂါဇာဒေသ အကူအညီပေးရေး အစီအစဉ်အတွက် ရည်ရွယ်ထားခဲ့ခြင်း ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုသည် အမေရိကန်မှ အခွန်ဆောင်ပြည်သူများကို လေးစားသောအားဖြင့် အဆိုပါ ရန်ပုံငွေပေးအပ်ခြင်းဖြင့် အမေရိကန်၏ အကျိုးစီးပွားကို ထိခိုက်မှု ရှိ မရှိ သေချာပြန်လည်သုံးသပ်ရန် ဆုံးဖြတ်ခဲ့သည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။ အမေရိကန်သမ္မတ ထရန့်အစိုးရအဖွဲ့သည် ပါလက်စတိုင်းတို့ကို အကူအညီပေးရေးအတွက် ကုလသမဂ္ဂသို့ ပေးရမည့် ရန်ပုံငွေများကိုလည်း ဇန်နဝါရီလမှစ၍ မပေးတော့ဘဲ ဖြတ်တောက်ထားခဲ့သည်။

အမေရိကန်က ဂျေရုဆလင်ကို အစ္စရေးမြို့တော်အဖြစ် အသိအမှတ်ပြုခဲ့သည်ကို ပါလက်စတိုင်းတို့က ဆန့်ကျင်ခဲ့သဖြင့် ယင်းကဲ့သို့ တုံ့ပြန်ခဲ့ခြင်းဖြစ်သည်။ ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့အစည်းကမူ သမ္မတ ထရန့်သည် စီးပွားရေးအရ အကျပ်အတည်းဖြစ်အောင် ပြုလုပ်ကာ ဒဏ်ခတ်မှု ပြုလုပ်နေခြင်းဖြစ်သည်ဟု စွပ်စွဲခဲ့သည်။ ပါလက်စတိုင်းပြည်သူများနှင့် ခေါင်းဆောင်များကို ယင်းကဲ့သို့ ပြုလုပ်ခြင်းဖြင့် ခြိမ်းခြောက်၍ မရဟု ပြန်လည်တုံ့ပြန် ပြောဆိုခဲ့သည်။

နိုဝင်ဘာလအတွင်း ကျင်းပမည့် အမေရိကန် ကြားဖြတ်ရွေးကောက်ပွဲတွင် အစ္စရေးလိုလားသော မဲဆန္ဒရှင်များ၏ ထောက်ခံမှုရရှိရန် ယင်းကဲ့သို့ ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု လေ့လာသုံးသပ်သူများက ပြောသည်။ ပါလက်စတိုင်းတို့ကို ဘဏ္ဍာရေးဆိုင်ရာ အခက်အခဲကြုံတွေ့အောင် ပြုလုပ်ခြင်းဖြင့် ညှိနှိုင်းမှုစားပွဲဝိုင်းသို့ ပြန်လည်ရောက်ရှိလာအောင် လုပ်ဆောင်နိုင်လိမ့်မည်ဟု ထရန့်က ယူဆထားကြောင်း လေ့လာသူများက ပြောသည်။

**အင်န်အိတ်ချ်ကေ**



## ရုရှားဗဟိုဘဏ်အဆောက်အအုံတွင် မီးလောင်မှု ဖြစ်ပွား

**မော်စကို ဩဂုတ် ၂၅**

ရုရှားနိုင်ငံ မော်စကိုမြို့လယ်ရှိ ရုရှားဗဟိုဘဏ် အဆောက်အအုံတွင် သောကြာနေ့က မီးလောင်မှုဖြစ်ပွားခဲ့ရာ ပျက်စီးဆုံးရှုံးမှုများ မရှိကြောင်း သိရသည်။

အဆောက်အအုံပေါ်တွင် မီးခိုးများ မည်းတက်လာသည်ကို တွေ့ရသော်လည်း ကြီးကြီးမားမား ပျက်စီးခြင်းမရှိဟု သိရသည်။ အဆောက်အအုံအတွင်းရှိ ဝန်ထမ်းများကိုလည်း အပြင်သို့ ကယ်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။ ည ၈ နာရီခွဲခန့်တွင် မီးလောင်မှု စတင်ဖြစ်ပွားခဲ့ပြီး နာရီဝက်အတွင်း မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း ရုရှားနိုင်ငံ အရေးပေါ်အခြေအနေဆိုင်ရာ ဝန်ကြီးဌာနက ပြောသည်။

၁၂ ထပ်ရှိသည့် အဆောက်အအုံ ခြောက်ထပ်မြောက်၌ မီးလောင်ခဲ့ခြင်းဖြစ်ပြီး ၃၀ စတုရန်းမီတာခန့် မီးလောင်ခဲ့ကာ မည်သူ တစ်ဦးတစ်ယောက်မှ ဒဏ်ရာရရှိခြင်းမရှိကြောင်း ဗဟိုဘဏ်က ပြောသည်။ မီးလောင်ရသည့် အကြောင်းကိုမူ စုံစမ်းစစ်ဆေးဆဲဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## တရုတ်နိုင်ငံရှိ ဟိုတယ်တစ်လုံး မီးလောင်ရာ ၁၈ ဦး သေဆုံး

**ဟာပင်း ဩဂုတ် ၂၅**

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ဟေလုံကျန်းပြည်နယ်မြို့တော် ဟာပင်းမြို့တော်ရှိ ဟိုတယ်တစ်လုံး စနေနေ့က မီးလောင်ခဲ့ရာ လူ ၁၈ ဦး သေဆုံးခဲ့ကြောင်း ပြည်နယ်မီးသတ်ဌာနက ပြောသည်။ နံနက် ၄ နာရီ ၃၆ မိနစ်တွင် ဘီလုံ အပန်းဖြေဟိုတယ်တွင် မီးလောင်မှု စတင်ခဲ့ခြင်းဖြစ်ကြောင်း၊ ၇ နာရီ မိနစ် ၅၀ ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ မီးလောင်မှုကြောင့် လူ ၁၉ ဦး ဒဏ်ရာရရှိခဲ့ကြောင်းလည်း သိရသည်။ မီးလောင်ရသည့်အကြောင်းကိုမူ စုံစမ်းစစ်ဆေးဆဲဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအို၏ မြောက်ကိုရီးယားခရီးစဉ် သမ္မတ ထရန့် ဖျက်သိမ်း

**ဝါရှင်တန် ဩဂုတ် ၂၅**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအို၏ မြောက်ကိုရီးယားခရီးစဉ်ကို ရုတ်တရက် ရပ်ဆိုင်းရန် ပြောကြားခဲ့သည်။

ယခုအချိန်တွင် မြောက်ကိုရီးယားသို့ မသွားရန် မြောက်ကိုရီးယား၌ နျူကလီးယားလက်နက်ကင်းစင်ရေး တိုးတက်လုံလောက်သည့် အခြေအနေသို့ မရောက်သေးဟု ယုံကြည်ရသည့်အတွက် ယခုအချိန်တွင် မသွားသင့်ဟု မစ္စတာ ထရန့်က ၎င်း၏ တွစ်တာစာမျက်နှာတွင် ရေးသားထားသည်။ မြောက်ကိုရီးယားတွင် နျူကလီးယားလက်နက်ကင်းစင်ရေး နောက်ထပ်တစ်ဆင့် တက်လှမ်းနိုင်ရေးအတွက် လာမည့်သီတင်းပတ်တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုအနေဖြင့် မြောက်ကိုရီးယားသို့ သွားရောက်ရန် စီစဉ်ထားခဲ့သည်။

အမေရိကန်သမ္မတသည် မြောက်ကိုရီးယားနှင့်ပတ်သက်၍ ပြည်တွင်း၌ ဝေဖန်မှုများနှင့် ရင်ဆိုင်နေရပြီး မြောက်ကိုရီးယားသည် နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ ဘာမှ လုပ်ဆောင်မှု မရှိသို့မဟုတ် အနည်းငယ်သာ လုပ်ဆောင်ထားရှိသည်ဟု အစီရင်ခံစာများလည်း ထွက်ပေါ်လာသည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ပွန်ပီအိုနှင့် ထရန့်တို့သည် သောကြာနေ့အစောပိုင်းက တွေ့ဆုံခဲ့သည်ဟု အိမ်ဖြူတော်မှ ပြောရေးဆိုခွင့်ရှိသူ ဆာရာဆန်ဒရာက ပြောသည်။

ကြာသပတေးနေ့ အစောပိုင်းကာလအထိ မိုက်ပွန်ပီအိုက ၎င်းသည် လာမည့်အပတ်တွင် မြောက်ကိုရီးယားသို့ သွားရောက်မည်ဟု ပြောကြားခဲ့သည်။ သံတမန်နည်းလမ်းကို အသုံးပြု၍ မြောက်ကိုရီးယားအရေးဖြေရှင်းရေးသည် သမ္မတ ထရန့်၏ ဦးစားပေးအစီအစဉ်ဟု မိုက်ပွန်ပီအိုက ပြောသည်။ မစ္စတာပွန်ပီအို၏ မြောက်ကိုရီးယားခရီးစဉ်သည် မကြာမီကာလတွင်ဖြစ်နိုင်မည်ဟု မျှော်လင့်ရကြောင်း၊ တရုတ်နှင့် ကုန်သွယ်ရေးပဋိပက္ခများ ဆွေးနွေးပြီးချိန်တွင် ဖြစ်နိုင်ကြောင်း သမ္မတ ထရန့်က တွစ်တာပေါ်တွင် ရေးသားထားသည်။



ဆန်ဖရန်စစ္စကိုသို့ ရောက်ရှိနေသော ဂျပန်နိုင်ငံခြားရေးဝန်ကြီးသည်လည်း မိုက်ပွန်ပီအိုနှင့် တယ်လီဖုန်းဖြင့် ဆက်သွယ်ကာ ဆွေးနွေးခဲ့ကြောင်း သိရသည်။ မြောက်ကိုရီးယားတွင် နျူကလီးယားလက်နက်ကင်းစင်ရေးအတွက် ဂျပန်နှင့် အမေရိကန်တို့ ပူးပေါင်းဆောင်ရွက်သွားမည်ဟုလည်း အတည်ပြုခဲ့ကြကြောင်း သိရသည်။

**အေအက်ဖ်ပီ၊ အင်န်အိတ်ချ်ကေ**




## ပွဲတော်ကာလ၌ ကီရာလာပြည်နယ်အတွင်း ရေဘေးပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်

**ကီရာလာ ဩဂုတ် ၂၅**

ဆိုးရွားသည့်ရေဘေးကို ခံစားခဲ့ရသည့် အိန္ဒိယနိုင်ငံတောင်ပိုင်း ကီရာလာပြည်နယ်၌ Onam ပွဲတော် ကျင်းပလျက်ရှိရာ ပြည်နယ်အစိုးရသည် ရေဘေးဒဏ်ခံပြည်သူများ အခြေခံသက်သာချောင်ချိရေးပစ္စည်းရရှိခြင်း ရှိ မရှိတို့ကို သေချာအောင် ဆောင်ရွက်လျက်ရှိသည်။

ယခုနှစ် Onam ပွဲတော်ကို ကျင်းပခြင်းမပြုဟု ပြည်နယ်အစိုးရက ကြေညာထားသော်လည်း ရေဘေးကင်းလွတ်သည့် ဒေသအနည်းငယ်တို့တွင် ပွဲတော်ကျင်းပလျက်ရှိသည်ဟု သိရသည်။ အိမ်တိုင်းအိမ်တိုင်း ဆိုင်တိုင်းဆိုင်တိုင်းတွင် ရောင်စုံမီးများ ထွန်းထားသည်ကို တွေ့ရသည်။ မီဒီယာများတွင် ဖော်ပြချက်အရ ဆိုးရွားသည့် ရေလွှမ်းမိုးမှုကြောင့် သေဆုံးသူဦးရေမှာ ၃၇၀ အထိ ရှိလာပြီး ပျောက်ဆုံးသူဦးရေမှာ ၃၃ ဦးရှိကြောင်း ဖော်ပြကြသည်။

ရေလွှမ်းခံထားရသည့် နေအိမ်များမှာ ပြန်လည်နေထိုင်ရန် အဆင်မပြေသည့်အတွက် ကယ်ဆယ်ရေးစခန်းများတွင် လူများနေထိုင်လျက်ရှိပြီး လိုအပ်သည့်ပစ္စည်းများ ထောက်ပံ့နိုင်ရေးအတွက်လည်း အစိုးရမှ ဆောင်ရွက်လျက်ရှိသည်ဟု ကီရာလာပြည်နယ်ဝန်ကြီးချုပ်က ပြောသည်။

ကီရာလာပြည်နယ် ဝန်ကြီးချုပ်သည် အလက်ပူဇာ၊ ပက်သက်နမ်မီသာ၊ အာနာကူလမ်နှင့် သရစ်ဆာ ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ခဲ့ပြီး ယင်းသို့ ပြောကြားခဲ့ခြင်း ဖြစ်သည်။ ထို့ပြင် ပျက်စီးသွားသည့်နေအိမ်များကို အသစ်ပြန်လည်တည်ဆောက်ခြင်း၊ နေအိမ်များအတွင်းမှ ရွှံ့နွံများ ဖယ်ရှားခြင်းတို့ကိုလည်း အရေးပေါ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထို့ပြင် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများတွင် ချေးငွေ ရူပီးတစ်သိန်းခန့် ချေးမည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

နိုင်ငံတကာ သတင်းတိုထွာ

## ဗဟိုအာဖရိကၥ ငြိမ်းချမ်းရေး ထိန်းသိမ်းရေးအဖွဲ့ဝင် အသတ်ခံရသည့်အတွက် ကုလသမဂ္ဂ ရှုတ်ချ

**ဂျီနီဗာ ဩဂုတ် ၂၅**

ဗဟိုအာဖရိကသမ္မတနိုင်ငံတွင် ငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့ဝင် အသတ်ခံရသည့်အတွက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က သောကြာနေ့တွင် ရှုတ်ချခဲ့သည်။

ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းရေးအဖွဲ့တွင် တာဝန်ထမ်းဆောင်နေသော ဘူရွန်ဒီတပ်သားတစ်ဦး ကြာသပတေးနေ့က အသတ်ခံခဲ့ရရာ စစ်သွေးကြွများက သတ်ဖြတ်သွားသည်ဟု ယူဆရသည်။ ဂူတာရက်စ်က အသတ်ခံရသည့် တပ်ဖွဲ့ဝင်၏ မိသားစုဝင်များကို ဝမ်းနည်းကြောင်း ပြောကြားခဲ့ပြီး ဘူရွန်ဒီအစိုးရကိုလည်း ဝမ်းနည်းကြေကွဲကြောင်း ပြောကြားခဲ့သည်ဟု ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူ စတက်ဖိန်းဒူဂျာရစ်က သတင်းထုတ်ပြန်ထားသည်။

ကုလသမဂ္ဂ၏ ငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်မှုသည် စစ်ရာဇဝတ်မှုမြောက်ကြောင်း ပါဝင်ကျူးလွန်သူများအား ဒဏ်ခတ်ပိတ်ဆို့မှုများ ပြုလုပ်နိုင်သည်ဟု မစ္စတာဂူတာရက်စ်က ပြောသည်။ ဗဟိုအာဖရိကသမ္မတနိုင်ငံအစိုးရကိုလည်း အဆိုပါ အသတ်ခံရမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားရန် ကုလသမဂ္ဂက တိုက်တွန်းထားသည်။ **ဆင်ဟွာ**

## မက္ကဆီကိုနိုင်ငံ၌ ပဋိပက္ခတစ်ခုအတွင်း ခုနစ်ဦးသေဆုံး

**မက္ကဆီကိုစီးတီး ဩဂုတ် ၂၅**

မက္ကဆီကိုတောင်ပိုင်း ဂူရာရိုပြည်နယ်တွင် လက်နက်ကိုင်များနှင့် မက္ကဆီကိုတပ်ဖွဲ့များကြား ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ရာ တပ်ဖွဲ့ဝင်တစ်ဦးနှင့် လက်နက်ကိုင်များဘက်မှ ခြောက်ဦးသေဆုံးခဲ့ကြောင်း ဒေသခံ အာဏာပိုင်များက ပြောသည်။

ယင်းတိုက်ခိုက်မှုမှာ ဒေသစံတော်ချိန် ၇ နာရီ မိနစ် ၄၀ ခန့်တွင် ဖြစ်ပွားခဲ့ကြောင်း မက္ကဆီကိုလုံခြုံရေးတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ရောဘတ်တိုအယ်လ်ဗာရီဇ်က ပြောသည်။ လက်နက်ကိုင်အုပ်စုက ယင်းဒေသတွင် စုံစမ်းစစ်ဆေးမှု ပြုလုပ်နေသော မက္ကဆီကိုတပ်ဖွဲ့ဝင်များထံ သေနတ်ဖြင့် ပစ်ခတ်မှုများ ပြုလုပ်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

ယင်းဒေသလုံခြုံရေးအတွက် ရဲများနှင့် နောက်ထပ် တပ်ဖွဲ့ဝင်များလည်း ရောက်ရှိလာခဲ့ကြောင်း သိရသည်။ ဂူရာရိုပြည်နယ်သည် မှောင်ခိုဂိုဏ်းအချင်းချင်း ရာဇဝတ်မှုဖြစ်ပွားမှု အများဆုံးပြည်နယ်လည်း ဖြစ်သည်။ ပြီးခဲ့သည့် တနင်္လာနေ့ကလည်း မက္ကဆီကိုအနောက်တောင်ပိုင်းမြို့ဖြစ်သည့် အက်ခ်ပိုကိုတွင် လက်နက်ကိုင်များ၏ ချုံခိုတိုက်ခိုက်မှုကြောင့် ရဲအရာရှိငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ခေါင်းဆောင်ပိုင်းပြောင်းလဲမှု မြန်ဆန်လွန်းတဲ့ ဩစတြေးလျနိုင်ငံရေးလောက

**ချိုးစန္ဒီနွေး**

ချမ်းသာကြွယ်ဝပြီး ကမ္ဘာပေါ်မှာ နေထိုင်လို့ အကောင်းဆုံးနိုင်ငံထဲကတစ်ခုအဖြစ် အသိအမှတ်ပြုခံထားရတဲ့ ဩစတြေးလျနိုင်ငံမှာ ဝန်ကြီးချုပ်အပြောင်းအလဲဟာ အတော်လေး မြန်ပါတယ်။



### ဝန်ကြီးချုပ်အပြောင်းအလဲ

ဆယ်စုနှစ် တစ်ခုအတွင်းမှာ ဝန်ကြီးချုပ်အပြောင်းအလဲဟာ ခြောက်ယောက်မြောက်အထိ ရှိသွားပါပြီ။ ၂၀၁၅ ခုနှစ်တုန်းကလည်း ခေါင်းဆောင်ပိုင်းဆိုင်ရာ ပဋိပက္ခတွေကြောင့် ဝန်ကြီးချုပ် တိုနီအက်ဘော့ ပြုတ်ကျသွားခဲ့ပြီး သူ့နေရာမှာ မယ်ကွန်တန်ဘူးလ်က အစားထိုးဝင်ယူကာ ဝန်ကြီးချုပ်ဖြစ်လာခဲ့ပါတယ်။ အာဏာလွှဲပြောင်းရယူစဉ်က မယ်ကွန်တန်ဘူးလ်ဟာ စိတ်လှုပ်ရှားစရာတွေနဲ့ ကြုံတွေ့ခဲ့ပြီး နောက်ထပ် သုံးနှစ်အကြာ အခုအချိန်မှာလည်း နောက်ထပ် စိတ်လှုပ်ရှားစရာတွေနဲ့ ထပ်မံကြုံတွေ့ရမယ့်အချိန် ရောက်လာခဲ့ပြန်ပါပြီ။ မစ္စတာ တန်ဘူးလ်လက်ထက်မှာ ဝန်ကြီး ၁၀ ဦးထက်မနည်း နုတ်ထွက်ခွင့်တင်ကြတဲ့အတွက် ခေါင်းဆောင်ပိုင်းပြုတ်လပ်မှု ပြဿနာတွေနဲ့ ကြုံတွေ့ခဲ့ရပြီး ဝန်ကြီးချုပ် အပြောင်းအလဲအထိ ဦးတည်သွားခဲ့ပါတော့တယ်။

၂၀၁၅ ခုနှစ်မှာ မစ္စတာတန်ဘူးလ် အာဏာရလာတဲ့အခါ ဆေးဘက်ဆိုင်ရာပညာရှင်တွေဟာ လူနာရဲ့စိတ်ကျန်းမာရေးအခြေအနေကို စစ်ဆေးတဲ့အခါ မေးလေ့မေးထရှိတဲ့ မေးခွန်းဖြစ်တဲ့ နိုင်ငံရဲ့ ဝန်ကြီးချုပ်ရဲ့ နာမည်ဟာ ဘယ်သူလဲဆိုတဲ့ မေးခွန်းကို ပယ်ဖျက်ပစ်ဖို့ ဆုံးဖြတ်လိုက်ကြပါတယ်။ ဝန်ကြီးချုပ် ခဏခဏ အပြောင်းအလဲကြောင့် လူနာတွေအတွက် ဝန်ကြီးချုပ်ရဲ့ နာမည်ကို မှတ်သားထားဖို့ဆိုတာ ခက်ခဲလိမ့်မယ်လို့ ယူဆတဲ့အတွက် ပယ်ဖျက်လိုက်ခြင်းဖြစ်တယ်လို့ ကြားဖူးပါတယ်။

### သုံးနှစ်သက်တမ်း

ဒီမိုကရေစီနိုင်ငံအများစုမှာ ရွေးကောက်ပွဲကို လေးနှစ်တစ်ကြိမ် ဒါမှမဟုတ်ရင် ငါးနှစ်တစ်ကြိမ် ကျင်းပလေ့ရှိပါတယ်။ ဩစတြေးလျနိုင်ငံကတော့ တစ်မူထူးခြားပါတယ်။ ရွေးကောက်ပွဲကို သုံးနှစ်တစ်ကြိမ် ကျင်းပလေ့ရှိပါတယ်။ ဒီတော့ အစိုးရအဖွဲ့တစ်ခုရဲ့ သက်တမ်းဟာ အတော်လေး တိုတောင်းတာကို တွေ့ရပါတယ်။ မဲလ်ဘုန်းတက္ကသိုလ်ရဲ့ အဆိုအရ အစိုးရအဖွဲ့တစ်ဖွဲ့ရဲ့ သက်တမ်းဟာ တကယ်တမ်း တွက်ကြည့်မယ်ဆိုရင် ၃၂ လတာသာရှိတယ်လို့ သိရပါတယ်။ ဒီတော့ မဲဆန္ဒရှင်တွေအနေနဲ့ နိုင်ငံရေးအပေါ် ပိုပြီးထိန်းချုပ်နိုင်တယ်လို့ ရှေ့နေတွေက ဆိုကြပါတယ်။ ဒါပေမယ့်လည်း ဝေဖန်သူတွေကတော့ အစိုးရသက်တမ်းဟာ တိုတောင်းတဲ့အတွက် ပါလီမန်အမတ်တွေဟာ ကာလတိုအတွင်း နိုင်ငံရေးရှင်သန်ဖို့အတွက်ပဲ အားပြုလာကြပြီး ကာလရှည်လုပ်ဆောင်ရမယ့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိစ္စတွေမှာတော့ လုပ်ဆောင်ဖို့ ပျက်ကွက်လာကြတယ်လို့ ဝေဖန်ကြပါတယ်။ အစ္စရေးနိုင်ငံဆိုင်ရာ သံအမတ်ဟောင်းတစ်ဦးဖြစ်တဲ့ ဒေ့ဗ်ရှာမာကတော့ ၂၀၁၃ ခုနှစ်ကနေ ၂၀၁၇ ခုနှစ်အတွင်း လေးနှစ်တာကာလမှာ ဝန်ကြီးချုပ် လေးဦးပြောင်းတာကို ကြုံတွေ့ရပြီးဖြစ်ပါတယ်။ ပြောင်းလဲသွားကြတဲ့ ဝန်ကြီးချုပ်တွေကတော့ ဂျူလီယာဂေးလာဒ်၊ ကီဗင်ရက်ဒ်၊ တိုနီအက်ဘော့နဲ့ မစ္စတာ တန်ဘူးလ်တို့ပဲဖြစ်တယ်လို့ ပြောပါတယ်။ အဲဒီ ဝန်ကြီးချုပ်လေးဦးထဲက နှစ်ဦးဖြစ်တဲ့ ဂျူလီယာနဲ့ မစ္စတာ အက်ဘော့တို့ကတော့ ပါတီကနေ ဖြုတ်ချတာကို ခံရတာပဲဖြစ်ပါတယ်။

### နိုင်ငံရေးဆိုင်ရာ ဖရိုဖရဲအခြေအနေများ

ဩစတြေးလျနိုင်ငံဟာ ၂၇ နှစ်တာကာလအတွင်း ဆုတ်ယုတ်သွားမှုဆိုတာ မရှိ တစ်ရှိန်ထိုး တိုးတက်လာခဲ့ပါတယ်။ ဆက်တိုက် ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် အမေရိကန်နိုင်ငံအပါအဝင် နိုင်ငံအတော်များများအတွက်တော့ ဩစတြေးလျနိုင်ငံဟာ မနာလိုစရာပါပဲ။ စီးပွားရေးမှာ အောင်မြင်တိုးတက်ပေမယ့် နိုင်ငံရေးမှာတော့ ဖရိုဖရဲနိုင်တာကို တွေ့ရပါတယ်။ ဝန်ကြီးချုပ်တွေကို ဖြုတ်ချတဲ့ အလေ့အထဟာ ဝန်ကြီးချုပ် ကီဗင်ရက်ဒ်လက်ထက်က စခဲ့တာလို့ မှတ်ယူရမှာပါ။ ဝန်ကြီးချုပ် ကီဗင်ရက်ဒ်ကို ၂၀၁၀ ပြည့်နှစ်မှာ ဖြုတ်ချခဲ့ပြီး ဂျူလီယာဂေးလာဒ်က ဝန်ကြီးချုပ်နေရာ လွှဲပြောင်းယူခဲ့ပါတယ်။ အဲဒီအချိန်ကစလို့ ဩစတြေးလျနိုင်ငံသားတွေရဲ့ စိတ်ထဲမှာ ဝန်ကြီးချုပ်အပြောင်းအလဲဆိုတာ အချိန်မရွေး ပေါ်ပေါက်လာနိုင်တဲ့ အရာလို့ မှတ်ယူလာကြပါတယ်။

တစ်ချိန်တည်းမှာပဲ ရွေးကောက်ပွဲရလဒ်ကြောင့်မဟုတ်ဘဲ အစိုးရအဖွဲ့အတွင်း ခေါင်းဆောင်အပြောင်းအလဲဟာ ဩစတြေးလျမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ အရာ မဟုတ်ပါဘူး။ ၂၀၁၀ မတိုင်ခင်က ဆိုရင် နှစ်ပေါင်း ၅၀ အတွင်းမှာ တကယ့်စိန်ခေါ်မှုနဲ့ ကြုံတွေ့ရတဲ့အချိန် နှစ်ကြိမ်သာ ရှိခဲ့ဖူးပါတယ်။ ၁၉၇၁ ခုနှစ်မှာ တစ်ကြိမ်၊ ၁၉၉၁ ခုနှစ်မှာ တစ်ကြိမ်၊ ဒီနှစ်ကြိမ်ကလွဲရင် ခေါင်းဆောင်ပိုင်း အပြောင်းအလဲဟာ ပုံမှန်ပါပဲ။ ၂၀၁၀ ပြည့်နှစ်မှာ ကီဗင်ရက်ဒ်ကို ဝန်ကြီးချုပ်ရာထူးကနေ ဖြုတ်ချလိုက်တဲ့နောက်မှာတော့ နိုင်ငံရေးသမားတွေအတွက် လမ်းစပွင့်သွားတယ်။ ဝန်ကြီးချုပ်အပြောင်းအလဲလုပ်ဖို့ဆိုတာ လွယ်ကူသွားပါတယ်။ ၂၀၁၀ နောက်ပိုင်းမှာ ခေါင်းဆောင်ပိုင်း အပြောင်းအလဲ သုံးကြိမ်ထက်မနည်း ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဂျူလီယာကနေ ကီဗင်ရက်ဒ်ထံ ဝန်ကြီးချုပ်နေရာ ပြန်လွှဲပေးခဲ့ရပြီး အဲဒီနောက်မှာတော့ အက်ဘော့ကနေ တန်ဘူးလ်ကို လွှဲပေးလိုက်ရပါတယ်။ အခုတစ်ဖန် မစ္စတာ တန်ဘူးလ်ကနေ သူ့ရဲ့ ဘဏ္ဍာရေးဝန်ကြီး စကော့မော်ရစ်ဆင်ထံ ဝန်ကြီးချုပ်နေရာ လွှဲပြောင်းပေးလိုက်ရပြန်ပါပြီ။ မစ္စတာ တန်ဘူးလ်ဟာ ပါတီတွင်း ခေါင်းဆောင်ပိုင်းမှာ မဲပေးဆုံးဖြတ်ခဲ့တဲ့အခါမှာတော့ ပွတ်ကာသီကာနဲ့ အနိုင်ရရှိခဲ့ပေမယ့် သူ့ရဲ့ အစိုးရအဖွဲ့ဝင် ဝန်ကြီးငါးဦး နုတ်ထွက်သွားတဲ့အခါမှာတော့ သူ့ကို ဆန့်ကျင်သူတွေဟာ နောက်ထပ်တစ်ကြိမ် ပါတီတွင်းမှာပဲ ပြန်ပြီးမဲပေးကြဖို့ တောင်းဆိုခဲ့ကြပါတယ်။ အဲဒီအခါမှာ ရှုံးနိမ့်ခဲ့ပြီး ရာထူးကနေ နုတ်ထွက်ခဲ့ရတာပါ။

### ကစားပွဲဖြစ်လာတဲ့ နိုင်ငံရေး

ကီဗင်ရက်ဒ် ဖယ်ရှားခံလိုက်ရတဲ့နောက်ပိုင်းမှာ သူ့ကိုထောက်ခံသူတွေနဲ့ ဘဏ္ဍာရေးဝန်ကြီးဟောင်းဖြစ်သူ လင်ဆေးတန်နာက ဩစတြေးလျမှာရှိတဲ့ ဒီမိုကရေစီဟာ အကျဘက်ကို ဦးတည်လာတယ်လို့ ပြောပါတယ်။ ပြဿနာရဲ့ အစိတ်အပိုင်းတစ်ခုကတော့ နိုင်ငံရေးသမားပဲဖြစ်ဖြစ်၊ ဂျာနယ်လစ်သမားပဲဖြစ်ဖြစ် နိုင်ငံရေးကို ကစားပွဲတစ်ခုလို မြင်လာတာပဲဖြစ်တယ်လို့ သူက ဆက်ပြောပါတယ်။ အမေရိကန်ပြည်ထောင်စုနဲ့ ဗြိတိန်နိုင်ငံတို့လိုပဲ နိုင်ငံရေးမှာ ပိုမိုကွဲပြားလာပြီး ဘက်လိုက်မှုတွေ ရှိလာတယ်လို့လည်း လင်ဆေးက ပြောပါတယ်။ ဩစတြေးလျမှာ အဓိက ပါတီကြီးနှစ်ခုကတော့ လစ်ဘရယ်ပါတီနဲ့ လေဘာပါတီတို့ပဲ ဖြစ်ပါတယ်။ လစ်ဘရယ်ပါတီဟာ ရှေးရိုးအစဉ်အလာကတည်းက လေဘာပါတီကို ဆန့်ကျင်ပြီး ကော်လာအဖြူလူတန်းစားတွေ အများစုနဲ့ ဖွဲ့စည်းထားတာဖြစ်တယ်။ အခုအခါမှာတော့ ပါတီအတွင်း ပါဝင်ဖွဲ့စည်းမှုဟာ အတော်လေး ဖရိုဖရဲနိုင်လာတယ်။ ပါတီမှာ ဆိုရှယ်ကွန်ဆာဗေးတစ်သမားတွေ၊ စီးပွားရေး ပြုပြင်ပြောင်းလဲရေးသမားတွေ၊ သဘောထားပျော့ပျောင်းတဲ့ လစ်ဘရယ်တွေနဲ့ ဖွဲ့စည်းထားပါတယ်။ ဖြုတ်ချခံလိုက်ရတဲ့ မစ္စတာ တန်ဘူးလ်ကတော့ အခုအခါမှာ ပါတီစားပွဲဝိုင်းမှာကိုပဲ ကလန်ကဆန်လုပ်မှုတွေ၊ ကန့်ကွက်သံတွေနဲ့ ပြည့်နေတယ်လို့ ပြောလိုက်ပါတယ်။

### ဝန်ကြီးချုပ်အသစ် မော်ရစ်ဆင်

အခု ဝန်ကြီးချုပ်အသစ်အဖြစ် ရွေးချယ်ခံလိုက်ရတဲ့ စကောက်မော်ရစ်ဆင်ဟာ လစ်ဘရယ်ပါတီရဲ့ ရွေးချယ်မှုနဲ့အတူ ဝန်ကြီးချုပ်ဖြစ်လာပြီး သောကြာနေ့ မွန်းလွဲပိုင်းမှာပဲ ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာ ကျိန်ဆိုခဲ့ပါတယ်။ မော်ရစ်ဆင်က ဩစတြေးလျပြည်သူတွေရဲ့ဘဝ အကြမ်းဖက်သမားတွေရဲ့ ဘေးအန္တရာယ်က ကင်းဝေးအောင်၊ စီးပွားရေးမှာ ပိုမိုခိုင်မာအားကောင်းလာအောင် လုပ်ဆောင်မယ်လို့ ကတိပေးပြောကြားခဲ့ပါတယ်။ ဒါပေမယ့် ပါတီတွင်း အဆင်မပြေမှုတွေကြောင့် ခေါင်းဆောင်ပိုင်း အပြောင်းအလဲကို လျင်လျင်မြန်မြန်လုပ်လာနိုင်ရင် မစ္စတာ မော်ရစ်ဆင် အလှည့်ကျရင်ရော ဘာတွေ ဆက်ဖြစ်လာမှာလဲ။ နိုင်ငံ့ခေါင်းဆောင်ပိုင်းနေရာ အပြောင်းအလဲမြန်နေတဲ့ ဩစတြေးလျနိုင်ငံရဲ့ နိုင်ငံရေးအခြေအနေကို အားလုံးက စိတ်ဝင်စားနေကြတာတော့ အမှန်ပါပဲ။ ။

**ကိုးကား- စီအင်န်အင်န်၊ ဘီဘီစီ**

> “၂၀၁၀ ပြည့်နှစ်မှာ ကီဗင်ရက်ဒ်ကို ဝန်ကြီးချုပ်ရာထူးကနေ ဖြုတ်ချလိုက်တဲ့ နောက်မှာတော့ နိုင်ငံရေးသမားတွေအတွက် လမ်းစပွင့်သွားတယ်။ ဝန်ကြီးချုပ် အပြောင်းအလဲလုပ်ဖို့ဆိုတာ လွယ်ကူသွားပါတယ်။ ၂၀၁၀ နောက်ပိုင်းမှာ ခေါင်းဆောင်ပိုင်းအပြောင်းအလဲ သုံးကြိမ်ထက်မနည်း ပြုလုပ်ခဲ့ပြီးဖြစ်”

# ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို မင်းဘူးမြို့ကလေးစာပေပွဲတော်နှင့် စာအုပ်ဈေးရောင်းပွဲတော်ဖွင့်ပွဲ တက်ရောက်



**မင်းဘူး ဩဂုတ် ၂၅**
မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းကျင်းပသည့် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့်စာအုပ်ဈေးရောင်းပွဲတော် ဖွင့်ပွဲကို ယနေ့ နံနက်က အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ကလေးစာပေပွဲတော် မုခ်ဦးဆိုင်းဘုတ်ကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေး၊ တိုင်းဒေသကြီး အတွင်းရေးမှူး ဦးဝေဇင်ထွန်း၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးညွန့်နိုင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စွမ်းရည်နှင့် ခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ အုပ်ချုပ်ရေးမှူး ဦးစန်းဌေးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဝန်ကြီးချုပ်က ယခုကဲ့သို့ ကျောင်းသား ကျောင်းသူများအတွက် ကလေးစာပေပွဲတော်များ ကျင်းပပေးခြင်းသည် ကျောင်းသား ကျောင်းသူများ စာအုပ်စာပေဖတ်ရှုလေ့လာသည့် အလေ့အကျင့်များကို ပေးစွမ်းနိုင်မည်ဖြစ်ကြောင်း၊ စာအုပ်စာပေသည် လူသားတိုင်းအတွက် မိတ်ဆွေကောင်း တစ်ခုပင်ဖြစ်ကြောင်းနှင့် စာအုပ်စာပေဖတ်ရှုခြင်းမှရရှိသည့် စာပေအသိပညာသည် မိမိဘဝ ကောင်းကျိုး၊ နိုင်ငံအတွက် ကောင်းကျိုးများစွာကို စွမ်းဆောင်ပေးသွားနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လူမှုရေးဝန်ကြီးက အမှာစကားပြောကြားပြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က ကလေးစာပေပွဲတော်၌ ထည့်သွင်းကျင်းပသည့် ပြိုင်ပွဲများ၊ ပြခန်းများနှင့် ဖျော်ဖြေရေးအစီအစဉ်များကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါ ကလေးစာပေပွဲတော်ကို ကလေးများစာအုပ်စာပေ၌ နှစ်သက်မွေ့လျော်ကာ ရာသက်ပန် ပညာရှာမှီးသူများဖြစ်လာစေရန်၊ ပွဲတော်၌ ပျော်ရွှင်စွာဆင်နွှဲရင်း စုပေါင်းအလုပ်များတွင် ဝိုင်းဝန်းပါဝင်တတ်သည့် အလေ့အထကောင်းများ ရရှိလာစေရန်နှင့် ပညာဗဟုသုတရော လူရည်လူသွေးပါ ပြည့်ဝ၍ အနာဂတ်တွင် တိုင်းပြည်အတွက် ဦးဆောင်ဦးရွက်ပြုသူများဖြစ်လာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ရာ ပွဲတော်၌ ပုံပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ အိမ်ဆောက်ကစားနည်း ပြိုင်ပွဲ၊ အရုပ်ဆက်၊ စကားပုံဆက်ပြိုင်ပွဲ၊ မူကြိုကဗျာရွတ်ပြိုင်ပွဲ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲ၊ ခြင်းအလှုပြိုင်ပွဲ၊ ခြင်းတော့ပြိုင်ပွဲ၊ ဘတ်စကက်ပစ်သွင်းပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်(ကျား၊မ) ပြိုင်ပွဲ၊ ဖူဆယ်ဂိုးသွင်းပြိုင်ပွဲ၊ ဘောလုံးတော့ ပြိုင်ပွဲများနှင့် ကလေးစာဖတ်ခန်းစာအုပ်ပြခန်း၊ ယဉ်ကျေးမှုအနုပညာနှင့် ဒေသဆိုင်ရာပြခန်း၊ ကလေးသူငယ် အခွင့်အရေးဆိုင်ရာပြခန်း၊ နတ်ရေကန်တောင်တန်းဒေသရှိ ချင်းရိုးရာအသုံးအဆောင်ပစ္စည်းများပြခန်း၊ စွမ်းအားမြှင့် (A-1) မီးဖို ထုတ်လုပ်ရေးပြခန်း၊ တိုင်းရင်းသားယဉ်ကျေးမှု ရိုးရာအကများဖြင့် ဖျော်ဖြေရေးအစီအစဉ်များ၊ စာပေဟောပြောပွဲတို့ကို ဩဂုတ် ၂၅ ရက်မှ ၂၆ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး၊ ရဲဝင်းနိုင်**

# ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ ပိတ်သိမ်းခြင်းအခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို တက်ရောက်

**လွိုင်ကော် ဩဂုတ် ၂၅**
အပြည်ပြည်ဆိုင်ရာ အကူအညီပေးရေးအဖွဲ့သည် ကယားပြည်နယ်အတွင်း လွိုင်ကော်၊ ရှားတော၊ ဒီးမော့ဆိုနှင့် ဖရူဆိုမြို့နယ်တို့ရှိ ကျေးရွာများတွင် ဒေသခံ လူမှုအဖွဲ့အစည်းများဖြစ်သော Mercy Corps၊ The Border Consortium(TBC)၊ AVSI၊ ငြိမ်းဖောင်ဒေးရှင်းစသည့် ဒေသခံလူမှုအဖွဲ့အစည်း ၁၀ ဖွဲ့နှင့် ပူးပေါင်းပြီး လူထုဦးဆောင်သော ဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်ခဲ့ရာ စီမံကိန်းလုပ်ငန်းများ ပိတ်သိမ်းခြင်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ခြင်းအခမ်းအနားကို ယမန်နေ့က လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ UNs၊ NGOs၊ CSOs မှ ကိုယ်စားလှယ်များ၊ မြို့နယ်လေးမြို့နယ်အတွင်းရှိ ကျေးရွာများမှ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အစိုးရ၊ ဌာန၊ လူမှုရေးအဖွဲ့အစည်းများက ဆောင်ရွက်လျက်ရှိသော စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ အားသာချက်၊ အားနည်းချက်များ ရှိနေမည်ဖြစ်ရာ အားသာချက်များကို အားသာသထက် အားသာအောင် ဆောင်ရွက်ပြီး အားနည်းချက်များကိုလည်း လျော့နည်းပပျောက်စေရေး သက်ဆိုင်သူအားလုံး ပူးပေါင်းချိတ်ဆက်၍ ဟန်ချက်ညီညီ ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ စီမံကိန်းနှင့် ပတ်သက်ပြီး ဒေသခံပြည်သူများ သိရှိစေရေး သိသင့်သိထိုက်ရမည့် အချက်အလက်များကို ချပြရမည်ဖြစ်ကြောင်း၊ စီမံကိန်းအောင်မြင်ရန် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လျစ်လျူရှုမနေဘဲ ပံ့ပိုးချိတ်ဆက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခုအခါ ပူးပေါင်းဆောင်ရွက်သည့် ကဏ္ဍများမှာ ယခင်ကထက် ပိုမိုအားကောင်းလာသည်ကို တွေ့ရှိရသော်လည်း မြေပြင်အခြေအနေမှာ လိုအပ်ချက်များရှိနေပြီး ထပ်မံကြိုးစားဖို့ လိုအပ်ကြောင်း၊ အခက်အခဲ၊ အားနည်းချက်များရှိပါက ယခုလို ကျင်းပသည့် အခမ်းအနားများတွင်သော် လည်းကောင်း၊ ပြည်နယ်အစိုးရ အဖွဲ့ရုံးသို့ လာရောက်၍သော် လည်းကောင်း တင်ပြကြရန်၊ တင်ပြချက်များအပေါ်တွင် အကောင်းဆုံး ချိတ်ဆက်ပူးပေါင်း၍ ဆောင်ရွက်ပေးလျက် ရှိကြောင်း၊ IRC အနေဖြင့် လွိုင်ကော်၊ ဒီးမော့ဆို၊ ဖရူဆိုနှင့် ရှားတောမြို့နယ်များရှိ ကျေးရွာ ၈၅ ရွာမှ အိမ်ခြေ ၅၆၂၀ ရှိ လူဦးရေ နှစ်သောင်းကျော်ကို အကျိုးခံစားခွင့်ရရှိရေး ဖော်ဆောင်ပေးနိုင်ခဲ့ခြင်းကို ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ပြည်သူလူထုအကျိုးကိုရှေးရှုပြီး ပြည်သူကိုယ်တိုင် ဦးစီးဦးဆောင်ပြုလုပ်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အစိုးရ၊ ဌာန၊ ပြည်သူများ၏ အားကိုယူပြီး ဆက်လက်ကြိုးပမ်းဖော်ဆောင်နိုင်စေကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ IRC မြန်မာနိုင်ငံဌာနေကိုယ်စားလှယ်က အမှာစကားပြောကြားပြီး IRC စီမံကိန်း ညှိနှိုင်းရေးမှူးက စီမံကိန်းဖော်ဆောင်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းခဲ့ကြောင်း သိရသည်။ **စိုင်းဉာဏ်လင်းထွဋ်**





# စွန့်ပစ်အမှိုက်များမှ လျှပ်စစ်ဓာတ်အားနှင့် ဓာတ်မြေဩဇာထုတ်လုပ်နိုင်ရေး ဝန်ကြီးချုပ် ဦးဝင်းသိန်းထံ လာရောက်ဆွေးနွေး

**ပဲခူး ဩဂုတ် ၂၅**
ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ညှိခန်းမ၌ ယမန်နေ့က Dynamic Engineering & General Trading Co., Ltd . ဥက္ကဋ္ဌ ဦးငြိမ်းမောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် တိုင်းဒေသကြီးဝန်ကြီးချုပ်ထံသို့ စွန့်ပစ်အမှိုက်များမှ လျှပ်စစ်ဓာတ်အားနှင့် ဓာတ်မြေဩဇာထုတ်လုပ်နိုင်ရေး လာရောက်တွေ့ဆုံဆွေးနွေးကြောင်း သိရသည်။

ရှေးဦးစွာ ဥက္ကဋ္ဌ ဦးငြိမ်းမောင်က ဝက်မွေးမြူရေး၊ စွန့်ပစ်အမှိုက်များမှ တစ်ဆင့် လျှပ်စစ်ဓာတ်အားနှင့် ဓာတ်မြေဩဇာထုတ်လုပ်နိုင်ရေးကို ၎င်းတို့၏ မိတ်ဖက်ကုမ္ပဏီတစ်ခုဖြစ်သော ထိုင်းနိုင်ငံအခြေစိုက် Global Service Interlink Co., Ltd. နှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လိုကြောင်းကိုလည်းကောင်း၊ Global Service Interlink Co., Ltd. CEO . Dr. Ratanaporn Dharnmakosol က လက်ရှိထိုင်းနိုင်ငံ၌ စွန့်ပစ်အမှိုက်များမှတစ်ဆင့် လျှပ်စစ်ဓာတ်အားနှင့် ဓာတ်မြေဩဇာထုတ်လုပ်နေမှုတို့ကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက မြန်မာနိုင်ငံသူ နိုင်ငံသားများအတွက် လူ့စွမ်းအားအရင်းအမြစ်၊ နည်းပညာနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်သည့် မည်သည့်ရင်းနှီးမြှုပ်နှံမှုမျိုးကိုမဆို ကြိုဆိုလျက်ရှိကြောင်း၊ စွန့်ပစ်ပစ္စည်းမှစိုက်ပျိုးရေးအတွက် ဓာတ်မြေဩဇာ၊ စက်ရုံအလုပ်ရုံများအတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးရန် ရင်းနှီးမြှုပ်နှံမှုသည် ပဲခူးဒေသအတွက် အကျိုးရှိနိုင်မည်ကို သိရှိရကြောင်း၊ စွန့်ပစ်အမှိုက်များ ထားရှိရန်နေရာသည် မြို့ပြဒေသအတွက် အလွန်ပင် အခက်အခဲများရှိကြောင်း၊ ယင်းတို့ကို တန်ဖိုးရှိအောင် ပြန်လည်အသုံးချသည့် စက်ရုံတည်ဆောက်ခြင်းအားဖြင့် မြို့ပြသန့်ရှင်းသာယာလှပရေးကို အထောက်အကူဖြစ်စေကြောင်းနှင့် မွေးမြူရေးလုပ်ငန်းများနှင့် ပတ်သက်၍ မြို့ပြစီမံကိန်းရေးဆွဲရေး ပညာရှင်များနှင့် တိုင်ပင်၍ မွေးမြူရေးဇုန်နယ်မြေတစ်ခု သတ်မှတ်၍ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ပြောကြားခဲ့သည်။

**ဟိန်းထက်(ပြန်/ဆက်)**

# စစ်တွေမြို့နယ် အရပ်ရပ်အခွင့်အရေးလိုင်စင်များ လေလံတင်ရောင်းချပွဲ ကျင်းပ

**စစ်တွေ ဩဂုတ် ၂၅**
စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၇-၂၀၁၈ ခုဘဏ္ဍာရေးနှစ်အတွက် အရပ်ရပ်အခွင့်အရေး လုပ်ငန်းလိုင်စင်များ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်း အခမ်းအနားကို ယမန်နေ့က စစ်တွေမြို့ခိုင်သဇင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံနှင့် ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးဝင်းမြင့်တို့က အမှာစကားပြောကြားပြီး မြို့နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးရွှေကျော်သာက လိုင်စင်ရရှိအောင်မြင်သူများအနေဖြင့် လိုက်နာဆောင်ရွက်ရမည့် အခြေအနေများ၊ အရပ်ရပ်အခွင့်အရေးလိုင်စင်များ၏ စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက လေလံတင်ဒါအောင်မြင်သူများ၏ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များနှင့် ပတ်သက်၍ သိလိုသည်များကို မေးမြန်းကြရာ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်မိုးက ပြန်လည်ရှင်းလင်းဖြေကြားသည်။ လုပ်ငန်းလိုင်စင်များ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချရာတွင် မြို့ပေါ်လုပ်ငန်းများဖြစ်သည့် ကူးတို့၊ ဈေးကောက်၊ အပေါင်ဆိုင်၊ အမဲ၊ ဝက်၊ ကြက်နှင့် သားသတ်လုပ်ငန်း ၄၄ မျိုးရှိပြီး လေလံဝင်ရောက်ယှဉ်ပြိုင်သူလုပ်ငန်းရှင် ၃၁ ဦးရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မြန်မာနိုင်ငံကာတွန်းဆရာများအသင်း ရေဘေးကူညီကယ်ဆယ်ရေးရန်ပုံငွေ ရှာဖွေပွဲကို ရန်ကုန်နှင့် မန္တလေးတွင် တစ်ပြိုင်တည်း ကျင်းပ




**ရန်ကုန် ဩဂုတ် ၂၅**
မြန်မာနိုင်ငံ ကာတွန်းဆရာများအသင်း ရေဘေးကူညီရေး ရန်ပုံငွေ ရှာဖွေပွဲကို ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံရှေ့နှင့် မန္တလေးမြို့ ၂၆လမ်း၊ ၆၆×၆၇ လမ်းကြားတို့တွင် ဩဂုတ် ၂၄ ရက်မှ ၂၆ ရက်အထိ တစ်ပြိုင်တည်း ကျင်းပခဲ့သည်။

အဆိုပါ ရန်ပုံငွေရှာဖွေပွဲကို နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ရန်ကုန်နှင့် မန္တလေးတွင် ကျင်းပခြင်းဖြစ်ပြီး တီရှပ်အင်္ကျီတစ်ထည်လျှင် ငွေကျပ်ငါးထောင်ဖြင့် ကုသိုလ်ယူနိုင်ကာ ထိုအင်္ကျီပေါ်တွင် ကာတွန်းဆရာများက အမှတ်တရ ကာတွန်းပုံများကို ရေးဆွဲပေးခြင်း၊ ရေဘေးသင့် ပြည်သူတို့အတွက် အလှူငွေ လက်ခံခြင်းတို့ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“ပြည်သူနဲ့ တစ်သားတည်းဖြစ်တဲ့အတွက် ဒုက္ခရောက်နေတဲ့ သူတွေကို ကူညီဖို့ တတ်ကျွမ်းတဲ့ပညာနဲ့ ရန်ပုံငွေ ရှာတာပါ။ တီရှပ်တစ်ထည်ကို ငါးထောင်နဲ့ အလှူခံပါတယ်။ ကြိုက်တဲ့ကာတွန်းဆရာ ထံမှာ ပုံဆွဲလို့ရပါတယ်။ ရတဲ့ငွေကြေး အပေါ်မူတည်ပြီး ခရီးရပ်နီးရပ်ဝေး သွားလှူမှာပါ။ ရပ်နီးရပ်ဝေးက ကာတွန်းဆရာတွေ လာကြပါတယ်။ ဒါက ဒုတိယအကြိမ်ပါ။ ဘယ်မြို့နယ်မှာ ကယ်ဆယ်ရေးစခန်းရှိတယ်၊ ဒုက္ခသည် ဘယ်လောက်ရှိတယ်ဆိုတာ သိရရင် လှူဒါန်းတဲ့သူတွေအတွက် ပိုပြီး အဆင်ပြေမှာပါ” ဟု ကာတွန်းဆရာ ဦးမောင်မောင်လှိုင် (ရွှေမင်းသား)က ပြောသည်။

မြန်မာတစ်နိုင်ငံလုံးတွင် ကာတွန်းဆရာ ၂၅၀ ခန့်ရှိပြီး ရန်ကုန်မြို့တွင် ၅၀ ကျော်ရှိသည်။ အိန္ဒိယနှင့် ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံထက် ရေဘေးဒုက္ခပို၍ ကြုံတွေ့ခဲ့ရ၍ မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်သည် အခြားနိုင်ငံတို့ထက် ဆိုးရွားမှုနည်းသော်လည်း ပြည်သူနှင့်အတူ ယခုလိုဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံကာတွန်းဆရာအသင်းက ဆိုသည်။

မြန်မာနိုင်ငံ ကာတွန်းဆရာများအသင်းဥက္ကဋ္ဌ အော်ပီကျယ်က ယခုလို ရန်ပုံငွေရှာခြင်းသည် သုံးကြိမ်မြောက်ဖြစ်ပြီး မိုးရာသီတွင် ကာတွန်းပြသရခြင်းမှာ အခက်အခဲရှိသော်လည်း ဒုက္ခရောက်နေသူတို့ကို လှူဒါန်းရန် လိုအပ်နေ၍ ကာတွန်းဆရာများ အချိန်မဆိုင်းဘဲ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယနေ့ ကာတွန်းဆရာ ရာကျော် လာရောက်ကူညီမှုအပေါ် ဝမ်းသာကြောင်းနှင့် ငွေကျပ် ၁၅၀၀တန်သော တီရှပ်အင်္ကျီကို ငွေကျပ် ငါးထောင်ဖြင့် လှူဒါန်းသော ပြည်သူတို့ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း ပြောသည်။

ယနေ့ ရန်ပုံငွေပွဲတွင် ကာတွန်းဆရာများက ဖျော်ဖြေရေးအစီအစဉ်နှင့်အတူ ကာတွန်းလက်ရာများကို ရေးဆွဲပေးခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် အခြားဒေသတို့မှ ၁၀၀ ခန့်က ရန်ကုန်နှင့် မန္တလေးတွင် တစ်ပြိုင်တည်း သုံးရက်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သန်းထိုက်**

# မြန်မာနိုင်ငံတွင် ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးလာစေရန် SAP ရုံး ဖွင့်လှစ်

**ရန်ကုန် ဩဂုတ် ၂၅**
မြန်မာနိုင်ငံတွင် ဟိုတယ်များ၊ လေဆိပ်များ၊ လက်လီအရောင်းဆိုင်များ အပါအဝင် ဒစ်ဂျစ်တယ်နည်းပညာအရ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ရည်ရွယ်ကာ ကမ္ဘာ့ထိပ်တန်း စီးပွားရေးလုပ်ငန်းဆိုင်ရာ အပလီကေးရှင်းဆော့ဖ်ဝဲလ် ဈေးကွက်ကို ဦးဆောင်နေသည့် SAP ရုံးဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က ရန်ကုန်မြို့ မီလီယာဟိုတယ်၌ ကျင်းပသည်။

“မြန်မာနိုင်ငံမှာဖွင့်လှစ်တဲ့ SAP ရုံးဟာ အရှေ့တောင်အာရှမှာ ၁၁ ရုံးမြောက် ရုံးခွဲအဖြစ် ဖွင့်လှစ်ပေးတာ ဖြစ်ပါတယ်။ ဒီရုံးဖွင့်လှစ်ပေးနိုင်ခြင်းဖြင့် မြန်မာနိုင်ငံမှာ လုပ်ကိုင်နေတဲ့ စီးပွားရေးလုပ်ငန်းတွေ ဒစ်ဂျစ်တယ်စနစ်ကို ကူးပြောင်းရာမှာ များစွာအထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။ မြန်မာ့စီးပွားရေးလုပ်ငန်းတွေ ပိုမိုယှဉ်ပြိုင်နိုင်စေဖို့နဲ့ ပိုမိုကောင်းမွန်တဲ့ နည်းပညာပိုင်းကို လျင်လျင်မြန်မြန် တက်လှမ်းနိုင်အောင် ကူညီဖို့ အသင့်ရှိပါတယ်”ဟု အရှေ့တောင်အာရှဆိုင်ရာ SAP ဥက္ကဋ္ဌ Mr. Claus Andersen က ပြောသည်။

အဆိုပါရုံးအနေဖြင့် မြန်မာနိုင်ငံတွင် ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းလဲအသုံးပြုနေသော စီးပွားရေးလုပ်ငန်းများအတွက် ပိုမိုကောင်းမွန်သော အပလီကေးရှင်း ဝန်ဆောင်မှု ပေးနိုင်ရန်အတွက်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသို့ SAP အနေဖြင့် ၂၀၁၇ ခုနှစ်တွင် စတင်ဝင်ရောက်ခဲ့ပြီး လက်ကား ရောင်းဝယ်ရေးလုပ်ငန်းများ၊ အသေးစား အလတ်စားလုပ်ငန်းများ၊ စားသုံးသူ ထုတ်ကုန်လုပ်ငန်းများတွင် စတင်အသုံးပြုလျက်ရှိကြောင်း SAP သည် နိုင်ငံပေါင်း ၁၈၀ ကျော်တွင် အသုံးပြုသူ ကုမ္ပဏီပေါင်း ၄၀၄၀၀၀ ကျော်ကို ဝန်ဆောင်မှု ပေးလျက်ရှိကြောင်း၊ ကမ္ဘာ့အကြီးဆုံး စီးပွားရေးလုပ်ငန်းသုံး အပလီကေးရှင်း ဆော့ဖ်ဝဲလ် ဝန်ဆောင်မှုဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**




# တီးတိန်၌ ကျန်းမာရေး ပညာပေး

**တီးတိန် ဩဂုတ် ၂၅**
အခြေခံပညာဦးစီးဌာန၊ ယူနီဆက်နှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော တစ်ကိုယ်ရေ ကျန်းမာရေး ပညာပေး မြို့နယ်အဆင့် ဆင့်ပွားသင်တန်းကို ချင်းပြည်နယ် တီးတိန်မြို့ အထက(၁) ကမ်းဟောက်ခန်းမ၌ ကျင်းပသည်။

သင်တန်းတွင် ဒေါက်တာ ထန်ရှန်းမွမ်း၊ ဖလမ်းကျောင်းကျန်းမာရေးဆရာဝန်၊ ဒေါက်တာ ထန်နင့်လျန်း၊ ဟားခါးကျောင်းကျန်းမာရေးဆရာဝန်နှင့် ဦးကိုစိုင်း (ယူနီဆက်တာဝန်ခံ)တို့က သင်ကြားပို့ချပြီး ဆရာ ဆရာမ ၁၃၇ ဦး တက်ရောက်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပါပုကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ် ဖွင့်

**ဖားဆောင်း ဩဂုတ် ၂၅**
ကယားပြည်နယ် ဘောလခဲခရိုင် ဖားဆောင်းမြို့နယ် ပါပုကျေးရွာတွင် ယမန်နေ့က ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာအိဖြူသွယ်၊ မြို့နယ်အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုင်းသန်းရွှေ နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်ချိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးက ကျေးလက်ကျန်းမာရေးဌာနခွဲကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်ဘဏ္ဍာခွင့်ပြုငွေကျပ် သန်း ၆၁ ဒသမ ၉၀ ဖြင့် ၂၀၁၇ခုနှစ် အောက်တိုဘာ ၂၅ ရက်တွင် ကယန်းကြယ်စင်ကုမ္ပဏီမှ စတင်ဆောက်လုပ်ခဲ့ရာ ၂၀၁၈ ခုနှစ် ဧပြီ ၇ ရက်တွင် ပြီးစီးခဲ့ပြီဖြစ်၍ ပါပုကျေးရွာအပြင် ထူးချောင်းထူးချ ကျေးရွာများရှိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၅-၈-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၆၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၃၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၅၉၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၃၁၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၄၀/၉၇၀ ကျပ် | ၉၈၀/၁၀၀၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၅၀/၉၈၀ ကျပ် | ၁၀၀၅/၁၀၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၉၁၀/၉၄၀ ကျပ် | ၉၇၅/၁၀၀၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၆၀/၉၈၅ ကျပ် | ၁၀၃၀/၁၀၅၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၄၉၉ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၃၀ ・ ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၉၁ ・ ၅ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၁၉ ・ ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၄၅ ・ ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၈၇ ・ ၇ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၇ ・ ၉၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၃၈၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၃ ・ ၅၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၄ ・ ၈၁ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၅ ・ ၆၁၈ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ **Help Line** တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | မြင့်စိုး၊ ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm


HTOO
ထိအောင်ပစ်စမ်း..
ပစ်ပြီ..ဟေး ဖယ်..
ဟိတ်..ကလေးတွေ..လမ်းပေါ်မှာ မဆော့ကြနဲ့လေကွာ..လမ်းသွား လမ်းလာတွေကိုအနှောင့်အယှက် ဖြစ်စေတယ်...
ကျွန်တော်ရှေ့ရှေ့လေးသွားကြ လာကြမှာပေါ့..
ကျွန်တော်တို့ကြောင့်ဒီ လမ်းမကြီးပျက်စီးမသွား နိုင်ပါဘူးဦးလေး..
လမ်းသွားလမ်းလာတွေကလည်း သူတို့ဟာသူတို့သွားလာလှုပ်ရှား နေကြတာ..ကျွန်တော်တို့ကိုလှည့် မကြည့်အားကြပါဘူး
ရုံးချိန် နောက်ကျ နေပြီဟ..
မင်းတို့ပစ်လိုက်တဲ့ ခဲလုံးက လမ်းပေါ်ကလူ ကိုမထိတောင်တခြားချော် မှန်မှာစိုးလို့.....
လူကိုမမှန် စေရဘူး..ဒိတ် ချ...
ပနိုက်...အိပ်နေတဲ့ ခွေးကိုသွားမှန်..မှန်...
ဂီး...
ပြေး..
ပြေးဟေး
မင်းတို့လုပ်တာ...ငါပါ ပြေးပေါက်မှားပြီဟ... ဟဲ့ခွေး...ဟဲ့ခွေး...
ဝုတ်..ဝုတ်..


ကလစ်..ငါ့ကို အိမ်စာတွေ ကူလုပ်ပေးကွာ.. စာတွေလည်း ကူ ကျက်ပေး...
ဟာ.. စာမေးပွဲ ဖြေရမှာက မင်းလေ
ရပါတယ်ကွ.. စာမေးပွဲ ဖြေတဲ့ အချိန်ကျ..မင်းရဲ့ မှတ်ဉာဏ် စတစ်လေးကို ယူသွားလိုက်မယ်...
ဟေ...
ရပြီ... အကြမ်းဆော့ပြီကွ...
ဒါလေးတွေ လုပ်တာများ လွယ်လွယ် လေး..
ကမ္ဘာကြီးသည်
ကမ္ဘာကြီးသည်
စာမေးပွဲ ဖြေပြီးသော်...
ဘယ်လိုလဲ ဖြေနိုင်လား..
မင်း စတစ်က မှတ်ဉာဏ်ပေါင်းစုံ မှတ်ထားတာဆိုတော့..ငါ့စာတွေ ရှာမတွေ့တာနဲ့ မဖြေခဲ့ရဘူးကွ..
ရှတ်..
မိမိ ကိုယ်သာ အားထားပါ ဟား ဟား
END


ကာတွန်း စမ်းချောင်းကိုကိုအောင်
ဟေ့ခိုင်လေ၊ဘာတွေ ဒေါသဖြစ်နေတာလဲ၊
အာချစ်နဲ့ဒီဒီသူကိုသင်္ချာ သင်ပေးနေတာ၊ဒီဒီသူက တော်သလောက်၊
အာချစ်က ပေကပ်ကပ်နဲ့၊ သင်လို့မရပါဘူးဟာ...၊
ဒီအတွက်ငါ့ တာဝန်ထား..၊
ကဲ မင်းတို့တွက်ကြည့်ကြ၊ ၃ နဲ့ ၂ ပေါင်းရင်ဘာရလဲ၊
ဒီဒီသူတွက်တာမှန်တယ်၊ အာချစ်က၊ဘာကြောင့်မှား တာလဲ၊
၃ နဲ့ ၂ ပေါင်းတာ၊ ၅ ရပါတယ်၊ ဒီဒီသူဆီက၊ခိုးချတယ်ထင် မှာစိုးလို့ ၉ လို့ရေးလိုက်တာ၊


ဟေ့!
အောက်မှာ ကြက်ကလေး နင်းမိတော့မယ်၊
ဒါက ညဉ့်နက်ထိ မအိပ်ဘဲ နေဆို နေနိုင်ပါတယ်ဟာ...
ကောင်းတယ်၊ မနေ့က စာစီစာကုံး မရေးနိုင်ဘူး မဟုတ်လား၊


CARTOONS
ဘယ်ရောက် သွားပါလိမ့်
END


ဟာ... သား ကြိုက်တဲ့ ဆူပါမင်း ဝတ်စုံလေး...
ဟား... ဟား... ဟား... ဆူပါမင်း လာပြီကွ...
အ...
ဒုတ်...
ဘုတ်...
အင့်...

# ၂၀၁၈- ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်း**

**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

**၁၃၈၀ ခုနှစ်၊ လ ရက်**

**(၂၀၁၈ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ စတင်အကျိုးသက်ရောက်သည့်နေ့ရက်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို ၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်၍ အကျိုးသက်ရောက်စေရမည်။

(ဂ) အထူးကုန်စည်ခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေနှင့် ဝင်ငွေခွန်ဥပဒေတို့တွင် မည်သို့ပင်ပါရှိစေကာမူ နှစ်၊ ဝင်ငွေနှစ် သို့မဟုတ် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရရှိသော နှစ်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း သတ်မှတ်ရမည် -

(၁) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအတွက် ဘဏ္ဍာရေးနှစ်နှင့် အညီဖြစ်သည်။

(၂) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှအပ ကျန်အခွန်ထမ်းအားလုံးအတွက် ဧပြီလ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိ ကာလအတိုင်း ဆက်လက်ထားရှိရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အခွန်အကောက်** ဆိုသည်မှာ ဤဥပဒေအရ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်၊ အကောက်ခွန်၊ အခ၊ လိုင်စင်ကြေး၊ ပါမစ်ကြေးနှင့် ဒဏ်ကြေးငွေများကို ဆိုသည်။

(ခ) **ဥပဒေ**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များနှင့် စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် ဥပဒေများကို ဆိုသည်။

(ဂ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသောအခွန်အကောက်များကို တာဝန်ယူကောက်ခံသည့် ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီတို့ကို ဆိုသည်။

(ဃ) **ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ** ဆိုသည်မှာ နှစ်အလိုက် ထုတ်ပြန်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေတို့ကို ဆိုသည်။

(င) **အခွန်နှုန်း** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့်အခွန်အကောက်များကို ကောက်ခံရန် သတ်မှတ်ထားသည့် အခွန်အကောက်နှုန်းများကို ဆိုသည်။

(စ) **အခွန်နှစ်** ဆိုသည်မှာ-

(၁) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများဖြစ်ပါက ဘဏ္ဍာရေးနှစ်နှင့်အညီဖြစ်သည်။

(၂) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှအပ ကျန်အခွန်ထမ်းအားလုံးအတွက်ဖြစ်ပါက ဧပြီလ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိ ကာလဖြစ်သည်။

**အခန်း (၂)**

**ကောက်ခံရန် အခွန်လျာထားချက်**

၃။ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ ပြည်ထောင်စု၏အခွန်ရငွေသည် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် ဤဥပဒေ၏ ဇယား(၁)ပါ အခွန်အကောက် ကောက်ခံရန် လျာထားချက်ဖြစ်သည်။

**အခန်း (၃)**

**အခွန်နှုန်းများ သတ်မှတ်ခြင်းနှင့် အစီရင်ခံခြင်း**

၄။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေပါ အခွန်အကောက်အမျိုးအစားများနှင့် စပ်လျဉ်း၍ကောက်ခံရန် အခွန်လျာထားချက်များကို ဤဥပဒေပါ အခွန်နှုန်းများဖြင့် ကောက်ခံရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေပါအခွန်အကောက်နှုန်းထားများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊အစားထိုးခြင်းဆောင်ရွက်လိုလျှင် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်နိုင်ရေးအတွက်တင်သွင်းရမည်။

၆။ (က) သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ဇယား(၁)ပါ အခွန်ကောက်ခံရန်လျာထားချက်အပေါ် ကောက်ခံရရှိမှု အခြေအနေကို သုံးလပတ်အလိုက် ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနသို့ ပေးပို့ရမည်။

(ခ) ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပေးပို့လာသည့် အခွန်အကောက် ကောက်ခံရရှိမှုစာရင်းများကို စုစည်း၍ ပြည်ထောင်စုအစိုးရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ တစ်ဆင့်သုံးသပ်ချက်ဖြင့် သုံးလပတ်အလိုက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရမည်။

၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ ဇယား(၁)ပါ အခွန်ကောက်ခံရန် လျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို ခြောက်လပတ်အလိုက် ပြည်ထောင်စုလွှတ်တော်သို့အစီရင်ခံတင်ပြရမည်။

**အခန်း (၄)**

**သက်ဆိုင်ရာဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်**

၈။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ ဇယား (၁)ပါ အခွန်အကောက် ကောက်ခံရန် လျာထားချက်ကို ကောက်ခံရရှိရေးအတွက် တာဝန်ခံစီမံကြီးကြပ်ရမည်။

၉။ ပြည်ထောင်စုအစိုးရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဤဥပဒေပါ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ ယင်းတို့၏ မူလအဓိပ္ပာယ်မပြောင်းလဲစေဘဲ ရှင်းလင်းစွာ သိရှိလိုက်နာဆောင်ရွက်နိုင်စေရန် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၀။ သက်ဆိုင်ရာဝန်ကြီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများက ဥပဒေနှင့်အညီပေးဆောင်လာစေရေးအတွက် လိုအပ်သည့် သတင်းအချက်အလက်များ၊ ကူညီပံ့ပိုးမှုများကို နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နေပြည်တော်ကောင်စီ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များ၏ အကူအညီကို ရယူနိုင်သည်။

**အခန်း (၅)**

**အထူးကုန်စည်ခွန်**

၁၁။ အထူးကုန်စည်ခွန် ဥပဒေပုဒ်မ ၆ အရ ယင်းဥပဒေ၏ နောက်ဆက်တွဲဇယားများကို အောက်ပါအတိုင်း ပြဋ္ဌာန်းလိုက်သည် -

**အထူးကုန်စည်များ**

(က) အောက်ဇယားပါ အထူးကုန်စည်များနှင့် စပ်လျဉ်း၍ ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန် ကျသင့်စေရမည် -

(၁) တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေမည့် ပြည်တွင်း၌ ထုတ်လုပ်သည့် အထူးကုန်စည်များဖြစ်လျှင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနက ဖော်ပြသော ရောင်းဈေးတန်ဖိုး သို့မဟုတ် ဈေးကွက်ပေါက်ဈေးအပေါ် အခြေပြု၍ ပြည်တွင်းအခွန်များ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှု ကော်မတီက ခန့်မှန်းသတ်မှတ်သည့် ရောင်းဈေးတန်ဖိုး၊ ယင်းတန်ဖိုးနှစ်ရပ်အနက် များရာ တန်ဖိုးငွေအပေါ်တွင် လည်းကောင်း၊

(၂) တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေရန် သတ်မှတ်ထားခြင်းမရှိသော အထူးကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်လျှင် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက သတ်မှတ်သည့်တန်ဖိုးအပေါ်တွင်လည်းကောင်း၊

**ခြွင်းချက်။** သို့ရာတွင် ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် အထူးကုန်စည်ကို ပြည်ပမှတင်သွင်းလာသည့် အထူးကုန်စည်နှင့် ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရန် အလို့ငှာ ပြည်တွင်းအခွန်များ ဦးစီးဌာနစီမံခန့်ခွဲမှု ကော်မတီက တန်ဖိုးသတ်မှတ်ရာတွင် အလားတူ အထူးကုန်စည်အတွက် ပြည်ပမှ တင်သွင်းရာတွင် သတ်မှတ်သည့်ကုန်းပေါ်ရောက် တန်ဖိုးနှင့် တစ်ပြေးညီဖြစ်စေရေး ဆောင်ရွက်ပေးရမည်။

(၃) ပြည်တွင်းသို့ တင်သွင်းခြင်းဖြစ်လျှင် ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင် လည်းကောင်း။

| စဉ် | အထူးကုန်စည် အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| ၁ | (က) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူးရောင်းဈေး ကျပ် ၆၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လိပ်လျှင် ၆ ကျပ် |
| | (ခ) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူးရောင်းဈေး ၆၀၁ကျပ် မှ ကျပ် ၈၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လိပ်လျှင် ၁၄ ကျပ် |
| | (ဂ) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူးရောင်းဈေး ၈၀၁ ကျပ် မှ ကျပ် ၁၀၀၀ အထိအဆင့် ဖြစ်လျှင် | တစ်လိပ်လျှင် ၁၉ ကျပ် |
| | (ဃ) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀အထိပါ တစ်ဘူးရောင်းဈေး ၁၀၀၁ ကျပ် နှင့် အထက် အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၂၁ ကျပ် |
| ၂ | ဆေးရွက်ကြီး။ | | ၆၀ % |
| ၃ | ဗာဂျီးနီးယားပေါင်းတင်ပြီးဆေး။ | | ၆၀ % |
| ၄ | ဆေးပေါ့လိပ်။ | | တစ်လိပ်လျှင် ၁ ကျပ် |
| ၅ | ဆေးပြင်းလိပ်။ | | ၈၀ % |
| ၆ | ဆေးတံသောက်ဆေးများ။ | | ၈၀ % |
| ၇ | ကွမ်းစားဆေးအမျိုးမျိုး။ | | ၈၀ % |
| ၈ | (က) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ကျပ် ၁၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၂၂ ကျပ် |
| | (ခ)အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၀၀၁ ကျပ် မှကျပ် ၂၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၆၆ ကျပ် |
| | (ဂ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၀၀၁ ကျပ်မှကျပ် ၃၀၀၀ အထိအဆင့် ဖြစ်လျှင် | တစ်လီတာ ၆၀၉ ကျပ် |
| | (ဃ)အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၃၀၀၁ ကျပ် မှ ကျပ် ၄၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၈၅၃ ကျပ် |
| | (င) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၄၀၀၁ ကျပ် မှ ကျပ်၅၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၁၀၉၇ ကျပ် |
| | (စ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၅၀၀၁ ကျပ် မှ ကျပ်၆၀၀၀ အထိအဆင့် ဖြစ်လျှင် | တစ်လီတာ ၁၃၄၁ ကျပ် |
| | (ဆ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၆၀၀၁ ကျပ် မှ ကျပ် ၈၀၀၀ အထိအဆင့် ဖြစ်လျှင် | တစ်လီတာ ၁၇၀၆ကျပ် |
| | (ဇ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၈၀၀၁ကျပ်မှ ကျပ် ၁၀၀၀၀ အထိအဆင့် ဖြစ်လျှင် | တစ်လီတာ ၂၁၉၄ကျပ် |
| | (ဈ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၀၀၀၁ ကျပ်မှ ကျပ် ၁၂၀၀၀ အထိအဆင့် ဖြစ်လျှင် | တစ်လီတာ ၂၆၈၁ ကျပ် |
| | (ည) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၂၀၀၁ ကျပ်မှကျပ် ၁၄၀၀၀ အထိအဆင့် ဖြစ်လျှင် | တစ်လီတာ ၃၁၆၉ ကျပ် |
| | (ဋ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၄၀၀၁ကျပ်မှ ကျပ် ၁၇၀၀၀ အထိအဆင့် ဖြစ်လျှင် | တစ်လီတာ ၃၇၇၈ ကျပ် |
| | (ဌ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၇၀၀၁ကျပ် မှ ကျပ် ၂၀၀၀၀ အထိအဆင့် ဖြစ်လျှင် | တစ်လီတာ ၄၅၀၉ ကျပ် |
| | (ဍ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၀၀၀၁ ကျပ်မှကျပ် ၂၃၀၀၀ အထိအဆင့် ဖြစ်လျှင် | တစ်လီတာ ၅၂၄၁ ကျပ် |
| | (ဎ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၃၀၀၁ ကျပ်မှ ကျပ် ၂၆၀၀၀ အထိအဆင့် ဖြစ်လျှင် | တစ်လီတာ ၅၉၇၂ ကျပ် |

*(ဆက်လက်ဖော်ပြပါမည်)*

# မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**
**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**
**၁၃၈၀ ခုနှစ်၊ လ ရက်**
**(၂၀၁၈ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥပဒေ ပုဒ်မ ၅၊ ၆ နှင့် ၇ တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၅။ (က) ကောင်စီ၏ နာယကအဖွဲ့သည်ကောင်စီဝင် ၆၀ ဦး ပါဝင်သော မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဖွဲ့စည်းနိုင်ရေးအတွက် အမျိုးသားအဆင့် မြန်မာနိုင်ငံမှတ်ပုံတင် အင်ဂျင်နီယာပညာရှင် ညီလာခံကို ခေါ်ယူကျင်းပရမည်။

(ခ) အမျိုးသားအဆင့် မြန်မာနိုင်ငံမှတ်ပုံတင် အင်ဂျင်နီယာပညာရှင် ညီလာခံတွင် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသည့် အောက်ဖော်ပြပါ မှတ်ပုံတင်အင်ဂျင်နီယာ ပညာရှင်များအနက်မှ ၁၀ ဦးစီကို ကောင်စီဝင်များအဖြစ် သတ်မှတ်ချက်များနှင့် အညီ နာယကအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရွေးကောက်တင်မြှောက်ရမည်-

(၁) အင်ဂျင်နီယာပညာရပ်ဆိုင်ရာဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်းများမှ မှတ်ပုံတင်အင်ဂျင်နီယာ ပညာရှင်များ၊

(၂) အင်ဂျင်နီယာနှင့် နည်းပညာသင်ကြားရေးဆိုင်ရာ အစိုးရဌာန၊ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံများမှ မှတ်ပုံတင် အင်ဂျင်နီယာပညာရှင်များ၊

(၃) အစိုးရမဟုတ်သော အင်ဂျင်နီယာပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများမှ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များ၊

(၄) ပြင်ပမှ ထင်ပေါ်ကျော်ကြားသော မှတ်ပုံတင် အင်ဂျင်နီယာ ပညာရှင်များ။

(ဂ) အမျိုးသားအဆင့် မြန်မာနိုင်ငံမှတ်ပုံတင် အင်ဂျင်နီယာပညာရှင် ညီလာခံသည် ပုဒ်မခွဲ (ခ) ပါ နယ်ပယ်လေးရပ်၏ ကောင်စီဝင်လောင်းများအနက်မှ ငါးဦးစီကို ကောင်စီဝင်များအဖြစ် သတ်မှတ်ချက်များနှင့်အညီ နာယကအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရွေးချယ်တင်မြှောက်ရမည်။

(ဃ) ကောင်စီဝင် ၆၀ ဦးသည် မိမိတို့အနက်မှ ကောင်စီဥက္ကဋ္ဌ တစ်ဦး၊ ဒုတိယဥက္ကဋ္ဌ နှစ်ဦး၊ အတွင်းရေးမှူးတစ်ဦး၊ တွဲဖက်အတွင်းရေးမှူး နှစ်ဦး၊ ဘဏ္ဍာရေးမှူးတစ်ဦးတို့ကို နာယကအဖွဲ့၏ ကြီးကြပ်မှုဖြင့် သတ်မှတ်ချက်များနှင့်အညီ ရွေးကောက်တင်မြှောက်ရမည်။

၆။ (က) အလုပ်အမှုဆောင်အဖွဲ့ကို ဥက္ကဋ္ဌ တစ်ဦး၊ ဒုတိယဥက္ကဋ္ဌ နှစ်ဦး၊ အတွင်းရေးမှူးတစ်ဦး၊ တွဲဖက်အတွင်းရေးမှူးနှစ်ဦး၊ ဘဏ္ဍာရေးမှူး တစ်ဦး၊ အလုပ်အမှုဆောင်အဖွဲ့ဝင် ရှစ်ဦး စုစုပေါင်း ၁၅ ဦးဖြင့် ဖွဲ့စည်းရမည်။

(ခ) ကောင်စီ၏ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးများနှင့် ဘဏ္ဍာရေးမှူးတို့သည် အလုပ်အမှုဆောင်အဖွဲ့၏ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးများနှင့် ဘဏ္ဍာရေးမှူးတို့အဖြစ် ဆောင်ရွက်ရမည်။

(ဂ) ကောင်စီဝင်များသည် မိမိတို့အနက်မှ အလုပ်အမှုဆောင်အဖွဲ့ဝင်ရှစ်ဦးကို သတ်မှတ်ချက်များနှင့်အညီ ရွေးကောက်တင်မြှောက်ရမည်။

၇။ (က) ကောင်စီ၏ နာယကအဖွဲ့သည် ပုဒ်မ ၅ နှင့် ပုဒ်မ ၆ တို့ အရ ရွေးကောက်တင်မြှောက်ခံရသူများ၏ အမည်စာရင်းနှင့် ရွေးချယ်တင်မြှောက်ခြင်းခံရသူများ၏ အမည်စာရင်းတို့ကို တာဝန်ခံဝန်ကြီးဌာနသို့ ပေးပို့ရမည်။

(ခ) တာဝန်ခံဝန်ကြီးဌာနသည် ပုဒ်မခွဲ (က) အရ ကောင်စီ၏ နာယကအဖွဲ့က ပေးပို့သော အမည်စာရင်းပါ ပုဂ္ဂိုလ်များ ပါဝင်သည့် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့ကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းရမည်။"

၃။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (စ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(စ) နာယကအဖွဲ့သည် လက်ရှိကောင်စီသက်တမ်း ကုန်ဆုံးသည့်ရက်မှ ရက်ပေါင်း ၆၀ အတွင်း တာဝန်ခံဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် အမျိုးသားအဆင့် မှတ်ပုံတင်အင်ဂျင်နီယာပညာရှင် ညီလာခံကို ခေါ်ယူ၍ ကောင်စီအသစ်ကို ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက် ဖွဲ့စည်းပြီး တာဝန်လွှဲပြောင်းပေးရမည်။"

၄။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဆ) ၏ နောက်တွင် ပုဒ်မခွဲ (ဇ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဇ) နည်းဥပဒေများကို အခါအားလျော်စွာ ပြန်လည်သုံးသပ်ခြင်းနှင့် ခေတ်စနစ်ပြောင်းလဲမှု၊ နည်းပညာတိုးတက်မှုများနှင့်အညီ လိုအပ်ပါက ပြင်ဆင်နိုင်ရေးအတွက် တာဝန်ခံဝန်ကြီးဌာနသို့ အဆိုပြုတင်ပြခြင်း။"

၅။ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေ ပုဒ်မ ၃၇ ပါ "မှတ်ပုံတင်လက်မှတ်မရှိဘဲ လုပ်ကိုင်ခြင်းမပြုရ" ဆိုသည့်စကားရပ်ကို "မှတ်ပုံတင်လက်မှတ်မရှိဘဲသော်လည်းကောင်း၊ မှတ်ပုံတင်လက်မှတ်ရသူ တစ်ဦးဦး၏ တိုက်ရိုက်ကြီးကြပ်ကွပ်ကဲမှုနှင့် ယင်း၏ တာဝန်ယူမှု၊ တာဝန်ခံမှု မပါဘဲသော်လည်းကောင်း လုပ်ကိုင်ခြင်းမပြုရ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

## ပင်စင်ထုတ်ယူရာတွင် လွယ်ကူလျင်မြန်စေရန် e-Pension Card များ ထုတ်ပေးသွားမည်

**ရန်ကုန် ဩဂုတ် ၂၅**

ပင်စင်စား သက်ကြီးရွယ်အိုများ ပင်စင်ထုတ်ယူရာတွင် စာအုပ်ဖြင့် ထုတ်ယူရာ၌ ဘဏ်သို့နှစ်ကြိမ်လာရောက်နေရသည့်အတွက် တစ်ကြိမ်တည်းဖြင့် လွယ်ကူမြန်ဆန်စေရန် e-Pension Card ဖြစ်သော စမတ်ကတ်ဖြင့် ထုတ်ယူနိုင်ရန် ရန်ကုန်မြို့ အင်းစိန်ဘဏ်တွင် မကြာမီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင်ရှိ အင်းစိန် မြန်မာ့စီးပွားရေးဘဏ်တွင် မြို့ပြကာကွယ်ရေးနှင့်နိုင်ငံရေးပင်စင်ထုတ်ယူသူ ၂၅၀၀၀ ကျော်တွင် e ကတ်ဖြစ်သော စမတ်ကတ်ဖြင့် ထုတ်ယူသူ နှစ်သောင်းခန့်နှင့် ပင်စင်စာအုပ်ဖြင့် ထုတ်ယူသူ ငါးထောင်ကျော်ရှိရာ စာအုပ်ဖြင့်ထုတ်ယူရာ၌ ၁ ရက်မှ ၁၈ရက်ထိ ပင်စင်စာအုပ်ကို ဘဏ်တွင်ပြသပြီး တိုကင်စာရွက်ကို ဘဏ်မှ ပေးလိုက်သည့်အတွက် ၂၁ ရက်မှစ၍ စာရွက်တွင် သတ်မှတ်ပေးသောနေ့၌ တစ်ကြိမ်လာရောက်ထုတ်ယူရာ သက်ကြီးရွယ်အို ပင်စင်စားများ ဘဏ်သို့ နှစ်ကြိမ်လာရောက်ရခြင်း၊ စာအုပ်ဖြစ်၍ ပျက်စီးလွယ်ခြင်းတို့ကြောင့် ပင်စင်စာအုပ်ကိုင်ဆောင်ထားသူ ငါးထောင်ကျော်အား e-Pension Card များထုတ်ပေးရန်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိရသည်။

"ဘဏ်မှာပင်စင်စား ၂၅၀၀၀ ကျော်ကို လစဉ်ထုတ်ပေးနေပါတယ်။ ကတ်နဲ့ထုတ်တာက နှစ်သောင်းနဲ့ စာအုပ်နဲ့ထုတ်တာက ငါးထောင်ကျော်ရှိတယ်။ ကျန်နေတဲ့ စာအုပ်သမားတွေကို ကတ်စနစ် ပြောင်းလဲထုတ်ပေးတော့မှာပါ။ သိမ်းဆည်းရလွယ်ကူအောင်၊ ပျက်စီးမှုမရှိအောင်နဲ့ တစ်ခါထုတ်ရင် တစ်ကြိမ်ပဲလာလို့ရအောင် ပင်စင်စားကြီးတွေ အဆင်ပြေအောင် ဆောင်ရွက်ပေးသွားမှာပါ" ဟု အင်းစိန် မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာ ဦးတင်နုအောင်က ပြောသည်။



e-Pension ကတ်ဖြင့် ထုတ်ယူရာတွင်လည်း တစ်လတွင် ပင်စင်ထုတ်ယူရာ ရက်မှ နောက်တစ်လ၏ ထိုရက်တွင် တစ်လပြည့်သောအချိန်၌ နောက်လအတွက် ပင်စင်လစာကို လွယ်ကူစွာထုတ်ယူနိုင်ပြီး ပင်စင်စာအုပ်ဖြင့် ထုတ်ယူသူများမှာ ပင်စင်လစာစထုတ်ပေးသော ၂၁ ရက်နေ့တွင် လူဦးရေ သုံးထောင်ခန့် အထိ လစဉ်ပုံမှန်ထုတ်ယူလျက် ရှိသောကြောင့် တန်းစီစောင့်ဆိုင်းရသည့်အတွက် မိမိနှစ်သက်ရာရက်တွင် ကတ်ဖြင့် ထုတ်ယူနိုင်ရန် ဆောင်ရွက်ပေးခြင်း ဖြစ်သည်။

အင်းစိန် မြန်မာ့စီးပွားရေးဘဏ်တွင် သက်ကြီးရွယ်အို ပင်စင်စားများ၊ ရဟန်းရှင်၊ သီလရှင်များနှင့် ကျန်းမာရေး မကောင်းသူတို့ကို တန်းစီစောင့်ဆိုင်းရန် မလိုဘဲ မန်နေဂျာမှ တိုက်ရိုက်ဝန်ဆောင်မှုပေးသောစနစ်ဖြင့် ပင်စင်လစာငွေကို ထုတ်ပေးလျက်ရှိပြီး ပင်စင်စာအုပ်မှ e ကတ်ဖြင့် ထုန်ယူနိုင်ရန်ကျန်ရှိသော လူငါးထောင်ကျော်ကိုလည်း မကြာမီ အချိန်အတွင်း လဲလှယ်ဆောင်ရွက်ပေးသွားမည်ဟု အဆိုပါဘဏ်မှ သိရသည်။

**သန်းထိုက်**
**ဓာတ်ပုံ - သန်းစိုး**

---

## သတင်းတိုများ

### ရွှေဘိုတွင် မူခင်းကျဆင်းရေး ပညာပေးဟောပြော

**ရွှေဘို ဩဂုတ် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် အမျိုးသမီးရေးရာကော်မတီက ကြီးမှူး၍ သက်ငယ်မုဒိမ်းမှုကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၁ ရက်က ရွှေဘိုမြို့ အမှတ် ၂ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းအောင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး အမှတ်(၁၄) လူကုန်ကူးမှုတားဆီးကာကွယ်ရေး ရဲတပ်ဖွဲ့စုမှ ရဲအုပ်ဇော်မျိုးသန်းနှင့် တာဝန်ရှိသူတို့က သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေးအတွက် ကလေးငယ်များနှင့် အုပ်ထိန်းသူမိဘများ လိုက်နာသတိပြုရမည့်အချက်များကို လည်းကောင်း၊ သက်ငယ်မုဒိမ်းမှုများဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်းများနှင့် ပြစ်မှု၊ ပြစ်ဒဏ်များကို လည်းကောင်း၊ မိမိဘဝကို လုံခြုံဘေးရန်ကင်းအောင် နေထိုင်နည်းများကို လည်းကောင်း ဟောပြောခဲ့ကြပြီး ကျောင်းသား ကျောင်းသူများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။

**အိသက်ခိုင်**

### မြောင်းမြတွင် လူထုအခြေပြုစီမံကိန်းဆိုင်ရာများ အသိပေး

**မြောင်းမြ ဩဂုတ် ၂၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဒေသဖွံ့ဖြိုးရေးအတွက် World Vision မြန်မာမှ ဆောင်ရွက်ခဲ့သော လူထုအခြေပြုစီမံကိန်းအကြောင်း အသိပေးတင်ပြခြင်းနှင့် အတည်ပြုခြင်းအခမ်းအနားကို မြောင်းမြမြို့ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြရွှေဝါခန်းမ၌ ဩဂုတ် ၂၁ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးက အမှာစကား ပြောကြားပြီး World Vision မြန်မာမှ စီမံချက်မန်နေဂျာ ဒေါ်မိုင်သက်နွယ်ဦးက မြို့နယ်အတွင်း ဆောင်ရွက်ခဲ့သော ဒေသဖွံ့ဖြိုးရေးနှင့် သက်ဆိုင်သည့် လုပ်ငန်းများ၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ နယ်မြေတာဝန်ခံများက လူထုအခြေပြု ကျေးရွာများတွင် ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း လုပ်ငန်းအဆင့်ဆင့်နှင့် ဆောင်ရွက်ခဲ့သည့် ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

**အောင်မင်း (မြောင်းမြ)**

---

### ရှားတော၌ ကျေးလက်ရေရရှိရေး အဝီစိတွင်းတူး

**ရှားတော ဩဂုတ် ၂၅**

ရှားတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမခြောက်လပတ် ခွင့်ပြုရန်ပုံငွေဖြင့် ရှားတောမြို့နယ် ဒေါလဲဒူကျေးရွာ ကျေးလက်ကျန်းမာရေးဌာန ရေရရှိရေး အဝီစိတွင်းတူးဖော်ခြင်းလုပ်ငန်းနှင့် အ မ က (စလောင်း) ကျောင်း ဂါလန် ၂၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ပြည်တော်ဦးကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိရာ သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရန် လွိုင်ကော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးညွန့်ဇော်နှင့်အဖွဲ့ ဩဂုတ်လ တတိယပတ်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နမ့်စန်မြို့နယ်မှ ပြောင်းစိုက်ခင်းအချို့တွင် ငမြှောင်တောင်ပိုးကျရောက်

**နမ့်စန် ဩဂုတ် ၂၅**
ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင် နမ့်စန်မြို့နယ် အမှတ်(၅)ကျေးရွာအုပ်စုရှိ အမှတ်(၉)ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ပြောင်းသီးနှံစိုက်ခင်းအချို့တွင် ဩဂုတ် ၂၁ ရက်မှစတင်၍ သီးနှံဖျက်ပိုးတစ်မျိုးဖြစ်သော ငမြှောင်တောင်ပိုးများ ကျရောက်လျက်ရှိပြီး အမှတ်(၉)ကျေးရွာ၊ အမှတ်(၅)ကျေးရွာ၊ အမှတ်(၁၀)ကျေးရွာနှင့် ကျီးအစ်ကျေးရွာတို့ရှိ ပြောင်းသီးနှံစိုက်ခင်းများတွင် ငမြှောင်တောင်ပိုး ကျရောက်ဖျက်ဆီးမှုကြောင့် လက်ရှိအချိန်အထိ ပြောင်းစိုက်ခင်း ဧက ၁၀၀ ခန့် ထိခိုက်ကာ ဧက ၆၀ ကျော် ပျက်စီးလျက်ရှိပြီဖြစ်ကြောင်း မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သိရသည်။

အဆိုပါ သီးနှံဖျက်ပိုးကျရောက်ပျက်စီးမှုကို ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်သီးနှံကာကွယ်ရေးဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းလွဲ၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းစောမြ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းချမ်းအောင်နှင့် တာဝန်ရှိသူများက ဩဂုတ် ၂၄ ရက်တွင် ကွင်းဆင်းကြည့်ရှုခဲ့ပြီး အမှတ်(၉)ကျေးရွာ ဘုန်းကြီးကျောင်း၌ ဒေသခံတောင်သူများအား တွေ့ဆုံကာ သီးနှံဖျက်ပိုးကျရောက်မှုနှင့်ပတ်သက်၍ ပညာပေးဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် လက်ထောက်ညွှန်ကြားရေးမှူးက ငမြှောင်တောင် သီးနှံဖျက်ပိုး ပေါက်ပွားမှုအခြေအနေများ၊ ကျရောက်ပုံလေ့နှင့် ဖျက်ကောင်များ၏ အလေ့အထ၊ သီးနှံများကို စားသောက်ဖျက်ဆီးပုံနှင့် ဖျက်ဆီးမှု လက္ခဏာများ စသည်တို့ကို ရှင်းလင်းပြောကြားခဲ့ပြီး အဆိုပါ သီးနှံဖျက်ပိုးမှာ ပေါက်ပွားနှုန်းမြန်ဆန်သောကြောင့် အခြားအခင်းများသို့ ဆက်လက် မကူးစက်စေရေးအတွက် အထူးဆောင်ရွက်ရန်၊ ပြောင်းစိုက်ခင်း ပတ်လည်တွင် အနက်/အကျယ် တစ်ပေခွဲခန့်ရှိ မြောင်းတူးရန်၊ ပိုးသတ်ဆေးဖျန်းရာတွင် ပိုးကောင် အနေအရင့်အလိုက် ချိန်ဆ၍ ပတ်ဝန်းကျင်မထိခိုက်အောင် ဌာနက သတ်မှတ်ပေးထားသည့် ဆေးအမျိုးအစား၊ အချိန်အဆများအတိုင်းအသုံးပြုရန် လိုအပ်ကြောင်းနှင့် အခြားကာကွယ်နှိမ်နင်းရေးနည်းလမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။



ငမြှောင်တောင်ပိုးသည် ပြောင်းနှင့် အခြား အဓိကသီးနှံများဖြစ်သော စပါး၊ မြေပဲ၊ ဟင်းသီးဟင်းရွက်နှင့် ဝါသီးနှံများ အပါအဝင် သီးနှံပင် အမျိုးပေါင်း ၈၀ ကျော်ကို ဖျက်ဆီးနိုင်စွမ်းရှိကြောင်း သိရပြီး အဆိုပါပိုးများ ဆက်လက်မပြန့်ပွားစေရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းချမ်းအောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် ဝန်ထမ်းများက ဩဂုတ် ၂၁ ရက်မှ စတင်ကာ အဆိုပါကျေးရွာများအတွင်း နှိုးဆော်မှုများပြုလုပ်ထားပြီး တောင်သူများနှင့်ပူးပေါင်း၍ ဖျက်ပိုးကျရောက်နေသော အခင်းများတွင် ဆေးဖျန်းခြင်း၊ ကျရောက်မှုမရှိသေးသော စိုက်ခင်းများကို ကြိုတင်၍ ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းရှင်းခြင်းနှင့် ဖျက်ပိုးကျရောက်မှုမရှိသေးသော အခြားကျေးရွာအုပ်စုများသို့ ကြိုတင်သတိပေး၍ ကာကွယ်စေခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သူရအောင်(ပြန်/ဆက်)**

# လားရှိုးခရိုင်ရှိ လယ်မြေများအတွက် မြေဩဇာများထောက်ပံ့

**လားရှိုး ဩဂုတ် ၂၅**
ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးခရိုင် လားရှိုးမြို့နယ်ရှိ ဘက်စုံအဆင့်မြင့်နည်းပညာသုံးကျေးရွာသို့ ဓာတ်မြေဩဇာအိတ်များ ပေးအပ်ပွဲနှင့် ငမြှောင်တောင်ပိုး ကျရောက်မှုနှင့် ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးခဲ့သည့် သီးနှံစိုက်ခင်းများအတွက် တောင်သူများအား ထောက်ပံ့ငွေများ ပေးအပ်ပွဲကို ဟူးမွန်ဘက်စုံနည်းပညာသုံးကျေးရွာ၌ ဩဂုတ် ၂၄ ရက်က ပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်၊ ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေး၊ စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင်ဦးကြိုင်နှင့် တာဝန်ရှိသူများ၊ စိုက်ပျိုးရေးဝန်ထမ်းများနှင့် တောင်သူများ တက်ရောက်ကြပြီး ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက တောင်သူများ ထုတ်လုပ်စိုက်ပျိုးသမျှ စားသုံးသူလက်ထဲရောက်သည်အထိ ဘေးအန္တရာယ်ကင်းရှင်း၍ အရည်အသွေးပြည့်မီပြီး ဈေးကွက်ခိုင်မာစေရန်အတွက် ဘက်စုံအဆင့်မြင့်နည်းပညာသုံးကျေးရွာများကို ရှမ်းပြည်နယ်အတွင်း တစ်ခရိုင်နှစ်ရွာဖြင့် အကောင်အထည်ဖော်လျက်ရှိကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ဟူးမွန်ဘက်စုံစံပြကျေးရွာမှ မိုးစပါး ဧက ၅၀ နှင့် လားရှိုးမြို့နယ် ဘက်စုံစံပြကျေးရွာမှ မိုးစပါး ဧက ၂၀ အတွက် ကွန်ပေါင်းမြေဩဇာအိတ် ၇၀၊ ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးခဲ့သည့် စိုက်ခင်း ၁၁၁၇ ဧကအတွက် ထောက်ပံ့ကြေး ကျပ် ၈၃ သိန်းကျော်နှင့် ငမြှောင်တောင်ပိုးကျရောက်သော အစေ့ထုတ်ပြောင်းခင်းများအတွက် ပိုးသတ်ဆေးဖိုးထောက်ပံ့ငွေ ကျပ် ၄၆ သိန်းကို တောင်သူများထံ ပေးအပ်ခဲ့သည်။

**မောင်ကျော်ကြီး**



# ရန်ကုန်မြို့တွင်း လမ်းမကြီးများနှင့် အမည်တပ်လမ်းများတွင် နေ့ပိုင်းယာဉ်ရပ်နားခ ပြန်လည်ကောက်ခံမည်

**ရန်ကုန် ဩဂုတ် ၂၅**
ရန်ကုန်မြို့တွင်း မြို့နယ်ခြောက်ခုအတွင်းရှိ လမ်းမကြီးများနှင့် အမည်တပ်လမ်းများတွင် နေ့ပိုင်းယာဉ်ရပ်နားခများကို နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ တစ်နာရီလျှင် ကျပ် ၂၀၀ နှုန်းဖြင့် အောက်တိုဘာ ၁ ရက်စ၍ ပြန်လည်ကောက်ခံတော့မည်ဖြစ်သည်။ ထိုသို့ကောက်ခံရာတွင် လုပ်ငန်းရှင်များကို ဈေးပြိုင်တင်ဒါစနစ်ဖြင့် ခေါ်ယူဆောင်ရွက်မည်ဖြစ်ပြီး ယာဉ်ရပ်နားခကောက်ခံရန် သတ်မှတ်ထားသည့်အချိန်၏ ပြင်ပအချိန်များကို လတ်တလောအခြေအနေတွင် အခမဲ့ ရပ်နားခွင့်ပြုမည်ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ကြေညာချက်တွင် ဖော်ပြထားသည်။

ရန်ကုန်မြို့တွင်း ကားလမ်းမများတွင် ယာဉ်ရပ်နားခကောက်ခံခြင်းကို ၂၀၁၅ ခုနှစ်မှစ၍ ရပ်ဆိုင်းခဲ့ရာ ယခုအခါ လေးနှစ်ဝန်းကျင်ရှိပြီဖြစ်ပြီး ယာဉ်ရပ်နားခမကောက်ခံသော လေးနှစ်ဝန်းကျင်အတွင်း လမ်းမတော်နှင့် လသာမြို့နယ်များမှ လူစည်ကားရာနေရာများတွင် ပြင်ပပုဂ္ဂလိက ယာဉ်ရပ်နားခ ကောက်ခံမှုအချို့ရှိခဲ့သည်။ ယာဉ်ရပ်နားရန် နေရာဦးခြင်းများကို သက်ဆိုင်ရာက ခွင့်မပြုထားသော်လည်း ထိုနှစ်များအတွင်း လမ်းအများစုတွင် တန်ဖိုးမဲ့ စွန့်ပစ်ပစ္စည်းမျိုးစုံဖြင့် နေရာဦးခြင်းကို ပြုလုပ်ခဲ့ကြပြီး ယာဉ်ရပ်နားရန်နေရာကိစ္စကြောင့် ပြဿနာဖြစ်ရာမှ တစ်တိုက်တည်းနေသူအချင်းချင်း လူသေဆုံးသည်အထိ ခိုက်ရန်ဖြစ်မှုတစ်ခုလည်း ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်းက လမ်းမတော်မြို့နယ်၌ ဖြစ်ပွားခဲ့သည်။

ထို့ကြောင့် မြို့တွင်းမြို့နယ်အချို့တွင် စည်ပင်ဝန်ထမ်းအင်အား၊ ယာဉ်အင်အား ထုတ်နုတ်၍ ယာဉ်ရပ်ရန်နေရာဦးသည့်ပစ္စည်းများကို လိုက်လံသိမ်းဆည်းခဲ့သော်လည်း ပစ္စည်းသိမ်းသည့်ကား လမ်းအတွင်းမှမထွက်မီပင် ပြန်လည်၍ နေရာဦးနေကြခြင်းကြောင့် အလုပ်ပိုသဖွယ်ဖြစ်နေခဲ့သည်။ နေရာဦးလျှင် စည်ပင်ဥပဒေအရ အရေးယူမည်ဟု အသိပေးထားသော်လည်း ဥပဒေအရ အရေးယူသည့်ဖြစ်စဉ်နည်းပါး၍ ယနေ့တိုင် ယာဉ်ရပ်နားရန် နေရာဦးမှုများရှိကာ ယာဉ်ရပ်ရန် အခက်အခဲများလည်း ရှိနေကြဆဲဖြစ်သည်။

ယခု အောက်တိုဘာ ၁ ရက်မှစ၍ နေ့ပိုင်းယာဉ်ရပ်နားခ ပြန်လည်ကောက်ခံခြင်းဖြင့် အခွန်ငွေပြန်လည်ရရှိလာခြင်းအပြင် ယာဉ်ရပ်နားရန်နေရာဦးသည့်ကိစ္စများလည်း ထက်ဝက်မက လျော့ကျသွားနိုင်မည်ဖြစ်ကြောင်း၊ ကားလမ်းမများတွင် ယာဉ်နှစ်ထပ်ရပ်နားနေခြင်းများလည်း အထိုက်အလျောက် လျော့နည်းသွားမည်ဖြစ်၍ ကရိန်းကားဖြင့်ဆွဲ၍ အရေးယူခြင်းများလည်း များစွာလျော့နည်းသွားဖွယ်ရှိကြောင်း လမ်းမတော်မြို့နယ်နေ ပြည်သူတစ်ဦးက ကြိုဆိုပြောကြားသည်။

**ခင်ဆိုင်**

# ဝေါမြို့နယ်မှ တောင်သူများအား မျိုးစပါးများပေးအပ်

**ဝေါ ဩဂုတ် ၂၅**
ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်အတွင်း ရေကြီးနစ်မြုပ်၍ ပျက်စီးသွားသော မိုးစပါးစိုက်ခင်းများအတွက် တောင်သူများထံသို့ မျိုးစပါးများ ပေးအပ်ပွဲကို ဝေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး မိုးယွန်းကြီးခန်းမ၌ ဩဂုတ် ၂၄ ရက်က ကျင်းပသည်။

မျိုးစပါးများပေးအပ်ပွဲတွင် ဝေါမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းနိုင်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးအောင်မိုးလွင်က ဝေါမြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှုများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စပါးစိုက်ခင်းများတွင် အထွက်နှုန်းလျော့နည်းမှုမရှိစေရေးနှင့် အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်မည့် နည်းလမ်းများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးအောင်ဖြိုးသော်က ပျက်စီးခဲ့သောလယ်မြေများတွင် အမြန်ဆုံး ပြန်လည်ပျိုးထောင်စိုက်ပျိုးနိုင်ရေးကို ရှင်းလင်းပြောကြားပြီးနောက် ရေကြီးနစ်မြုပ်ခဲ့သည့် ကျေးရွာများမှ တောင်သူများထံသို့ ပထမအကြိမ်အဖြစ် မျိုးစပါးများ ပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်ဆက်)**

# ဂျိုင်း(ကော့ကရိတ်)ပွန်တွန်းဖောတံတား ချဉ်းကပ်သံလမ်းပေါ်တွင် မောင်းနှင်သောယာဉ်များ သတိပြုရန်လိုအပ်

**ဘားအံ ဩဂုတ် ၂၅**
ဘားအံ-မြဝတီလမ်းပေါ်ရှိ ဂျိုင်း(ကော့ကရိတ်)ပွန်တွန်းဖောတံတား ကျုံဒိုးဘက်အခြမ်း ချဉ်းကပ်သံလမ်းမှာ လမ်းကျဉ်းနေသဖြင့် ဖြတ်သန်းသွားလာသည့် ယာဉ်ကြီးများအနေဖြင့် သတိထားမောင်းနှင်ကြရန် လိုအပ်ပြီး ဩဂုတ် ၂၃ ရက်နှင့် ၂၄ ရက်အတွင်း ယာဉ်သုံးစီး လမ်းချော်ကျမှုဖြစ်ခဲ့၍ ယာဉ်ကြောပိတ်ဆို့မှုများလည်း ဖြစ်ပွားခဲ့ကြောင်း သိရသည်။



"ဩဂုတ် ၂၃ ရက် မနက်ပိုင်းက အောင်စစ်သည် မှန်လုံယာဉ်တစ်စီးနဲ့ ညဦးပိုင်းမှာ ၁၂ ဘီးယာဉ်တစ်စီး၊ ၂၄ ရက် မွန်းလွဲပိုင်းမှာ ၂၂ ဘီးယာဉ်တစ်စီး စုစုပေါင်း သုံးစီးရှိပါပြီ၊ သုံးစီးလုံး ပွန်တွန်းဖောတံတား ကျုံဒိုးဘက်ခြမ်းက ချဉ်းကပ်လမ်းဘက်မှာ ဖြစ်တာပါ၊ ပွန်တွန်းတံတားက ယာဉ်ကြောပိတ်နေတော့ မြဝတီဆင်းလာတဲ့ ကုန်ကားကြီးတွေနဲ့ ဘားအံကတက်မယ့် ယာဉ်တွေက လမ်းဘေးချရပ်ပြီးစောင့်ရတော့ ကြိုးတံတားပေါ်မှာ ယာဉ်ကြောပိတ်ဆို့မှုမဖြစ်ဖို့နဲ့ ယာဉ်အန္တရာယ် ကင်းရှင်းစေဖို့ လမ်းတစ်ဖက်ပိတ် တစ်ဖက်ဖွင့်စနစ်နဲ့ လုံခြုံရေးတာဝန် တပ်ဖွဲ့ဝင်တွေက နှစ်ဖက်ချိတ်ဆက် ဆောင်ရွက်နေပါတယ်"ဟု ဂျိုင်းနယ်မြေရဲစခန်းမှူး ရဲအုပ်ဝင်းနိုင်က ပြောသည်။

ပွန်တွန်းတံတား ချဉ်းကပ်သံလမ်းမှာ ယခင် ချဉ်းကပ်လမ်းဟောင်း ကျောက်ချောလမ်းပေါ် တုံးခံ၍ သံလမ်းထပ်ခင်းထားခြင်းဖြစ်ကာ လမ်းအကျယ်မှာ ယာဉ်တစ်စီးသွားလာနိုင်ရုံသာရှိသဖြင့် ကုန်ပါသည့်ယာဉ်များအနေဖြင့် သတိဖြင့်ဖြတ်သန်းရန်လိုကြောင်း သိရသည်။

"ယာဉ်မောင်းတွေက ရေများတုန်းကတော့ သတိနဲ့ဖြတ်တယ်၊ ခုရေကျသွားပြီဆိုတော့ သတိမထားကြတော့ဘူး၊ လမ်းက ယာဉ်တစ်စီးစာ ကွက်တိဆိုတော့ ယာဉ်ကဝိတ်နဲ့ဖြတ်တုန်း နည်းနည်းသတိမထားမိလို့ တိမ်းသွားရင် ချော်ကျသွားတော့တာပဲ၊ အကောင်းဆုံးက တစ်ယောက်ကဆင်းကြည့်ပေးပြီး ဖြတ်ရင် ပိုအဆင်ပြေမယ်၊ လမ်းက ကားဖြတ်တဲ့အချိန်ဆို အောက်ကို နည်းနည်းညွတ်သွားတယ်၊ တစ်စီး လမ်းချော်ကျတိုင်း နောက်ကယာဉ်တွေက အကုန်ပိတ်ကုန်တယ်၊ သတိနဲ့မောင်းဖို့အကြံပြုလိုပါတယ်"ဟု အဆိုပါလမ်းပေါ်တွင် ကုန်တင်ယာဉ်ကြီး မောင်းနှင်နေသူ ယာဉ်မောင်းတစ်ဦးက အကြံပြုပြောကြားသည်။

**မင်းသူ(ဘားအံ)**

# မြိတ်မြို့နယ်မှ ရွာနှစ်ရွာတွင် လျှပ်စစ်ဓာတ်အားစတင်ဖြန့်ဖြူး

**မြိတ် ဩဂုတ် ၂၅**
တနင်္သာရီတိုင်းဒေသကြီးအစိုးရ၏ ရန်ပုံငွေနှင့် JICA ချေးငွေတို့ဖြင့် မြိတ်မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းက အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ရွှေဒူးကျေးရွာနှင့် သာရမဲကျေးရွာ မီးလင်းရေးလုပ်ငန်းများ ပြီးစီး၍ ၂၄ နာရီ လျှပ်စစ်ဓာတ်အားကို ဩဂုတ် ၂၃ ရက်က စတင်ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

အဆိုပါရွာနှစ်ရွာတွင် ၂၄ နာရီဓာတ်အား စတင်ဖြန့်ဖြူးပေးပြီးနောက် ပြည်သူများ လျှပ်စစ်အသုံးပြုရာတွင် အန္တရာယ်ကင်းရှင်းစေရေးအတွက် လျှပ်စစ်အန္တရာယ်အကြောင်း သတိပေးစာစောင်များကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမျိုးနိုင်ဝင်းနှင့် တာဝန်ရှိသူများက ကျေးရွာနေပြည်သူများထံ ဝေငှပေးကာ မိသားစုလျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် လျှပ်စစ်ပစ္စည်းများ ကိုင်တွယ်အသုံးပြုရာတွင် သတိပြုရမည့်အချက်များကိုလည်း ပညာပေးဟောပြောခဲ့ကြကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**



## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
**(ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ သြဂုတ် လ ၂၆ ရက်)**

၁။ ၂၀၁၈ခုနှစ်၊ စက်တင်ဘာလ(၁)ရက်နေ့တွင် ကျင်းပမည့် (၁၈)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ထီလက်မှတ်များကို **"က" အက္ခရာမှ အစဉ်လိုက် "အ" အက္ခရာထိ** အက္ခရာ(၃၃)လုံးနှင့် **"ကက"အက္ခရာမှ အစဉ်လိုက် "ကဃ" အက္ခရာထိ** အက္ခရာ(၁၃)လုံး၊ စုစုပေါင်း အက္ခရာ(၄၆)လုံး ရောင်းချခဲ့ပါသည်။

၂။ (၁၈)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ရောင်းချရသည့် အက္ခရာမှာ (၄၆)လုံးဖြစ်၍ ၊ ထီစာအုပ် (၁၇၆၁၆၂၈)အုပ်ဖြစ်ပြီး၊ ထီလက်မှတ် စောင်ရေမှာ (၄၁၃၉၉၉၀၈)စောင် ဖြစ်ပါသည်။

၃။ ထီလက်မှတ်စာအုပ် ရောင်းရငွေမှာ ကျပ်သန်းပေါင်း( ၁၈၈၁၈.၁၄၀) ဖြစ်သဖြင့် ၆၀% ထီဆုငွေအဖြစ် ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်းပေါင်း (၁၁၂၉၀.၈၈၄) ဖြစ်ပါသည်။

၄။ ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) <u>အထူးဆုကြီးစနစ်</u>

| | | | |
|---|---|---|---|
| (၁) | ကျပ်သိန်းတစ်သောင်း | = | (၁) ဆု |
| (၂) | ကျပ်သိန်းငါးထောင် | = | (၂) ဆု |
| (၃) | ကျပ်သိန်းသုံးထောင် | = | (၂) ဆု |
| (၄) | ကျပ်သိန်းတစ်ထောင် | = | (၅) ဆု |

(ခ) <u>ဆုတစ်ဆုချင်းစနစ်</u>

| | | | |
|---|---|---|---|
| (၁) | ကျပ်သိန်းငါးရာ | = | (၁၁) ဆု |
| (၂) | ကျပ်သိန်းသုံးရာ | = | (၁၁) ဆု |
| (၃) | ကျပ်သိန်းတစ်ရာ | = | (၁၄) ဆု |
| (၄) | ကျပ်သိန်းငါးဆယ် | = | (၁၅) ဆု |
| (၅) | ကျပ်သိန်းသုံးဆယ် | = | (၁၆) ဆု |
| (၆) | ကျပ်ဆယ်သိန်း | = | (၁၇) ဆု |

(ဂ) <u>ဝေဝေဆာဆာပဒေသာဆုမဲစနစ်</u>

| | | | |
|---|---|---|---|
| (၁) | ကျပ် သုံးသိန်း | = | (၁၀၀) ဆု |
| (၂) | ကျပ် နှစ်သိန်း | = | (၁၀၀၀) ဆု |
| (၃) | ကျပ် တစ်သိန်း | = | (၁၃၀၀၀) ဆု |
| (၄) | ကျပ် ငါးသောင်း | = | (၁၁၀၀၀၀) ဆု |
| | **စုစုပေါင်း** | = | **(၁၂၄၁၉၄) ဆု** |

၅။ (၁၈)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို (၁.၉.၂၀၁၈)ရက်နေ့ (စနေနေ့)၊ နံနက် (၈)နာရီ အချိန်တွင် အမှတ် ၃၈၄၊ မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆု ဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**အောင်ဘာလေသိန်းဆုဌာနခွဲ**

---

### လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
### မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံ (ကန်ကြီးထောင့်)မှ ယူရီးယားဓာတ်မြေသြဇာများကို အောက်ပါအတိုင်းတင်ဒါ (Retender) ခေါ်ယူရောင်းချမည်ဖြစ်၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| ပမာဏ(တန်) | တင်ဒါဖွင့်မည့် | | တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက် | |
|---|---|---|---|---|
| | နေ့ | နာရီ | နေ့ | နာရီ |
| ၂၀၀၀ | ၇-၉-၂၀၁၈ | ၁၄:၀၀ | ၇-၉-၂၀၁၈ | ၁၂:၀၀ |
| ၂၀၀၀ | ၁၀-၉-၂၀၁၈ | ၁၄:၀၀ | ၁၀-၉-၂၀၁၈ | ၁၂:၀၀ |
| ၂၀၀၀ | ၁၁-၉-၂၀၁၈ | ၁၄:၀၀ | ၁၁-၉-၂၀၁၈ | ၁၂:၀၀ |

၂။ တင်ဒါစည်းကမ်းချက်နှင့် တင်ဒါပုံစံများအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ Website (www.moee.gov.mm) တွင် တင်ဒါဖွင့်မည့်ရက်ထက် နှစ်ပတ်ကြိုတင် ကြေညာမည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုပြီး Download ရယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၀၈၂၊ ၀၆၇-၃၄၁၁၀၉၃သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

---

### လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
### လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် DDP (Paung Laung) အရောက် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်-

| | | |
|---|---|---|
| (က) | Tender No-01/2018-2019 | Generator Air Cooler (8)Sets |
| (ခ) | Tender No-02/2018-2019 | Industrial Type Air Con (3Ø5HP)(18)Nos<br>Industrial Type Air Con (3Ø10HP)(5)Nos |
| (ဂ) | Tender No-03/2018-2019 | Laser Jet Printer (A4) (5)Nos<br>Laser Jet Printer (Colour -A4) (5)Nos<br>Copier (5)Nos |

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်း အဆိုပြုလွှာ(Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) တို့အား သီးခြားစီချိပ်ပိတ်၍ ၂၅-၉-၂၀၁၈ရက် ၁၄:၀၀နာရီ နောက်ဆုံးထား၍ အောက်ပါလိပ်စာတွင် လူကိုယ်တိုင် လာရောက်တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ဝန်ကြီးဌာန၏ (www.moee.gov.mm) တွင် Download ဆွဲယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၂၇၈၊ ၀၆၇-၈၁၀၄၂၇၉**

---

### မွေးသက္ကရာဇ်မှန်
ခင်ဦးမြို့နယ်၊ မဒေါင်းကြီးကျေးရွာနေ ဦးမောင်မောင်၏သမီး မအိသူဇင် ၅/ခဥန(နိုင်)၁၅၃၀၃၅၏ မွေးသက္ကရာဇ်အမည်မှန်မှာ ၂၁-၁-၂၀၀၂ ဖြစ်ပါကြောင်း။

### အမည်မှန်
လပွတ္တာမြို့နယ်၊ ကန်ဘက်ကျေးရွာနေ ဦးမင်းနိုင်-ဒေါ်သင်းသင်းမြတ်တို့၏သား အထက ကန်ဘက် ပဉ္စမတန်း (A)မှ မောင်သန့်ဇင်ထက်၏ အမည်မှန်မှာ မောင်သန့်ဇော်ထက် ဖြစ်ပါကြောင်း။

### မိခင်အမည်မှန်
လပွတ္တာမြို့နယ်၊ ကန်ဘက်ကျေးရွာနေ အထက ကန်ဘက် သတ္တမတန်း (A) မောင်သန့်ဇင်ထက်၏ မိခင်အမည်မှန်မှာ မသင်းသင်းမြတ် ဖြစ်ပါသည်။

### ဖခင်အမည်မှန်
နမ့်ခမ်းမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(F)မှ မောင်ဆွတ်ရိန်အောင်၏ဖခင်အမည်မှန်မှာ ဦးမွေဖုထူး ၁/မစန(နိုင်)၀၁၀၂၃၉ ဖြစ်ပါကြောင်း။

### မိခင်အမည်မှန်
လပွတ္တာမြို့နယ်၊ ကန်ဘက်ကျေးရွာနေ အထက ကန်ဘက် တက္ကသိုလ်ဝင်တန်း(B)မှ မောင်စိုးမြင့်ဇော်၏ မိခင်အမည်မှန်မှာ ဒေါ်ခင်ဆွေဝင်း ဖြစ်ပါသည်။

### ဖခင်အမည်မှန်
ကျုံပျော်မြို့နယ်၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(ဂ)မှ မဖြိုးဝေသင်း၏ ဖခင်အမည်မှန်မှာ ဦးဆန်းဦး ၁၄/ကပန(နိုင်)၁၁၄၃၃၂ ဖြစ်ပါကြောင်း။

### မွေးသက္ကရာဇ်အမှန်
ဦးအောင်ခိုင်ဦး၏ သမီး အထက (၁) သဃ်န်းကျွန်း တက္ကသိုလ်ဝင်တန်း အောင် မဖြူဖြူဇင် ၁၂/ဒဂတ(နိုင်)၀၉၉၈၂၅၏ မွေးသက္ကရာဇ်အမှန်မှာ ၂၈-၉-၂၀၀၁ ဖြစ်ပါသည်။

### ဖခင်အမည်မှန်
၂၀၁၈-၂၀၁၉ ပညာသင်နှစ် ဗန်းမော်မြို့ အထက(၅)၊ န၀မတန်း (A)မှ မမွေးငယ်၏ဖခင်အမည်မှန်မှာ ဦးဖေအောင် ၁/ဗမန(နိုင်)၀၅၈၅၉၈ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
ကျိုင်းတုံမြို့၊ အထက (၃) ဆဌမတန်း(က)မှ မနန်းရွှေအိမ်၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းထွဋ် ၁၃/မမန(နိုင်)၀၀၁၇၇၉ ဖြစ်ပါကြောင်း။

### အမည်မှန်
မြစ်ကြီးနားမြို့၊ အထက (၁) တက္ကသိုလ်ဝင်တန်း ($C_1$)မှ မောင်ဆိုင်းဇော်၏ အမည်မှန်မှာ မောင်စိုင်းဇော် ဖြစ်ပြီး၊ မောင်ဆိုင်းလှိုင်၏ အမည်မှန်မှာ မောင်စိုင်းလှိုင် ဖြစ်ပါသည်။

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့ အထက (၁) နဝမတန်း (K) မှ မမြသက်မွန်၏ ဖခင်အမည်မှန်မှာ ဦးအောင်ငွေးစိုး ၈/မသန(နိုင်)၀၇၁၈၁၄ ဖြစ်ပါသည်။
**ဦးအောင်ငွေးစိုး**

### ဖခင်အမည်မှန်
မင်းဘူးမြို့နယ်၊ စကုမြို့၊ အထက၊ တက္ကသိုလ်ဝင်တန်း (A)မှ မမိုးပြည့်ပြည့်အောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်စန်း ၈/မဘန(နိုင်)၀၂၇၈၃၂ ဖြစ်ပါကြောင်း။ **ဦးအောင်စန်း**

### မိဘအမည်မှန်
မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ရွှေမြိုင်-ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ပြည့်ဖြိုးလတ်၏ မိဘအမည်မှန်မှာ ဦးမောင်ချိန်နှင့် ဒေါ်သင်းသင်းယု ဖြစ်ပါကြောင်း။
**ဦးမောင်ချိန်-ဒေါ်သင်းသင်းယု**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့ အထက(၁) တက္ကသိုလ်ဝင်တန်း (H) မှ မောင်အောင်ခိုင်ဖြိုး၊ တလုပ်ပင် (လ-ခွဲ)အဌမတန်းမှ မောင်ကောင်းမြတ်သူ၊ ဆဌမတန်းမှ မနန်းသူဇာမြင့်တို့၏ ဖခင်အမည်မှန်မှာ ဦးတင်မောင်အေး ၈/မသန(နိုင်)၀၁၈၇၄၃ ဖြစ်ပါသည်။
**ဦးတင်မောင်အေး**

### ဖခင်အမည်မှန်
ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ ဘုရားကြီးကုန်းကျေးရွာ၊ အထက ဘုရားကြီးကုန်း၊ တက္ကသိုလ်ဝင်တန်း (C)မှ မောင်ပိုင်မျိုးဆက်၏ ဖခင်အမည်မှန်မှာ ဦးစိုးဝင်း ၁၄/အမန(နိုင်)၀၇၂၉၀၂ ဖြစ်ပါကြောင်း။ **ဦးစိုးဝင်း**

### ဖခင်အမည်မှန်
သထုံမြို့၊ အထက (၂) နဝမတန်း (G)မှ နော်ပဇော်ဖော၏ ဖခင်အမည်မှန်မှာ ဦးဖားကွေးလေး ၁၀/ဘလန(နိုင်)၁၅၆၈၃၄ ဖြစ်ပါကြောင်း။
**ဦးဖားကွေးလေး**

### ဖခင်အမည်မှန်
ပေါင်မြို့နယ်၊ အထက(မုတ္တမ)ကျောင်း၊ နဝမတန်းမှ မမာလာမော်၏ ဖခင်အမည်မှန်မှာ ဦးသိန်း ၁၀/သဖရ(နိုင်)၁၃၀၆၇၆ ဖြစ်ပါသည်။ **ဦးသိန်း**

### ဖခင်အမည်မှန်
ပေါင်မြို့နယ်၊ အထက(ကျွဲခြံ)ကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မောင်ထက်ဝေဖြိုး၏ ဖခင်အမည်မှန်မှာ ဦးခင်ဇော်လတ် ၁၀/ပမန(နိုင်)၁၀၉၇၄၉ ဖြစ်ပါသည်။
**ဦးခင်ဇော်လတ်**

### ဖခင်အမည်မှန်
ဖားကန့်မြို့နယ်၊ အထက(ခွဲ-လဝါး)၊ ဆဌမတန်း(A)မှ မဘောက်ဂျာ၊ တတိယတန်း(B)မှမောင်နော်လာနှင့် ဒုတိယတန်း(A)မှ မောင်ဂမ်ဆိုင်းတို့၏ ဖခင်အမည်မှန်မှာဦးမာဂမ် ၁/ကမန(နိုင်)၀၄၆၈၂၈ ဖြစ်ပါသည်။

### အမည်မှန်၊ ဖခင်အမည်မှန်
မြစ်ကြီးနားမြို့၊ အထက (၁) တက္ကသိုလ်ဝင်တန်း($A_2$)မှ မောင်ဖန်ဆေးလဖိုင်ဇော်ဆန်လီ၏ အမည်မှန်မှာ မောင်ဇော်ဆန်လီဖြစ်ပြီး၊ ဖခင်အမည်မှန်မှာ ဦးနော်မိုင် ၁/ဝမန(နိုင်)၀၄၇၁၈၆ ဖြစ်ပါသည်။

### ဖခင်အမည်မှန်
သထုံမြို့ အထက (၄) အဌမတန်း (B) မှ မစန်းသီတာမော်၏ ဖခင်အမည်မှန်မှာ ဦးထွန်းနိုင် ၃/ဘအန(နိုင်)၂၆၂၅၇၈ ဖြစ်ပါကြောင်း။
**ဦးထွန်းနိုင်**

### ဖခင်အမည်မှန်
ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဗေဒါရီကျေးရွာနေ ကြာအင်းဆိပ်ကြီးမြို့ အထက ကျောင်း တက္ကသိုလ်ဝင်တန်းမှ မပန်းပွင့်၏ ဖခင်အမည်မှန်မှာ ဦးဗလိုင် ၃/ကဆက (နိုင်) ၀၄၅၇၀၄ ဖြစ်ပါကြောင်း။ **ဦးဗလိုင်**

### အမည်မှန်
ပေါင်မြို့နယ်၊ အထက(နတ်ကြီးချောင်)ကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ (ဘ) ဦးဇော်မင်းဦး ၁၀/ပမန(နိုင်)၀၈၈၆၀၅ ၏ သမီးမနှင်းပွင့်ဖြူ၏အမည်မှန်မှာ မထက်ထက်မင်းဦး ၁၀/ပမန(နိုင်)၂၃၀၇၇၀ ဖြစ်ပါသည်။ **မထက်ထက်မင်းဦး**

### ဖခင်အမည်မှန်
ပေါင်မြို့နယ်၊ အထက(ခွဲ)အလယ်ရွာကျောင်း၊ သတ္တမတန်းမှ မောင်ဇော်ပိုင်ထူးနှင့် ပဉ္စမတန်းမှ စောမင်းကျော်ခေါင်တို့၏ ဖခင်အမည်မှန်မှာ ဦးစံဝင်း ၁၀/ပမန(နိုင်)၀၂၅၄၉၉ ဖြစ်ပါသည်။
**ဦးစံဝင်း**

### ဖခင်အမည်မှန်
မြစ်ကြီးနားမြို့၊ အထက (၈) နဝမတန်း (A)မှ မဂျာနူး၏ ဖခင်အမည်မှန်မှာ ဦးမာဂမ် ၁/ကမန(နိုင်)၀၄၆၈၂၈ ဖြစ်ပါသည်။

### ဖခင်အမည်မှန်
မြစ်ကြီးနားမြို့၊ အလက (၈) အဌမတန်းမှ မမေရီထွယ်ဇင်ပန်နှင့် ဆဌမတန်းမှ မဆိုင်းလုလုအိန်တို့၏ ဖခင်အမည်မှန်မှာ ဦးလဖိုင်လဂျာ ၁/မကန(နိုင်)၁၂၂၄၃၁ ဖြစ်ပါသည်။

## ရွှေမြန်မာသစ္စာ အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
## Golden Myanmar Truth Public Co., Ltd
## အများပိုင်ကုမ္ပဏီမှ သက်ဆိုင်သူများနှင့် အများသိစေရန်
## သတိပေးကြေညာခြင်း

ရွှေမြန်မာသစ္စာ အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် Golden Myanmar Truth Public Co.,Ltd သည် ၁၂-၆-၂၀၁၈ ရက် ကုမ္ပဏီမှတ်ပုံတင်လက်မှတ်-၂၂၂/၂၀၁၈-၂၀၁၉ (မတလ)ဖြင့် အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်အဖြစ် တည်ထောင်ဖွဲ့စည်းပြီးဖြစ်ပါသည်။ ယခုအခါ ကုမ္ပဏီများဥပဒေအသစ်အရ လိုအပ်သလို ပြန်လည်မှတ်ပုံတင်ခြင်းကို ဆောင်ရွက်လျက်ရှိပါသည်။

ကျွန်တော် ဦးမင်းထွေး (ခ) ဦးမင်းမင်းထွေး ၇/ညလပ(နိုင်)၁၂၈၁၇၂ သည် ကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာနှင့် ကုမ္ပဏီ၏ ပထမဒါရိုက်တာဖြစ်ပါသည်။ ကျွန်တော် ဦးမင်းမင်းထွေး၏ ခွင့်ပြုချက်မရှိဘဲ ကျွန်တော်မသိဘဲ ကျွန်တော်ကိုယ်တိုင် ဦးဆောင်သည့် ဒါရိုက်တာအဖွဲ့အများစု၏ ဆုံးဖြတ်ချက်မရှိဘဲ ရွှေမြန်မာသစ္စာ အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်အမည်နှင့် အမှတ်တံဆိပ်ကို အသုံးပြု၍လည်းကောင်း၊ ကုမ္ပဏီများဆိုင်ရာဥပဒေအရ ရေးဆွဲထားသည့် သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းများနှင့် မညီညွတ်သည့် ဆောင်ရွက်ချက်များကိုလည်းကောင်း၊ ငွေကြေးကိစ္စများကိုလည်းကောင်း၊ ကျွန်တော်နှင့် ကျွန်တော်၏ဒါရိုက်တာအဖွဲ့မှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည် မဟုတ်ကြောင်းနှင့် တာဝန်ခံမည် မဟုတ်ကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**အုပ်ချုပ်မှုဒါရိုက်တာ**
**ဦးမင်းထွေး (ခ) ဦးမင်းမင်းထွေး**
**ဖုန်း-၀၉-၄၂၈၂၀၅၅၆၄၊ ၀၉-၇၇၉၂၁၀၀၅၄**

## ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် အသားထုတ်လုပ်ခွင့်လိုင်စင်များ လျှောက်ထားနိုင်

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ၁-၁၀-၂၀၁၈ ရက်မှ ၃၀-၉-၂၀၁၉ ရက်အထိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနက သတ်မှတ်ထားသော သတ်ရုံနှင့်နေရာများတွင် လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုမည့် အသားထုတ်လုပ်ခွင့်လိုင်စင် (ကျွဲ၊ နွား၊ သိုး၊ ဆိတ်) ရွာသာကြီး၊ (ဝက်)ရွာသာကြီး၊ (ဝက်)ရွာမ၊ (ကျွဲ၊ နွား၊ သိုး၊ ဆိတ်) မွေးမြူရေးနှင့် မွေးမြူရေးထွက်ကုန်ပစ္စည်းထုတ်လုပ်ရေးဇုန်၊ လှိုင်သာယာ၊ (သိုး-ဆိတ်) ရွှေပြည်သာ၊ မြို့နယ်တွင်း အသားထုတ်လုပ်ခွင့် (ဒလမြို့နယ်/ကျွဲ၊ နွား၊ ဝက်)နှင့် (ဆိပ်ကြီးခနောင်တိုမြို့နယ်/ကျွဲ၊ နွား) လိုင်စင်တို့၏ အသားထုတ်လုပ်ခွင့်လိုင်စင်လျှောက်လွှာများကို တစ်စုံလျှင် ၃၀၀၀ိ/- နှုန်းဖြင့် ၃၁-၈-၂၀၁၈ ရက်မှစ၍ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာန(ရုံးချုပ်)၊ (၁၂)ထပ်ခွဲရုံး၊ သတ္တမထပ်၊ (၄၆)လမ်းနှင့် ဗိုလ်မြတ်ထွန်းလမ်းကြား၊ ကုန်သည်လမ်း၊ ဗိုလ်တထောင်မြို့နယ်တွင် ဝယ်ယူ၍ ၇-၉-၂၀၁၈ ရက် နောက်ဆုံးထား ပြန်လည်တင်ပြလျှောက်ထားရမည်။

**ဌာနမှူး**
**တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာန**

### ဖခင်အမည်မှန်
ပုဏ္ဏားကျွန်းမြို့နယ်၊ ယိုးတရုတ် အထက တက္ကသိုလ်ဝင်တန်း(င)မှ မချိုမာဝင်း၏ ဖခင်အမည်မှန်မှာ ဦးညွန့်ဝင်း ၁၁/ပဏတ(နိုင်)၀၅၈၇၉၄ ဖြစ်ပါကြောင်း။ **ဦးညွန့်ဝင်း**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း
လားရှိုးမြို့၊ ရပ်ကွက်(၅)၊ နယ်မြေ (၁၂)၊ အကွက်အမှတ် (ဘုံကျောင်းအနောက်ကွက်) ဦးပိုင်အမှတ် (၁၅၅၆၊ ၁၅၅၇၊ ၁၅၅၈၊ ၁၅၅၉၊ ၁၅၆၀၊ ၁၅၆၁၊ ၁၅၆၂၊ ၁၅၆၃၊ ၁၅၆၄၊ ၁၅၆၅)၊ စုစုပေါင်းမြေချိန်ဧရိယာ ၀ဒသမ၆၇၅ဧကရှိ မြေကွက်အား ကိုးကန့်စာသင်ကျောင်း ဂေါပကအဖွဲ့ဥက္ကဋ္ဌမှ မြေစာရင်းပုံစံ (၁၀၅) (၁၀၆) ရေးဆွဲပြီး၊ မြေပေးမိန့်တရားရုံးကျမ်းကျိန်လွှာတို့ဖြင့် မြေငှားဂရန်အသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါကကြေညာသည့်ရက်မှ ရက်ပေါင်း ၃၀ အတွင်း လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

### ဖခင်အမည်မှန်
ပုဏ္ဏားကျွန်းမြို့နယ်၊ ယိုးတရုတ် အထက တက္ကသိုလ်ဝင်တန်း(င)မှ မောင်ညီညီဌေး၏ ဖခင်အမည်မှန်မှာ ဦးရွှေသန်းမောင် ၁၁/ပဏတ(နိုင်) ၀၄၀၉၅၆ ဖြစ်ပါကြောင်း။
**ဦးရွှေသန်းမောင်**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း
ဒက္ခိဏသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် (၉/ဒက္ခိဏသီရိတောင်ရပ်)၊ ပေ(၈၀×၈၀)၊ မြေကွက်အမှတ် (ဒ-၃၂၃၆၀)၊ ဒေါ်ခင်စောဝင်း (ဘ)ဦးချစ်မောင် ၇/ဒဥန(နိုင်) ၀၈၁၉၆၂ အမည်ပေါက်ပါမစ်မြေအား အထွေထွေကိုယ်စားလှယ်လွှဲအပ်ထားသူ ဒေါ်နီနီလွင် (ဘ)ဦးအောင်မြင့် ၁၄/ညတန(နိုင်)၁၃၁၅၇၃ မှ မြေပေးမိန့်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ အဆိုပါမြေပေးမိန့်ကို ဒေါ်နီနီလွင်အား ထုတ်ပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### မိခင်အမည်မှန်
ပျော်ဘွယ်မြို့နယ်၊ တိမ်းတည်ကျေးရွာ အထက(ခွဲ) ဆဋ္ဌမတန်းမှ မောင်ကောင်းမြတ်အောင်၏ မိခင်အမည်မှန်မှာ ဒေါ်အေးအေးမြင့် ၉/ပဘန(နိုင်)၀၇၉၄၇၃ ဖြစ်ပါကြောင်း။

### အမည်ပြောင်း
ပျော်ဘွယ်မြို့နယ်၊ ထန်းပင်ကျေးရွာနေ ဦးအောင်ကြည်၏သမီး မိတ္ထီလာတက္ကသိုလ် (အင်္ဂလိပ်စာ) စတုတ္ထနှစ်မှ မရီရီရွှေအား မရည်ရည်ရွှေဟန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း
ဒက္ခိဏသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် (၉/ဒက္ခိဏသီရိတောင်ရပ်)၊ ပေ(၈၀×၈၀)၊ မြေကွက်အမှတ် (ဒ-၃၂၂၂၂)၊ ဒေါ်ခင်ချောအိဝင်း (ဘ)ဦးကြည်ဝင်း ၁၂/ဥကတ(နိုင်)၁၃၇၀၁၈ အမည်ပေါက်ပါမစ်မြေအား အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်စန်းဌေး (ဘ)ဦးစိန်ဝင်း ၁၄/ဝခမ(နိုင်)၀၉၃၀၉၇ မှ မြေပေးမိန့်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း ၃၀အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ အဆိုပါမြေပေးမိန့်ကို ဒေါ်စန်းဌေးအား ထုတ်ပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### မိဘအမည်မှန်
မင်းပြား အထက(၁) တက္ကသိုလ်ဝင်တန်းမှ မဦးခင်နု၏ မိဘအမည်မှန်မှာ ဦးအောင်သာနု ၁၁/မပန(နိုင်) ၁၁၆၅၁၀ နှင့် မလှချေ ၁၁/မပန(နိုင်) ၁၃၅၁၂၆ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
ပုဏ္ဏားကျွန်းမြို့နယ် သင်းပုန်းတန်း အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မညီညီ၏ ဖခင်အမည်မှန်မှာ ဦးမောင်ရွှေသန်း ၁၁/ပဏတ(နိုင်)၀၄၀၂၆၇ ဖြစ်ပါကြောင်း။
**ဦးမောင်ရွှေသန်း**

### မိခင်အမည်မှန်
ပုဏ္ဏားကျွန်းမြို့နယ် သင်းပုန်းတန်း အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မညီညီခိုင်၏ မိခင်အမည်မှန်မှာ ဒေါ်မပုယေ ၁၁/ပဏတ(နိုင်)၁၀၁၉၈၁ ဖြစ်ပါကြောင်း။
**ဒေါ်မပုယေ**

### အမည်ပြောင်း
မောင်တောမြို့၊ မြို့မအရှေ့ရပ်ကွက်နေ (ဘ)ဦးမောင်ယဉ်တိုး ၁၁/ပဏတ(နိုင်)၀၄၆၈၃၈ ၏သား ကိုခန့်ကျော်အား အောင်လင်းခန့်ဟု ပြောင်းလဲခေါ်ပါရန်။ **အောင်လင်းခန့်**

### ဖခင်အမည်မှန်
ပုဏ္ဏားကျွန်းမြို့နယ် သင်းပုန်းတန်း အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မအေးအေးမြင့်၏ ဖခင်အမည်မှန်မှာ ဦးမောင်ပန်းဆီ ၁၄/ငပတ(နိုင်)၂၄၇၆၉၈ ဖြစ်ပါကြောင်း။
**ဦးမောင်ပန်းဆီ**

### တစ်ဦးတည်းနှင့် မွေးသက္ကရာဇ်မှန်
ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ် ကျီတော်ကျေးရွာနေ (ဘ)ဦးတင်မောင်၏ သမီး ဒေါ်ခင်မြတ်မွန်နှင့် ဒေါ်မြတ်မွန်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း မွေးသက္ကရာဇ်မှန်မှာ ၂၅-၃-၁၉၈၂ ဖြစ်ပါကြောင်း။
**ဒေါ်ခင်မြတ်မွန် (ခ) ဒေါ်မြတ်မွန်**
**၇/အတန(နိုင်)၀၇၄၄၁၃**

### တစ်ဦးတည်းဖြစ်ပါကြောင်း
လယ်ဝေးမြို့၊ အထက သဲကောကြီး၊ တက္ကသိုလ်ဝင်တန်း(C)မှ မယဉ်မော်ဦး၊ ဆဋ္ဌမတန်း(C)မှ မဖြိုးသူဇာ၊ အမက သာစည် စတုတ္ထတန်းမှ မောင်ဝေယံဖြိုးတို့၏ဖခင် ဦးသန်းကြိုင်နှင့် ဦးမြင့်လှိုင် ၉/လဝန(နိုင်) ၂၅၃၄၈၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။**ဦးသန်းကြိုင် (ခ) ဦးမြင့်လှိုင်**

### အမည်မှန်
ရေနံချောင်းမြို့၊ အထက (၁) တက္ကသိုလ်ဝင်တန်း၊ အခန်း(၇)မှ မသဲငုဝါ၏ အမည်မှန်မှာ မသဲနုဝါ ၈/ရနခ(နိုင်)၁၆၃၀၀၂ ဖြစ်ပါကြောင်း။
**မသဲနုဝါ**

### မိဘအမည်မှန်
ရေနံချောင်းမြို့၊ မြို့မမြောက်ရပ်ကွက်နေ ဟင်းဝှါ(ခ)မောင်ဇော်အောင်ထက် (နောက်ဆုံးနှစ်၊ အပိုင်း(က)၊ မကွေးဆေးတက္ကသိုလ်)၊ ဟင်းကို(ခ)မောင်ကျော်သန့်ဇင် (ဒုတိယနှစ်၊ မကွေးဆေးတက္ကသိုလ်) နှင့် မဆုဝေထက် (တက္ကသိုလ်ဝင်တန်းအောင်ပြီး)တို့၏ မိဘအမည်မှန်မှာ Mlkyaing (ခ) ဦးစီကြိုင် ၈/ရနခ(နိုင်) ၀၀၀၀၃၄ - Ma Kyi (ခ) ဒေါ်မော်မော် ၈/ရနခ(နိုင်)၀၀၀၀၃၅ ဖြစ်ပါကြောင်း။
**Mlkyaing (ခ)ဦးစီကြိုင် - Ma Kyi (ခ)ဒေါ်မော်မော်**

## အဆင့်မြင့်ဟိုတယ် အမြန်ရောင်းမည်

ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ အောင်ပန်းမြို့၊ ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ လက်ရှိလုပ်ကိုင်လျက်ရှိသော အခန်း(၃၂)ခန်းပါ ဟိုတယ်အဆောက်အအုံသစ်ကို မျက်မြင်အခြေအနေအတိုင်း အမြန်ရောင်းချလိုပါသည်။

အသေးစိတ်အချက်အလက်များမှာ-

၁။ ဟိုတယ်အကျယ်အဝန်း ဧရိယာ ၁ ဒသမ ၈၈၂ ဧက (ဂရန်မြေ)
၂။ ၅၈×ပေ ၁၁၀ အကျယ်ရှိ (၂၄)ခန်းပါ နှစ်ထပ်တိုက်တစ်လုံး
၃။ ၃၂×ပေ ၄၀ အကျယ်ရှိ လေးခန်းတွဲ ဘန်ဂလိုနှစ်လုံး
၄။ ၃၀×ပေ ၄၀အကျယ်ရှိ နှစ်ထပ်တိုက်တစ်လုံး
၅။ ၂၀×ပေ ၃၀ အကျယ်ရှိ ဆောက်လုပ်ဆဲနှစ်ထပ်တိုက်တစ်လုံး
၆။ ၃၂×၃၆ ပေအကျယ်ရှိ စားသောက်ဆိုင်ခန်း၊
၇။ ၁၃×၃၁ ပေအကျယ်ရှိ မီးဖိုချောင်အသစ်တစ်လုံး
၈။ ၄" စက်ရေတွင်းအပါအဝင် အဝီစိတွင်း (၃)တွင်း
၉။ 200 KVA Transformer နှင့် 115 KVA မီးစက်တစ်လုံး
၁၀။ ဂါလန် ၁၀၀၀၀ ဆံ့ မြေအောက်ရေလှောင်ကန်နှင့် ဂါလန် ၃၂၀၀ ရေစင်
၁၁။ ရေပူရေအေးစနစ်၊ Air-Con & Heater System
၁၂။ Wifi, PABX, CCTV, Fire Alarm & PA System
၁၃။ ၁၄×၄၅ပေအကျယ်ရှိ ဝန်ထမ်းအိမ်ရာ၊
၁၄။ ထပ်မံတိုးချဲ့နိုင်သော မြေပိုများ

**ဆက်သွယ်ရန်-**

၁။ ဦးကျော်ဦး ဖုန်း-၀၉-၂၅၀၅၅၁၂၃၄၊ ၀၉-၄၅၀၀၄၁၀၇၄၊ S'pore +6597413112, Email-kyawoo4424@gmail.com
၂။ ဦးစိုးဦး ဖုန်း-၀၉-၅၃၀၀၁၁၇၊ ၀၉-၇၉၆၁၇၁၇၁၇
၃။ Email-ukt.ukt 2010 @gmail.com

ဖုန်း-၀၉-၅၀၀၁၈၇၇၊ ၀၉-၇၉၅၇၉၀၅၁၀ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ အကျိုးဆောင်များလည်း ဆက်သွယ်နိုင်ပါသည်။

### မမေဦးမိုးနှင့် အများသိစေရန်ကြေညာခြင်း
၂၈-၇-၂၀၁၈ ရက် မြန်မာ့အလင်းသတင်းစာပါ မမေဦးမိုး တစ်ဦးတည်းပိုင်ဆိုင်မှုများဖြစ်ကြောင်း ကြေညာချက်မှာ မှန်ကန်မှုမရှိပါကြောင်း၊ ခင်ပွန်း ဦးမြင့်မိုး ၅/ခဥန(နိုင်)၀၂၈၇၇၁ ကွယ်လွန်ပြီး တရားဝင်ဇနီးဖြစ်သူ ဒေါ်ခင်မြစိမ်း (ခ) ဒေါ်ဂျူလီမြ ၅/ခဥန(နိုင်)၀၂၈၇၇၂ တစ်ဦးတည်းကသာ ခင်ပွန်းသည်၏ပိုင်ဆိုင်မှုအစုစုဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် ချောင်းကောက်ကွင်း၊ ကွင်းအမှတ် (၂၄၃၇)၊ ဦးပိုင်အမှတ် ၁၃/၁၄/၁၅-က/၁၅-ခ/အိုအေ၊ မြေဧရိယာ ၆ ဒသမ ၀၁ ဧက၊ ပူးတွဲပါ မြေစာရင်းပုံစံ ၁၀၅ နှင့် မြေကွက်အမှတ် (၂၂၂)၊ ဦးပိုင်အမှတ် ၁၆၅/၁၆၅-က/၁၆၅-ခ ပေါ်ရှိ မြေဧရိယာ ၀ ဒသမ ၁၄၅ ပေါ်ရှိမြေ နေအိမ်အဆောက်အအုံတည်ရှိသော အကွက် (၁) အောင်ချမ်းသာရပ်ကွက်၊ ခင်ဦးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပူးတွဲပါမြေစာရင်းပုံစံ ၁၀၅ နှင့် ဦးပိုင်အမှတ် (၆၁) မြေဧရိယာ ၀ ဒသမ ၀၂၇ ဧက၊ မြေဂရန်အမှတ် ၄၈၃၆ နေအိမ်အဆောက်အအုံတည်ရှိသော အကွက်(၁) အနိုပ်တော်ရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးအစရှိသော အထက်ဖော်ပြပါ ပိုင်ဆိုင်မှုအားလုံးနှင့်တကွ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများအားလုံး၏ စာချုပ်စာတမ်း(မူရင်း)အပြည့်အစုံသည် ဇနီးဖြစ်သူ ဒေါ်ခင်မြစိမ်း တစ်ဦးတည်း၏ လက်ဝယ်တွင်ရှိပြီး တရားဝင်ပိုင်ဆိုင်မှု အကျိုးခံစားခွင့်ရှိသူဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်ခင်မြစိမ်း(ခ)ဒေါ်ဂျူလီမြ**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သက်ထားနွယ်**
**(LL.B. Advocate)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၇၄)**
**ဖုန်း-၀၉-၉၆၀၀၉၄၅၁၃**

### ဖခင်အမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့ အထက နဝမတန်း (F)မှ မောင်ဝေယံမိုး၏ ဖခင်အမည်မှန်မှာ ဦးဝင်း ၅/ခဥတ(နိုင်)၀၁၃၃၉၃ ဖြစ်ပါကြောင်း။

### မိခင်အမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့ အထက တက္ကသိုလ်ဝင်တန်း(D)မှ မောင်းဝင်းချစ်သူ၏ မိခင်အမည်မှန်မှာ ဒေါ်ဆွေမာလွင် ၅/ခဥတ(နိုင်)၀၅၆၀၂၄ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ် ခင်မွန် အထက(ခွဲ) ဆဋ္ဌမတန်း(B)မှ မောင်ပြည့်သျှန်အောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ပို ၅/ခဥတ(နိုင်)၀၁၆၆၉၄ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
ဒီပဲယင်းမြို့နယ်၊ အထက စိုင်ပြင် နဝမတန်း(A)မှ မောင်ကျော်ဇေယျ၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော် ၅/ဒပယ(နိုင်)၁၃၅၅၉၅ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့ အထက တက္ကသိုလ်ဝင်တန်း(G)မှ မခိုင်ဇင်သက်၏ ဖခင်အမည်မှန်မှာ ဦးအောင်ရွှေ ၅/ခဥတ(နိုင်)၀၉၈၁၁၇ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
ဆားလင်းကြီးမြို့နယ်၊ ထနောင်းကုန်း အထက (ခွဲ) တက္ကသိုလ်ဝင်တန်းမှ မောင်မိုးထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးစိုးဝင်းအောင် ၁၃/နမတ(နိုင်) ၀၃၆၉၇၈ ဖြစ်ပါကြောင်း။

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 6G/4164 Toyota Belta scp 92, S/L ယာဉ်လက်ဝယ်ရှိသူ ဒေါ်စုစုထွန်း ၅/မရန(နိုင်)၀၂၆၀၃၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ မုံရွာ**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း
လားရှိုးမြို့၊ ရပ်ကွက် (၁၁)၊ နယ်မြေ (၇)၊ အကွက်အမှတ် (အောင်စေတနာတိုးချဲ့) ဦးပိုင်အမှတ်(A/169)၊ မြေချိန်ဧရိယာ ၀ဒသမ၁၁၀ဧကရှိ မြေငှားလိုင်စင်အမှုတွဲအမှတ် (၆၆-၅/၂၀၀၉-၂၀၁၀) (စီ)ဖြင့် ဗိုလ်ကြီးသန်းဇော်ထွေးအမည်ပေါက် အိမ်မြေကွက်အား လားရှိုးမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ (၁၉-၅-၂၀၁၁)ရက်စွဲပါ စာချုပ်အမှတ် (၁၈၃I ၂၀၁၁)ဖြင့် ဗိုလ်ကြီးသန်းဇော်ထွေး၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးမျိုးသန့် ၁၃/လရန(နိုင်)၀၃၈၄၆၁ထံမှ မဇင်မာမင်းက ဝယ်ယူထားခဲ့ပြီး အဆိုပါမြေကွက်အား ဒေါ်လွမ်းငယ် ၁၃/လရန(နိုင်)၁၂၈၆၀၂ သည် ဒေါ်ဇင်မာမင်းထံမှ လားရှိုးမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၃၀-၁၁-၂၀၁၇ ရက်စွဲပါ စာချုပ်အမှတ် (၁၅၃I/၂၀၁၇) ဖြင့် တရားဝင်ဝယ်ယူထားရှိပြီးဖြစ်၍ ဒေါ်လွမ်းငယ်အမည်ဖြင့် မြေငှားဂရန်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ကြေညာသည့်ရက်မှ ရက်ပေါင်း ၂၀အတွင်း လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း
လားရှိုးမြို့၊ ရပ်ကွက်(၅)၊ နယ်မြေ ၁၃၊ အကွက်အမှတ်(မန်အိုင်အရှေ့တိုးချဲ့)၊ ဦးပိုင်အမှတ် ၂၈၆၊ မြေချိန်ဧရိယာ ၀ဒသမ၀၈၂ဧကရှိ မြေကွက်အား အမှတ်၅၀၇ခြေမြန်တပ်ရင်းနှင့် ရေကန်တောင်အကြားရှိ မြေလွတ်မြေလပ်များ နေရာချထားရေးအဖွဲ့မှ ဦးဝမ်မီးရှင် KKI-048443 အမည်ဖြင့် ၂၃-၆-၁၉၉၇ ရက်တွင် ချထားပေးသောမြေကွက်အား ဒေါ်ဖာဟွမ် ၁၃/ကခန(နိုင်)၀၃၆၁၅၃သည် ဦးဝမ်မီးရှင်ထံမှ ၁၂-၆-၂၀၀၉ရက်တွင် (အရပ်စာချုပ်) ဖြင့် ဝယ်ယူထားရှိပြီး မြေပေးမိန့်၊ တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်ထောက်ခံချက်၊ အရောင်းအဝယ်စာချုပ်များဖြင့် မြေစာရင်းပုံစံ ၁၀၅/၁၀၆ ရေးဆွဲပြီး မြေငှားလိုင်စင်အသစ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြေညာသည့်ရက်မှ ရက်ပေါင်း၃၀အတွင်း လားရှိုးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း
လားရှိုးမြို့၊ ရပ်ကွက်(၁၁)၊ နယ်မြေ ၇၊ အကွက်အမှတ်(ကွန်ပျူတာတိုးချဲ့) ဦးပိုင်အမှတ် ၂၉၊ မြေချိန်ဧရိယာ ၀ဒသမ၀၉၆ဧကရှိ ဒေါ်နွယ်နီအောင် အမည်ပေါက် မြေငှားဂရန်အမှုတွဲအမှတ် ၃၀၃-၅/၂၀၁၇-၂၀၁၈(အေ)မြေကွက်အား ဒေါ်နွယ်နီအောင်၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်ခမ်းထွန်း ၁၃/မဆတ(နိုင်)၀၂၂၀၁၄မှ ဦးနိုင်နိုင်ကျော် ၁၃/လရန(နိုင်)၁၈၅၅၁၂ထံသို့ လားရှိုးမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ် ၆၈I/၂၀၁၈ဖြင့် ၁၃-၁၂-၂၀၁၇ရက်တွင် ရောင်းချပေးခဲ့ပြီးဖြစ်၍ မြေကွက်ဝယ်ယူထားရှိသူ ဦးနိုင်နိုင်ကျော်မှ ၎င်းအမည်ပေါက် အမည်ပြောင်း မြေငှားဂရန်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ကြေညာသည့်ရက်မှ ရက်ပေါင်း ၂၀ အတွင်း လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

### သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း
မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်၊ နဝရတ်ခြံနေ ကျွန်မ ဒေါ်ခင်မြစိမ်း(ခ)ဒေါ်ဂျူလီမြ ၅/ခဥန(နိုင်)၀၂၈၇၇၂ ၏သမီး မမေဦးမိုး ၅/ခဥန(နိုင်)၀၀၀၃၇၁ သည် မိခင်၏ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ မိသားစုဂုဏ်သိက္ခာညှိုးနွမ်းအောင် ၎င်း၏သဘောဆန္ဒအတိုင်း ပြုမူလုပ်ဆောင်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သော လူမှုရေး၊ စီးပွားရေး၊ ငွေကြေးအရှုပ်အရှင်းကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
**မိခင်- ဒေါ်ခင်မြစိမ်း (ခ) ဒေါ်ဂျူလီမြ**
**၂၃ လမ်း ၅၈×၅၉ ကြား၊ နဝရတ်ရိပ်သာ၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့**

### ကန့်ကွက်နိုင်ကြောင်းကြေညာချက်
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၄)ရပ်ကွက်၊ ရွှေယင်းမာ (၁)လမ်း၊ အမှတ် (၁၄၅၂)နေ ဦးဘသိန်း ၁၂/လကန(နိုင်)၀၀၇၅၅၈ သည် ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့၊ ရပ်ကွက်(၃)ရှိ ခ·လ·ရ(၃)စစ်တပ်အရှေ့ဘက် သံလမ်းအကျော်တွင်ရှိသော မြေကွက်အမှတ် (၅၈)၊ ဦးပိုင်အမှတ် (၁၅/၁)၊ (၁၅/၂)၊ (၁၆)မြေကွက်အား (၂၇-၆-၁၉၇၈) ခုနှစ်တွင် ဦးမြခင်ထံမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယခုအချိန်ထိ ယင်းမြေကွက်အား ဦးဘသိန်းမှ လက်ရှိပိုင်ဆိုင်နေထိုင်လျက်ရှိပါသည်။ ထိုမြေကွက်အား ဦးဘသိန်းမှ ၎င်းအမည်ပေါက် ပိုင်ဆိုင်ကြောင်းစာရွက်စာတမ်းများနှင့်တကွ ပုံစံ(၇) လျှောက်ထားမည်ဖြစ်၍ ယင်းကိစ္စနှင့်ပတ်သက်ပြီး ၁၀ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
**ဦးဘသိန်း ၁၂/လကန(နိုင်)၀၀၇၅၅၈၊ ဖုန်း-၀၉-၅၁၃၂၁၅၃**

## အချုပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စင်ကာပူနိုင်ငံတွင် ဟောပြောဆွေးနွေးခဲ့သည့် "မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုဖြစ်စဉ်တွင် တွေ့ကြုံနေရသော အခက်အခဲများနှင့် ရှေ့ခရီးလမ်း" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးချက် အပြည့်အစုံကို အချုပ်ပို လေးမျက်နှာဖြင့် ဖော်ပြထားပါသည်။

**ရခိုင်ပြည်နယ် ခရီးကြမ်းရှည်နှင့် မဝေးတော့သည့်အနာဂတ်ရောင်ခြည်** ၈၁ » ၆

## စစ်တောင်းနှင့် သံလွင်မြစ်ရေကြီးမှု အခြေအနေ

**နေပြည်တော် ဩဂုတ် ၂၅**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် သုံးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း တစ်ပေခန့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သံလွင်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် သုံးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း ပေဝက် ခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ မဒေါက်မြို့နှင့် ဘားအံမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြု အပ်ပါသည်။

မိုး/ဇလ

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ မော်စကိုမြို့ရှိ ဗဟိုစစ်သမိုင်းပြတိုက်ကို ကြည့်ရှုလေ့လာ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ မော်စကိုမြို့ရှိ ဗဟိုစစ်သမိုင်းပြတိုက်တွင် လှည့်လည်ကြည့်ရှုလေ့လာကြစဉ်။

ဓာတ်ပုံ- တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးဖေ့စ်ဘုတ်

**နေပြည်တော် ဩဂုတ် ၂၅**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အဖွဲ့ဝင်များနှင့်အတူ ဩဂုတ် ၂၄ ရက် ညနေပိုင်းတွင် မော်စကိုမြို့ရှိ ဗဟိုစစ်သမိုင်းပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဗဟိုစစ်သမိုင်းပြတိုက်အတွင်းရှိ ရုရှားပြည်တွင်းစစ်ပြခန်း၊ (၁၇) ရာစုနှင့် (၁၈) ရာစုတွင် အသုံးပြုခဲ့သည့် လက်နက်များပြခန်း၊ ရုရှားအင်ပါယာ ကျူးကျော်ခံရမှု ပုံစံပြခန်းနှင့် ဒုတိယကမ္ဘာစစ်အတွင်း အသုံးပြုခဲ့သည့် လက်နက်များပြခန်းတို့ကို လှည့်လည် ကြည့်ရှုလေ့လာကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်သမိုင်းပြတိုက်၏ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးပြီး ဗဟိုစစ်သမိုင်းပြတိုက် ညွှန်ကြားရေးမှူးအား အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်ရာ ဗဟိုစစ်သမိုင်းပြတိုက် ညွှန်ကြားရေးမှူးကလည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အမှတ်တရလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

ထို့နောက် စစ်သမိုင်းပြတိုက်ရှိ ပြင်ပပြကွက်တွင် ပြသထားသည့် ရုရှားနိုင်ငံမှ ခေတ်အဆက်ဆက်အသုံးပြုခဲ့သည့် တိုက်လေယာဉ်များ၊ ဒုံးပျံများနှင့် တင့်ကားများကို လိုက်လံကြည့်ရှု လေ့လာသည်။

ရုရှားနိုင်ငံဗဟိုစစ်သမိုင်းပြတိုက်ကို ၁၉၁၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ဒုတိယကမ္ဘာစစ်အတွင်း ရုရှားနိုင်ငံနှင့် စစ်ပြိုင်နိုင်ငံများမှ အသုံးပြုခဲ့သည့် လက်နက်ပြခန်းများ၊ (၂၀) ရာစု ရုရှားနိုင်ငံ

စာမျက်နှာ ၅ ကော်လံ ၄



# ဂျပန်အင်ဂျင်နီယာများ၏ အဆင့်မြင့်နည်းပညာများဖြင့် အသုံးပြုတည်ဆောက်ခဲ့သော ဒေါပုံတံတားသစ်ဖွင့်

**ရန်ကုန် ဩဂုတ် ၂၅**

ဂျပန်ပြည်သူများ၏ထောက်ပံ့ကူညီမှုဖြင့် ဂျပန်အင်ဂျင်နီယာများက အဆင့်မြင့်နည်းပညာများ အသုံးပြုကာ တည်ဆောက်ခဲ့သော ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်ကြားရှိ ပုဇွန်တောင်ချောင်းကူး ဒေါပုံတံတားသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr. Ichiro Maruyama၊ JICA မြန်မာရုံး အကြီးအကဲ Mr. Masayuki Karasawa၊ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ရန်ကုန်တိုင်းဒေသကြီး အပါအဝင် နိုင်ငံတစ်ဝန်း

စာမျက်နှာ ၈ ကော်လံ ၁



## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ဟောပြောဆွေးနွေးချက်

*နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လုံး၏ ဖိတ်ကြားချက်အရ ဩဂုတ် ၁၉ ရက်တွင် စင်ကာပူသမ္မတနိုင်ငံသို့ အလုပ်သဘော ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပါသည်။*

*အဆိုပါ ခရီးစဉ်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်တွင် တွေ့ကြုံနေရသော အခက်အခဲများနှင့် ရှေ့ခရီးလမ်းခေါင်းစဉ်ဖြင့် ဩဂုတ် ၂၁ ရက်တွင် စင်ကာပူသမ္မတနိုင်ငံ Grand Hyatt ဟိုတယ်၌ ဟောပြောဆွေးနွေးခဲ့ပါသည်။ အဆိုပါ ဟောပြောဆွေးနွေးချက်အပြည့်အစုံကို မြန်မာဘာသာဖြင့် ပြန်လည်ဖော်ပြလိုက်ပါသည်။*

# မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်တွင် တွေ့ကြုံနေရသော အခက်အခဲများနှင့် ရှေ့ခရီးလမ်း

အာဆီယံဉက္ကဋ္ဌအဖြစ် စင်ကာပူနိုင်ငံမှ တာဝန်ယူထားသည့် ယခုနှစ်တွင် မိမိတို့၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး ရည်မှန်းချက်နှင့် စိန်ခေါ်မှုများကို ယနေ့ပြောကြားခွင့်ရသည့်အတွက် အထူးကျေးဇူးတင်ရှိသည်ကို ပြောကြားလိုပါကြောင်း၊ မိမိတို့အနေဖြင့် ရှုပ်ထွေးနက်နဲသည့် အသွင်ကူးပြောင်းမှုတစ်ရပ်ဖြစ်ရေး ဆွေးနွေးကြရာတွင် မိမိတို့၏အာဆီယံနိုင်ငံ မိတ်ဆွေများက လိုအပ်သည့်ကူညီပံ့ပိုးမှုများ လိုလိုလားလားရှိခဲ့ကြပါကြောင်း၊ အာဆီယံနိုင်ငံများအနေဖြင့် တူညီသောအတွေ့အကြုံ၊ ရည်မှန်းချက်ကိုအခြေခံပြီး ဒေသဆိုင်ရာစည်းလုံးညီညွတ်မှု၏ တန်ဖိုးကို ပြသခဲ့ကြပါကြောင်း။

### အခြေခံအကြောင်းရင်းတစ်ခုပင်

တစ်ဦးတစ်ယောက်ကို ကူညီခြင်းသည် တစ်စုတစ်ဖွဲ့လုံးကို ကူညီခြင်းပင်ဖြစ်သည်ဆိုသည့် အယူအဆက အာဆီယံအတွင်း တူညီသော အယူအဆနှင့် စုပေါင်း ဆောင်ရွက်မှုကို ခိုင်မာစေခဲ့ပြီဖြစ်ပါကြောင်း၊ ထို့ပြင် အဖွဲ့ဝင်နိုင်ငံများကြား ဖွံ့ဖြိုးတိုးတက်မှုတွင် ကွာဟမှုများရှိသော်ငြားလည်း အာဆီယံကို ကမ္ဘာပေါ်တွင် အအောင်မြင်ဆုံးသော ဒေသဆိုင်ရာ အဖွဲ့အစည်းများအနက်တစ်ခုအဖြစ် ရောက်ရှိစေခဲ့သည့် အခြေခံအကြောင်းရင်းတစ်ခုပင် ဖြစ်ပါကြောင်း။

အသွင်ကူးပြောင်းရေးတစ်ရပ်ဆိုသည်မှာ အရှင်းလင်းဆုံးပြောရလျှင် တစ်နေရာမှ အခြားတစ်နေရာသို့ ကူးပြောင်းသွားသည့် လုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ ရောက်ရှိ ရမည့် အကွာအဝေးနှင့် လျှောက်လှမ်းဖြတ်သန်းရမည့် ခရီးကြမ်း၏ သဘောသဘာဝက ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ၏ အတိုင်းအတာနှင့် ရှုပ်ထွေးမှုကို ပြဌာန်းပေးပါကြောင်း၊ မြန်မာနိုင်ငံသည် ကာလရှည်ကြာ အခြေခိုင်မာနေသော အာဏာရှင်စနစ်မှ မိမိတို့က ဒီမိုကရေစီဟုခေါ်ဆိုသောစနစ်သို့ ဖြတ်သန်းလျှောက်လှမ်းလျက်ရှိပါကြောင်း၊ မိမိတို့ ပြည်သူများ၏အသိအမြင် အထူးသဖြင့် ဒီမိုကရေစီအသိအမြင်များမှာ ဆက်စပ်မရနိုင်အောင် ကွဲပြားခြားနားနေကြသည့်အလျောက် အဆိုပါ ကွဲပြားခြားနားမှုများသည် ယနေ့မိမိတို့နိုင်ငံက ဖြတ်သန်း နေရသည့် အသွင်ကူးပြောင်းမှုအပေါ်တွင် အကျိုးသက်ရောက်မှုဖြစ်နိုင်ပါကြောင်း။

### မပြီးဆုံးသေးသော ဒီမိုကရေစီစနစ်

မြန်မာနိုင်ငံသည် ပြီးခဲ့သည့် ၇၅ နှစ်ခန့်ကာလအတွင်း အရေးကြီးသည့် အသွင်ကူးပြောင်းရေးသုံးရပ်ကို ဖြတ်သန်းခဲ့ရပါကြောင်း၊ ယင်းတို့မှာ ကိုလိုနီအုပ်ချုပ်ရေးစနစ်မှ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရခဲ့သည့်အချိန်ကာလ၊ ပါလီမန်ဒီမိုကရေစီခေတ်မှ ၁၉၆၂ ခုနှစ် စစ်အာဏာရှင် စနစ်ကာလနှင့် ၁၉၈၈ ခုနှစ်မှ စတင်ခဲ့သော စစ်အုပ်ချုပ်ရေးစနစ်မှ မပြီးဆုံးသေးသော ဒီမိုကရေစီစနစ်ဟူ၍ သုံးပိုင်းရှိပါကြောင်း။




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဩဂုတ် ၂၁ ရက်က စင်ကာပူနိုင်ငံ Grand Hyatt ဟိုတယ်၌ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်တွင် တွေ့ကြုံနေရသောအခက်အခဲများနှင့် ရှေ့ခရီးလမ်းခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးစဉ်။**

> မြန်မာနိုင်ငံသည် ကာလရှည်ကြာ အခြေခိုင်မာနေသော အာဏာရှင်စနစ်မှ မိမိတို့က ဒီမိုကရေစီဟု ခေါ်ဆိုသောစနစ်သို့ ဖြတ်သန်းလျှောက်လှမ်းလျက်ရှိပါကြောင်း၊ မိမိတို့ ပြည်သူများ၏အသိအမြင် အထူးသဖြင့် ဒီမိုကရေစီ အသိအမြင်များမှာ ဆက်စပ်မရနိုင်အောင် ကွဲပြားခြားနားနေကြသည့် အလျောက် အဆိုပါ ကွဲပြားခြားနားမှုများသည် ယနေ့မိမိတို့နိုင်ငံက ဖြတ်သန်းနေရသည့် အသွင်ကူးပြောင်းမှုအပေါ်တွင် အကျိုးသက်ရောက်မှု ဖြစ်နိုင်

ပထမအသွင်ကူးပြောင်းရေးမှာ အခက်ခဲဆုံးနှင့် အပေးဆပ်ခဲ့ရဆုံးရုန်းကန်လှုပ်ရှားမှုများမှ ထွက်ပေါ်လာသည့် ရိုးရှင်းသော နောက်ဆုံးရလဒ်ပင်ဖြစ်ပါကြောင်း၊ လက်အောက်ခံကိုလိုနီနိုင်ငံတစ်ခုအဖြစ်မှ အချုပ်အခြာအာဏာပိုင်သည့် လွတ်လပ်သော နိုင်ငံတစ်ခုအဖြစ်သို့ ပီပီပြင်ပြင်ပြောင်းလဲခဲ့ခြင်း ဖြစ်ပါကြောင်း။

ဒုတိယအသွင်ကူးပြောင်းမှုမှာလည်း အလွန်ပင် ပြင်းထန်မြန်ဆန်ပြီး သမိုင်းတွင် ထင်ရှားသည့် ဖြစ်ရပ်တစ်ခုဖြစ်ကြောင်း၊ တစ်ခုသော နံနက်ခင်းတွင် မြို့တော်၏ လမ်းမများပေါ်တွင် သံချပ်ကာကားများ ရောက်ရှိလာပြီး ရေဒီယိုတွင် ရုတ်တရက်သတင်းကြေညာမှုများ ဖြစ်ပေါ်ခဲ့ကြောင်း။

မိမိတို့၏လက်ရှိ အသွင်ကူးပြောင်းရေးမှာ အရှုပ်ထွေးဆုံးနှင့် စိန်ခေါ်မှုအများဆုံးဖြစ်ကြောင်း၊ ကနဦးအစပိုင်းတွင် ပီပြင်မှုမရှိခဲ့ပါကြောင်း၊ အလံတစ်ခုကိုချပြီး နောက်အလံတစ်ခုကို လွှင့်တင်သည့်အခိုက်တွင် တိကျရေရာမှုတစ်ခုမှမရှိခဲ့ကြောင်း၊ မိမိတို့နိုင်ငံ၏ သမိုင်းတွင် ခေတ်တစ်ခေတ်ကုန်ဆုံးပြီး နောက်ခေတ်တစ်ခေတ် စတင်မှုကို ထင်ရှားပေါ်လွင်စေသည့် တိကျပြတ်သားသော ထုတ်ပြန်ကြေညာချက်များ မရှိခဲ့ပါကြောင်း၊ သိပ်အရေးမကြီးဟု ယူဆရသည့် အဖြစ်အပျက် အများအပြား ပေါင်းစပ်ပြီး ပြင်းထန်သော တစ်နိုင်ငံလုံး ဒီမိုကရေစီအရေးတော်ပုံ အသွင်သို့ရောက်ရှိခဲ့ပါကြောင်း၊ ဆန္ဒပြမှုများကို လျင်မြန်စွာ ဖြိုခွင်းနိုင်ခဲ့သော်လည်း ယနေ့မိမိတို့ လျှောက်လှမ်းနေသော ကြမ်းတမ်း ခက်ထန်သည့် အသွင်ကူးပြောင်းရေး လမ်းကြောင်းကို တံခါးဖွင့်ပေးခဲ့ပါကြောင်း။

မိမိတို့ပြည်သူများအဖို့ ၁၉၈၈ ခုနှစ်က ဒီမိုကရေစီသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီနှင့် ဆက်နွှယ်နေ သောအရာအားလုံးနှင့် ဆန့်ကျင်ဘက် ဖြစ်ခဲ့ပါကြောင်း၊ စစ်အစိုးရ၏ အငွေ့အသက်ပါသော တစ်ပါတီစနစ်၏ ဖိနှိပ်မှုကို ဖယ်ရှားလိုသည့်ဆန္ဒမှာ နိုင်ငံအနှံ့ပျံ့နှံ့သွားခဲ့ကြောင်း၊ ယုတ်လျော့သွားသည့် တစ်ဦးတစ်ယောက်ချင်းစီ၏ လွတ်လပ်မှု၊ ငြိမ်းချမ်းမှု၊ ကျဆင်းသွားသည့် အဆင့်အတန်းများကို အဆုံးသတ်ရန် ပြည်သူများက ကျယ်ကျယ်လောင်လောင် တောင်းဆိုခဲ့ကြကြောင်း။

### မဲဆန္ဒနယ်အများစုတွင် အနိုင်ရရှိခဲ့

တုံ့ပြန်မှုအနေဖြင့် တိုက်ရိုက်စစ်အုပ်ချုပ်ရေးကို အလျင်အမြန်ဖွဲ့စည်းခဲ့ပြီး လွတ်လပ်မှုကို ပိတ်ပင်ခဲ့ပါကြောင်း၊ နိုင်ငံရေးပါတီ အများအပြား ဖွဲ့စည်းခွင့်ပြုခဲ့သော်လည်း ၎င်းတို့၏ လှုပ်ရှားမှုများကို ကန့်သတ်ခဲ့ပါ ကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်သို့ မရေမရာသော ခြေလှမ်းများဖြင့် စတင်လျှောက်လှမ်းခဲ့ပါကြောင်း၊ မျှော်လင့်ချက်ရောင်ခြည်သန်းစေခဲ့သည့် ၁၉၉၀ အထွေထွေရွေးကောက်ပွဲအပါအဝင် အဟန့်အတားများ ကျော်လွှားပြီးနောက်ပိုင်း ၂၀၁၅ ခုနှစ်တွင် သမိုင်းဝင်ရွေးကောက်ပွဲများကို မိမိတို့ကျင်းပနိုင်ခဲ့ကြောင်း၊ စောဒကတက်စရာကောင်းသည့် ၂၀၀၈ ခုနှစ် ပြည်သူ့ဆန္ဒခံယူပွဲမှ အတည်ပြုပြဋ္ဌာန်းလိုက်သော ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ကန့်သတ်ချက်များအကြားတွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်သည် အစိုးရတစ်ရပ်ဖွဲ့စည်းနိုင်ခဲ့သည်အထိ မဲဆန္ဒနယ်အများစုတွင် အနိုင်ရရှိခဲ့ပါကြောင်း။

ဒီမိုကရေစီအသွင် ကူးပြောင်းမှုဟုဆိုရာ၌ ပြည်သူ့ဆန္ဒနှင့်အညီ

**စာမျက်နှာ (ခ)သို့**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ဟောပြောဆွေးနွေးချက်

စာမျက်နှာ (က) မှ

လမ်းကြောင်းတစ်ခုကိုချမှတ်ခဲ့ပြီး ယင်းတို့၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ဒီမိုကရေစီပန်းတိုင်ကို ဦးတည်သည့် ဒီမိုကရေစီနည်းလမ်းကို မိမိဆိုလိုပါကြောင်း။

မိမိတို့ ပြည်သူများသည် ငြိမ်းချမ်းရေးနှင့် လုံခြုံရေး၊ ဆုပူအုံကြွမှုကို အဆုံးသတ်ရေး၊ ရုပ်ပိုင်း၊ စိတ်ပိုင်းလုံခြုံရေးနှင့် ၎င်းတို့၏ ကလေးငယ်များ အနာဂတ်ကို စူးစိုက်နိုင်မည့် အခွင့်အလမ်းရရှိရေးကို အာသီသပြင်းပြနေကြကြောင်း၊ ပြည်သူများအနေဖြင့် ၁၉၈၈ ခုနှစ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဖွဲ့စည်းတည်ထောင်စဉ်က အခြေခံခဲ့သော အကြမ်းမဖက်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးမူများကို လက်ခံခဲ့ကြပြီး ဆယ်စုနှစ်သုံးခုနီးပါးအကြာတွင် တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဟူသော မိမိတို့ပါတီမှ ချမှတ်ထားသည့် ရည်မှန်းချက်များအတွက် မဲပေးထောက်ခံခဲ့ကြကြောင်း၊ မိမိတို့အသွင်ကူးပြောင်းရေး ဖြစ်စဉ်၏ အောင်မြင်မှုအတိုင်းအတာကို ပြည်သူများနှင့်အတူ ပြည်သူ့ဆန္ဒများ မည်မျှအထိ ဖြည့်စွမ်းပေးနိုင်ခဲ့ သည်ဆိုသည့် ပမာဏဖြင့် တိုင်းတာရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

## ရည်မှန်းချက်ငါးခုရှိ

မိမိတို့၏ အသွင်ကူးပြောင်းရေးအတွက် လမ်းပြမြေပုံအဖြစ် ရှုမြင်နိုင်သော မြန်မာနိုင်ငံစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွင် မဏ္ဍိုင်သုံးခုက အထောက်အပံ့ပြုထားသည့် ရည်မှန်းချက်ငါးခုရှိပါကြောင်း။

ပထမရည်မှန်းချက်မှာ ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ လုံခြုံရေးနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးဖြစ်ပြီး ဒုတိယရည်မှန်းချက်မှာ စီးပွားရေးတည်ငြိမ်မှုနှင့် အကြီးစားစီးပွားရေး စီမံခန့်ခွဲမှုများ အားကောင်းလာရေးဖြစ်ပါကြောင်း၊ ယင်းတို့မှာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဟူသော မဏ္ဍိုင်အပေါ် တည်မှီနေပါကြောင်း၊ တတိယရည်မှန်းချက်မှာ သာယာဝပြောမှုနှင့် မိတ်ဖက်ဖြစ်မှုဟူသော မဏ္ဍိုင်နှင့်သက်ဆိုင်သည့် အလုပ်အကိုင်ဖန်တီးမှုနှင့် ပုဂ္ဂလိကကဏ္ဍဦးဆောင်သည့် ဖွံ့ဖြိုးတိုးတက်မှုဖြစ်ပါကြောင်း၊ ပြည်သူနှင့် ကမ္ဘာကြီးပါဝင်သော တတိယမဏ္ဍိုင်က ၂၁ ရာစု လူမှုအသိုက်အဝန်းအတွက် လူသားအရင်းအမြစ်နှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးဟူသည့် စတုတ္ထ ရည်မှန်းချက်ကို အထောက်အပံ့ပြုကြောင်း၊ ပဉ္စမရည်မှန်းချက်မှာ နိုင်ငံသာယာဝပြောမှုအတွက် သဘာဝအရင်းအမြစ်များနှင့် ပတ်ဝန်းကျင်ဖြစ်ပါကြောင်း။

## ပထမဦးဆုံးတာဝန်

ရည်မှန်းချက် တစ်နှင့်နှစ်မှာ အပြန်အလှန် အမှီသဟဲပြုကြပြီး ငြိမ်းချမ်းရေးနှင့်တည်ငြိမ်မှုမဏ္ဍိုင်သာမရှိပါက ၎င်းတို့ ရပ်တည်၍မရနိုင်ပါကြောင်း၊ မိမိတို့အနေဖြင့် အသွင်ကူးပြောင်းရေး လမ်းကြောင်းပေါ် ရောက်ရှိခဲ့ပြီဖြစ်ရာ ယင်းမဏ္ဍိုင်တည်ဆောက်ရေးသည် မိမိတို့ဖော်ဆောင်ရမည့် ပထမဦးဆုံးတာဝန်ဖြစ်ပါကြောင်း၊ မိမိတို့အစိုးရသစ်စတင်တာဝန်ယူခဲ့သော ၂၀၁၆ ခုနှစ် မတ် ၃၀ ရက် အစပိုင်းကစ၍ ယခင်အစိုးရက ဖော်ဆောင်ခဲ့သော ငြိမ်းချမ်း ရေးလုပ်ငန်းစဉ်ကို စီမံကိန်းချကာ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း။

လွတ်လပ်ရေးနှင့်အတူ မွေးဖွားလာခဲ့ပြီး နိုင်ငံတော်ကို ယိုယွင်းပျက်စီးစေသည့် လက်နက်ကိုင်ပဋိပက္ခ အဆုံးသတ်ရေးနှင့် မတူကွဲပြားခြားနားမှုမှ ဖော်ဆောင်ယူခဲ့သော ရေရှည်ခိုင်မြဲသည့် စည်းလုံးညီညွတ်မှုအပေါ် အခြေခံသည့် ခိုင်မာသော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကို တည်ထောင်ရန် (၂၁) ရာစုပင်လုံညီလာခံကို ကျင်းပခြင်းဖြင့် ကြိုးပမ်းခဲ့ကြောင်း။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသည် ချောမွေ့သည်ဟူ၍မရှိဘဲ အဟန့်အတားများနှင့် ပြည့်နှက်နေလေ့ရှိသည်ကို အခြားနိုင်ငံများ၏ အတွေ့အကြုံများမှ မိမိတို့လေ့လာသိရှိခဲ့ရပါကြောင်း၊ မိမိတို့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ဆွေးနွေးညှိနှိုင်းရမည့် အဖွဲ့အစည်းများစွာ ပါဝင်ပတ်သက်နေသည့်အတွက် အလွန့်အလွန် ရှုပ်ထွေးပါကြောင်း၊ မိမိတို့အနေဖြင့် အခက်အခဲများ၊ စိတ်ပျက်စရာများ၊ နှောင့်နှေးကြန့်ကြာမှုများအတွက်ပါ ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ထားခဲ့ပါကြောင်း။

> ကြိုတင်မျှော်မှန်းထားခဲ့သကဲ့သို့ အခက်အခဲများနှင့် စိတ်ပျက်စရာများရှိခဲ့ပါကြောင်း၊ သို့သော်လည်း အဆက်မပြတ် ညှိနှိုင်းဆွေးနွေးမှုများ၊ ထာဝရစိတ်ရှည်သည်းခံမှု၊ ဆွေးနွေးဖက်များ၏ စိတ်ရင်းစေတနာကောင်းမွန်မှု၊ ပြည်သူများနှင့် မိတ်ဆွေများ၏ အားပေးကူညီမှုတို့ဖြင့် မိမိတို့ ရှေ့ဆက်လျှောက်လှမ်းနိုင်ခဲ့ပါကြောင်း၊ လွန်ခဲ့သည့် နှစ်နှစ်အတွင်း ပင်လုံအစည်းအဝေးသုံးကြိမ် ကျင်းပခဲ့ရာ ကျင်းပသည့်အကြိမ်တိုင်းတွင် အဖိုးတန်သည့် တိုးတက်မှုများရရှိခဲ့ပါကြောင်း၊ ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အဆင့် ၇ ဆင့်ရှိသော လမ်းပြမြေပုံကို ရရှိခဲ့

## ရှေ့ဆက်လျှောက်လှမ်းနိုင်ခဲ့ပါ

သို့သော် မိမိတို့အနေဖြင့် လုံ့လမလျှော့ရန် စိတ်ပိုင်းဖြတ်ထားကြပါကြောင်း၊ အဘယ် ကြောင့်ဆိုသော် ငြိမ်းချမ်းမှုမရှိလျှင် မိမိတို့ အသွင်ကူးပြောင်းရေး လုပ်ငန်းသည် အောင်မြင်မှုမရရှိနိုင်ပါကြောင်း၊ ကြိုတင်မျှော်မှန်းထားခဲ့သကဲ့သို့ အခက်အခဲများနှင့် စိတ်ပျက်စရာများရှိခဲ့ပါကြောင်း၊ သို့သော်လည်း အဆက်မပြတ်ညှိနှိုင်းဆွေးနွေးမှုများ၊ ထာဝရစိတ်ရှည်သည်းခံမှု၊ ဆွေးနွေးဖက်များ၏ စိတ်ရင်းစေတနာကောင်းမွန်မှု၊ ပြည်သူများနှင့် မိတ်ဆွေများ၏ အားပေးကူညီမှုတို့ဖြင့် မိမိတို့ ရှေ့ဆက်လျှောက်လှမ်းနိုင်ခဲ့ပါကြောင်း၊ လွန်ခဲ့သည့် နှစ်နှစ်အတွင်း ပင်လုံအစည်းအဝေးသုံးကြိမ် ကျင်းပခဲ့ရာ ကျင်းပသည့်အကြိမ်တိုင်းတွင် အဖိုးတန်သည့် တိုးတက်မှုများ ရရှိခဲ့ပါကြောင်း၊ ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အဆင့် ၇ ဆင့်ရှိသော လမ်းပြမြေပုံကို ရရှိခဲ့ပါကြောင်း။

ဒုတိယအစည်းအဝေးတွင် အခြေခံမူဝါဒ ၃၇ ချက်ကို ချမှတ်နိုင်ခဲ့ပါကြောင်း၊ တတိယအစည်းအဝေးမစတင်မီ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းနှစ်ခုနှင့် ထပ်မံ၍လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း၊ အစည်းအဝေးကျင်းပစဉ်ကာလအတွင်း ထပ်မံ၍အခြေခံမူဝါဒ ၁၄ ချက် ချမှတ်နိုင်ခဲ့ပါကြောင်း၊ ကြီးမားသော စိန်ခေါ်မှုရှိနေဆဲဖြစ်ပြီး တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအကြား တိုက်ပွဲများနှင့်တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အကြားတွင်လည်း တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေပါကြောင်း၊ မိမိတို့အနေဖြင့် စိန်ခေါ်မှုများအပေါ် အမြဲသတိရှိနေပြီး ယင်းတို့ကို အပြန်အလှန်ယုံကြည်မှုနှင့်နားလည်မှုတို့ တည်ဆောက်ရန် ကြိုးစားရင်းတွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများမှတစ်ဆင့် ဖြေရှင်းရန် ရည်ရွယ်ထားပါကြောင်း။

ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးအတွက် ခိုင်မာသည့် အခြေခံအုတ်မြစ်တစ်ခုကို ကျယ်ကျယ်ပြန့်ပြန့် ပြည့်ပြည့်စုံစုံဖော်ဆောင်ရမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ ပြဿနာများကို ကိုင်တွယ်ဖြေရှင်းခြင်းသည် မိမိတို့ မဏ္ဍိုင် ၁ တည်ဆောက်ရေး၏ အခြေခံကျသော အစိတ်အပိုင်းတစ်ရပ်ဖြစ်ပါကြောင်း၊ အစိုးရအဖွဲ့ စတင်တာဝန်ယူသည့် နှစ်လအတွင်း မိမိတို့အနေဖြင့် ရခိုင်ပြည်နယ် တရား ဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဗဟို ကော်မတီကို ဖွဲ့စည်းတည်ထောင်ခဲ့ပြီး သဘာဝသယံဇာတကြွယ်ဝသည့် ရခိုင်ပြည်နယ်၏ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဖျက်ဆီးနေသည့် ပြဿနာများကို ထာဝရဖြေရှင်းပေးမည့်အဖြေများ ကူညီရှာဖွေပေးရန်အတွက် အကြံပေးကော်မရှင်ကို ဦးဆောင်ရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဒေါက်တာကိုဖီအာနန်ကို ချဉ်းကပ်ခဲ့ပါကြောင်း။

> ရခိုင်ပြည်နယ်အတွင်းရှိ ပြဿနာများကို ကိုင်တွယ်ဖြေရှင်းခြင်းသည် မိမိတို့ မဏ္ဍိုင် ၁ တည်ဆောက်ရေး၏ အခြေခံကျသော အစိတ်အပိုင်းတစ်ရပ်ဖြစ်ပါကြောင်း၊ အစိုးရအဖွဲ့ စတင်တာဝန်ယူသည့် နှစ်လအတွင်း မိမိတို့အနေဖြင့် ရခိုင်ပြည်နယ် တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းတည်ထောင်ခဲ့ပြီး သဘာဝသယံဇာတကြွယ်ဝသည့် ရခိုင်ပြည်နယ်၏ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဖျက်ဆီးနေသည့် ပြဿနာများကို ထာဝရဖြေရှင်းပေးမည့် အဖြေများ ကူညီရှာဖွေပေးရန်အတွက် အကြံပေးကော်မရှင်ကို ဦးဆောင်ရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဒေါက်တာကိုဖီအာနန်ကို ချဉ်းကပ်ခဲ့

## မရေမတွက်နိုင်

ဤနေရာတွင် ကျေးဇူးပြု၍ မိမိအား ဒေါက်တာကိုဖီအာနန်ကို ချီးကျူးဂုဏ်ပြုခွင့်ပေးစေလိုပါကြောင်း၊ ၎င်း၏အရည်အချင်းနှင့် အောင်မြင်မှုများသည် မရေမတွက်နိုင်ပါကြောင်း၊ သို့သော် မိမိတို့ ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းရန် ဆွေးနွေးနေခိုက် မိမိတို့အတွက် ယင်း၏အရေးပါခဲ့ပုံ ကိုသာ အဓိကတင်ပြရန်သင့်တော်ပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ အမြစ်တွယ်နေသော ပြဿနာများကို ဖြေရှင်းရာတွင် မိမိတို့အား အကြံဉာဏ်ပေးမည့်တာဝန်ကို လက်ခံရယူရန် စိတ်သဘောထားကောင်းမွန်ပြီး အကောင်းမြင်စိတ်ဓာတ်ရှိသည့် ဒေါက်တာကိုဖီအာနန်က သဘောတူညီခဲ့ပါကြောင်း။

မြန်မာနိုင်ငံအပေါ် ရခိုင်ပြည်နယ်မှ အဖြစ်အပျက်များကြောင့် ပြင်းထန်သော ဝေဖန်ပြစ်တင်မှုများရှိနေချိန်တွင် မိမိတို့ နိုင်ငံကို ငြိမ်းချမ်းလုံခြုံတိုးတက်အောင်မြင်စေလိုသော ဒေါက်တာအာနန်အနေဖြင့် မိမိတို့အားကူညီရန် ၎င်း၏ ဆုံးဖြတ်ချက်အတိုင်း လုပ်ဆောင်ခဲ့ပါကြောင်း၊ ကိုဖီအာနန်၏ လုပ်ဆောင်ချက်နှင့် ၎င်းကော်မရှင်၏ အကြံပြုချက်များမှ တွေ့ရသော ၎င်း၏ ကရုဏာ၊ ရိုးသားဖြောင့်မတ်မှုနှင့် ရဲစွမ်းသတ္တိတို့သည် ၎င်း၏ပညာပြည့်ဝမှု၊ အတွေ့အကြုံကြွယ်ဝမှုတို့ကို ထင်ဟပ်ခဲ့ပါကြောင်း၊ ၎င်း၏ချဉ်းကပ်မှုနည်းလမ်းမှာ အပြုသဘောဆောင်ပြီး ကရုဏာတရားရှိပါကြောင်း၊ အလုပ်တာဝန် များပြားသည့်ကြားမှပင် အချိန်ယူကာ မိမိအား တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းပြီး ကူညီအားပေးခဲ့ပါကြောင်း။

## စံတန်ဖိုးများ

ယခုနှစ်အစောပိုင်းတွင် ရခိုင်ပြည်နယ် အတွင်းရရှိခဲ့သော သင်ခန်းစာများ ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ၎င်းအနေဖြင့် နောက်ဆုံးလူထုအခမ်းအနားအဖြစ် ကျင်းပပြုလုပ်ခဲ့ပါကြောင်း၊ ၎င်း၏ဘဝသည် မိမိတို့အကျိုးအတွက် လေ့လာစရာ သင်ခန်းစာတစ်ခုပင်ဖြစ်ပါကြောင်း၊ ကုလသမဂ္ဂကို တည်ဆောက်ထားသည့် အခြေခံသဘောများနှင့် တန်ဖိုးများထင်ဟပ်နေသည်ကို တွေ့ရပါကြောင်း၊ ကမ္ဘာတစ်လွှားတွင် ငြိမ်းချမ်းသာယာမှုရရှိနိုင်ကြောင်း မိမိတို့အား ယုံကြည်မျှော်လင့်စေသည့် စံတန်ဖိုးများပင် ဖြစ်ပါကြောင်း။

ဒေါက်တာကိုဖီအာနန် ကော်မရှင်၏ အကြံပြုချက် ၈၈ ချက်မှ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးဖော်ဆောင်ရန် ရည်ရွယ်သည့် အကြံပြုချက် ၈၁ ချက်ကို မိမိတို့အနေဖြင့် အကောင်အထည်ဖော်ပြီးဖြစ်ပါကြောင်း၊ သို့သော် ရခိုင်ပြည်နယ်ရှိ စိန်ခေါ်မှုများမှာ ဘက်ပေါင်းစုံမှဖြစ်ရာ အဘက်ဘက်မှ လုပ်ဆောင်စရာများစွာ လိုအပ်နေပါကြောင်း၊ ပြီးခဲ့သည့် နိုဝင်ဘာလက မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးခဲ့သည့် သဘောတူညီချက်ကိုအကောင်အထည်ဖော်ခြင်းဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်ရှိသော နေရပ်စွန့်ခွာသူများအား ပြန်လည်နေရာချထားရေးကို လုပ်ဆောင်နိုင်မည်ဖြစ်ပါကြောင်း။

## အဆင့်ပေါင်းစုံတွင်ပါဝင်ခဲ့

ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော်ရန်အတွက် မြန်မာအစိုးရသည် UNDP နှင့် UNHCR တို့နှင့် နားလည်မှုစာချွန်လွှာ(MoU) တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ နေရပ်စွန့်ခွာသွားသူများ ပြန်လည်နေရာချထားရေးအတွက် နေရာများကို စီစဉ်ထားရှိပြီးဖြစ်ပါကြောင်း၊ ကုလသမဂ္ဂတာဝန်ရှိပုဂ္ဂိုလ်များအား ကျေးရွာအုပ်စု ၁၃ အုပ်စုအတွင်းရှိ ကျေးရွာ ၂၃ ရွာကိုရှေ့ပြေးအကဲဖြတ်စီမံကိန်းအဖြစ် ဝင်ရောက်ခွင့်ပြုခဲ့ကြောင်း၊ နယ်နိမိတ်မျဉ်းအနီးနေထိုင်သော နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးအတွက် ထပ်မံ၍ ကျေးရွာငါးရွာကို သတ်မှတ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်အရေးနှင့် ပတ်သက်ပြီး ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာ ထောက်ထားမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီအနေဖြင့် ဘက်ပေါင်းစုံ၊ အဆင့်ပေါင်းစုံတွင် ပါဝင်ခဲ့ပါကြောင်း။

စာမျက်နှာ (ဂ)သို့

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ဟောပြောဆွေးနွေးချက်

စာမျက်နှာ (ခ) မှ

UEHRD သည် နိုင်ငံအနှံ့မှ ပြည်သူများနှင့် အဖွဲ့အစည်းများကို ရခိုင်ပြည်နယ်၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတွင် အစိုးရနှင့်အတူ ပါဝင်လာရန် ပေါင်းစည်းပေးသည့် အဖွဲ့အစည်းဖြစ်ပါကြောင်း။

နိုင်ငံအနှံ့အပြားရှိ ပြည်သူများနှင့် အဖွဲ့အစည်းများ အစိုးရနှင့် ပါဝင်ပူးပေါင်းပြီး ရခိုင်ပြည်နယ်အား စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သည့် အမျိုးသားစီမံကိန်းအတွင်း ပါဝင်လာအောင် ဖော်ဆောင်စေခဲ့သည်မှာ UEHRD ပင် ဖြစ်ပါကြောင်း။

ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်ဟောင်း ဒေါက်တာဆူရာကရက် ဆာသီရာထိုင်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ဒေါက်တာ ကိုဖီအာနန်ကော်မရှင်၏ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ရေးဆိုင်ရာ အကြံပေးအဖွဲ့သည် ပြီးခဲ့သော သီတင်းပတ်က ၎င်း၏ အပြီးသတ်အစီရင်ခံစာကို တင်သွင်းခဲ့ပါကြောင်း၊ မျှတမှုရှိပြီး အလားအလာကောင်းသော ယင်းအစီရင်ခံစာအတွက် အကြံပေးအဖွဲ့ဝင်အားလုံးကို အထူးကျေးဇူးတင်ရှိသည်ဟု ပြောကြားလိုပါကြောင်း။

၎င်းတို့၏ အကြံပေးချက်များအပေါ် အခြေခံပြီး အာဆီယံမှ ထင်ရှားကျော်ကြားသည့် သံတမန်တစ်ဦးဖြစ်သော သံအမတ် ရိုဆာရီယို မယ်နာလိုဦးဆောင်သည့် လွတ်လပ်သော စုံစမ်းရေးကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းခဲ့ပါကြောင်း၊ ယင်းကော်မရှင်သည် ဩဂုတ် ၁၅ ရက်က နေပြည်တော်တွင် ပထမဆုံးအကြိမ်အစည်းအဝေးကျင်းပခဲ့ကြပြီး လာမည့်သီတင်းပတ်တွင် လုပ်ငန်းစတင်ကြတော့မည်ဖြစ်ကြောင်း။

## ချောမွေ့လာခဲ့

မိမိတို့အနေဖြင့် နေရပ်စွန့်ခွာ ထွက်ပြေးသူများအားလုံး အထူးသဖြင့် အမျိုးသမီးနှင့် ကလေးများအပေါ် သနားကြင်နာစိတ်၊ စိုးရိမ်စိတ်များ ကြီးစွာဖြစ်ပေါ်နေပါကြောင်း၊ ယခုအခါ ထိုင်းနိုင်ငံတွင် မြန်မာရွှေ့ပြောင်းလုပ်သားများနှင့် နေရပ်စွန့်ခွာထွက်ပြေးသူများ လေးသန်းခန့်ရှိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် အိမ်နီးချင်းကောင်းပီသမှုကို အခြေခံကာ အဆိုပါပြဿနာကို ချစ်ခင်ရင်းနှီးစွာ ဖြေရှင်းရန် ကြိုးပမ်းရာတွင် အောင်မြင်မှုများရရှိခဲ့ပါကြောင်း၊ ယခုအခါ မိမိတို့အလုပ်သမားများထဲမှ အများစုမှာ တရားဝင်အသိအမှတ်ပြုခံရသဖြင့် ထိုတိုးတက်မှုရလဒ်များအပေါ် အလုပ်ရှင်ရော အလုပ်သမားများပါ အကျိုးဖြစ်ထွန်းစေခဲ့ကြောင်း၊ ထိုင်းနှင့် မြန်မာနိုင်ငံအကြား ရင်းနှီးစွာညှိနှိုင်းတိုင်ပင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးသူများ မိမိတို့နိုင်ငံသို့ ပြန်လာရေးအစီအစဉ်မှာ ချောမွေ့လာခဲ့ပါကြောင်း။

ထိုနည်းတူ ရခိုင်ပြည်နယ်မြောက်ပိုင်းမှ နေရပ်စွန့်ခွာထွက်ပြေးသူများ ဘေးကင်းပြီး သိက္ခာရှိရှိဖြင့် မိမိတို့ဆန္ဒအလျောက် ပြန်လာနိုင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နှင့် ပူးပေါင်းဆောင်ရွက်ရန် မိမိတို့မျှော်လင့်ပါကြောင်း၊ ဒါကာမြို့သို့ ဝန်ကြီးအဆင့် ကိုယ်စားလှယ်များ စေလွှတ်ခြင်းဖြင့် ဘင်္ဂလားဒေ့ရှ်ဘက်ကို မိမိတို့က လက်ကမ်းခဲ့ပြီး ပြန်လည်ရောက်ရှိလာမည့်သူများအား နေရာချထားရေးအတွက် မိမိတို့၏ စီစဉ်ထားရှိမှုများကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်ရန် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးကို ပြီးခဲ့သော သီတင်းပတ်က ဖိတ်ကြားခဲ့ပါကြောင်း၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး ရောက်ရှိလာစဉ် ပေးထားသည့် ကတိကဝတ်များကို အကောင်အထည်ဖော်ရေး၊ နေရပ်စွန့်ခွာထွက်ပြေးသူများ ပြန်လည်ခေါ်ယူရေးဆိုင်ရာ နှစ်နိုင်ငံသဘောတူညီချက်များကို အရှိန်အဟုန်မြှင့်ဖော်ဆောင်ရေးနှင့် နှစ်နိုင်ငံအကြား ဝန်ကြီးအဆင့် အရေးပေါ်တယ်လီဖုန်းလိုင်းတစ်ခု တည်ထောင်ရေးစသည်တို့နှင့်ပတ်သက်ပြီး နှစ်နိုင်ငံအကြားသဘောတူညီမှုရရှိခဲ့ကြကြောင်း။

## စီစဉ်ဆောင်ရွက်ခဲ့

ယခုလိုမျိုးပြဿနာတစ်ရပ်ကို ကိုင်တွယ်ဖြေရှင်းနေသည့် ကုလသမဂ္ဂ၏ အရေးကြီးသော အခန်းကဏ္ဍကိုလည်း မိမိတို့ အသိအမှတ်ပြုပါကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် အာဆီယံဥက္ကဋ္ဌနိုင်ငံမှ ကိုယ်စားလှယ်များနှင့်အတူ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ အမြဲတမ်းကိုယ်စားလှယ်များ လာရောက်နိုင်ရေးအတွက် မိမိတို့စီစဉ်ဆောင်ရွက်ခဲ့ပါကြောင်း။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်အဖြစ် သံအမတ် Christine Burgener ကို ခန့်အပ်လိုက်မှုအပေါ် မိမိတို့ ကြိုဆိုပါကြောင်း၊ အဆိုပါ အထူးကိုယ်စားလှယ်သည် နေပြည်တော်တွင် ရုံးခန်းဖွင့်လှစ်လိုက်ပြီဖြစ်ပါကြောင်း၊ သံအမတ် Christine Burgener နှင့် မိမိတို့ထိတွေ့ဆက်ဆံမှုသည် အပြုသဘောဆောင်ပြီး အကျိုးများမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားသော အကျပ်အတည်းများကို ဖြစ်ပေါ်စေသည့် အကြမ်းဖက်လုပ်ရပ်များသည် လက်ရှိအခြေအနေတွင် အမှန်တကယ် ကြီးမားနေပါကြောင်း၊ လုံခြုံရေးကို စိန်ခေါ် နေသည့် ထိုအကြမ်းဖက်လုပ်ရပ်များကို ကိုင်တွယ်ဖြေရှင်းမှုမရှိပါက လူမျိုးစုနှစ်ရပ်အကြား အကြမ်းဖက်မှုအန္တရာယ်မှာ ဆက်လက်တည်ရှိနေမည် ဖြစ်ပါကြောင်း။

## အကူအညီပေးနိုင်

အဆိုပါပြဿနာသည် မြန်မာနိုင်ငံတွင်သာမက ဒေသတွင်းရှိ နိုင်ငံများနှင့် အခြားနိုင်ငံများအတွက်ပါ ကြီးမားသည့် အကျိုးဆက်ကို ဖြစ်ပေါ်စေနိုင်သည့် ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်ပါကြောင်း၊ မည်သည့်အကြမ်းဖက်မှုမျိုးကိုမဆို တစ်စုံတစ်ရာ အကြောင်းပြချက်ဖြင့် လျစ်လျူမရှုသင့်၊ ခွင့်မလွှတ်သင့်ကြောင်း။

ရခိုင်ပြည်နယ်အတွင်း စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် နည်းလမ်းအမျိုးမျိုးဖြင့် အကူအညီပေးပါသော ရပ်နီးရပ်ဝေးရှိ မိမိတို့၏ မိတ်ဆွေအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ မကြာခင်ကမှစတင်ခဲ့သော မိမိတို့

ရခိုင်ပြည်နယ်မြောက်ပိုင်းမှ နေရပ်စွန့်ခွာ ထွက်ပြေးသူများ ဘေးကင်းပြီး သိက္ခာရှိရှိဖြင့် မိမိတို့ဆန္ဒအလျောက် ပြန်လာနိုင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နှင့် ပူးပေါင်းဆောင်ရွက်ရန် မိမိတို့ မျှော်လင့်ပါကြောင်း၊ ဒါကာမြို့သို့ ဝန်ကြီးအဆင့် ကိုယ်စားလှယ်များ စေလွှတ်ခြင်းဖြင့် ဘင်္ဂလားဒေ့ရှ်ဘက်ကို မိမိတို့က လက်ကမ်းခဲ့ပြီး ပြန်လည်ရောက်ရှိလာမည့်သူများအား နေရာချထားရေးအတွက် မိမိတို့၏ စီစဉ်ထားရှိမှုများကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်ရန် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးကို ပြီးခဲ့သော သီတင်းပတ်က ဖိတ်ကြားခဲ့

အသွင်ကူးပြောင်းရေး အောင်မြင်ဖို့အတွက် ကူညီရာရောက်ပါကြောင်း၊ ယခုလို အရေးကြီးသည့် အခါသမယတွင် လူမျိုးစုနှစ်စုအကြား သဟဇာတဖြစ်ရေးနှင့် ငြိမ်းချမ်းစွာ အတူတကွယှဉ်တွဲနေထိုင်နိုင်ရေးအတွက် တရားဥပဒေ စိုးမိုးရေး၊ ပညာရေးနှင့် ကျန်းမာရေးအခြေခံအဆောက်အအုံများကို ရှင်သန်ခိုင်မာလာရေးဟူသော ဒေါက်တာအာနန်၏ အကြံပြုချက်များကို အကောင်အထည်ဖော်ရာ၌ အာဆီယံနိုင်ငံများနှင့် အခြားသော မိတ်ဆွေနိုင်ငံများအနေဖြင့် မြန်မာနိုင်ငံအား အကူအညီပေးနိုင်မည်ဖြစ်ပါကြောင်း။

## ကွဲပြားခြားနားမှုရှိ

အသွင်ကူးပြောင်းရေးကာလများကို မြန်မာနိုင်ငံအတွင်းမှ ဖြတ်သန်းလာခဲ့သော မိမိတို့နှင့် ပြင်ပမှစောင့်ကြည့်လေ့လာနေသော သူများ၊ အသွင်ကူးပြောင်းရေး၏ အကျိုးရလဒ်နှင့် ပတ်သက်မှုမရှိသော သူများ၏ အသွင်ကူးပြောင်းရေးအပေါ် အမြင်မှာ ကွဲပြားခြားနားမှုရှိပါကြောင်း။

ဤအရေးကိစ္စသည် မိမိတို့နိုင်ငံ၏ ကျယ်ပြောပြီး အားလုံးလွှမ်းခြုံသည့် အနာဂတ်မြေပုံဖြစ်သကဲ့သို့ မိမိတို့၏ နေ့စဉ်ဘဝ၏ သေးငယ်သော အချက်အလက် အစိတ်အပိုင်းများ ဖြစ်ပါကြောင်း၊ မိမိတို့ချဉ်းကပ်မှု နည်းလမ်းသည် အားလုံးအပေါ် လွှမ်းခြုံမှုရှိရန် လိုအပ်ကြောင်း၊ မိမိတို့အတွက် ဦးစားပေးဆောင်ရွက်ရမည့်ကိစ္စများရှိပါကြောင်း၊ သို့သော် ဦးစားပေးအဆင့်နိမ့်သည့် ကိစ္စရပ်များကိုလည်း မိမိတို့လျစ်လျူရှုမထားနိုင်ပါကြောင်း၊ ပြင်ပကမ္ဘာအနေဖြင့် ၎င်းတို့ အာရုံစိုက်လိုသည့် အရေးကိစ္စများကို ရွေးချယ်နိုင်ကြပါကြောင်း၊ ရခိုင်ကိစ္စပြီးလျှင် ယနေ့စိတ်ဝင်စားစရာ အကောင်းဆုံးကိစ္စမှာ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဖြစ်ပါကြောင်း။

## စနစ်တကျပြင်ဆင်ရေးဆွဲထား

မိမိတို့သည် ရင်းနှီးမြှုပ်နှံမှုအပေါ် လွန်စွာအလေးထားသော်လည်း ယင်းကိစ္စသည် မိမိတို့၏ ကျယ်ပြန့်သော လိုအပ်ချက်များအနက် တစ်ခုသာဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံကို စီးပွားရေးလုပ်ရန် အဆင်ပြေသော၊ ရင်းနှီး မြှုပ်နှံသူများ အဆင်ပြေလုံခြုံမှုရှိပြီး ၎င်းတို့၏ အကျိုးစီးပွားများမှာ မိမိတို့ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်နှင့် သင့်မြတ်စွာ ပေါင်းစပ်နိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်လိုပါကြောင်း၊ ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် အကောင်းဆုံးသော စီးပွားရေးလုပ်ငန်းအလေ့အထများကို မြှင့်တင်ရန် ရင်းနှီး မြှုပ်နှံမှုနှင့် ကုမ္ပဏီဥပဒေများကို စနစ်တကျ ပြင်ဆင်ရေးဆွဲထားပါကြောင်း၊ လုပ်ငန်းကြန့်ကြာစေသည့် အဆင့်များကို ဖယ်ရှားရန်နှင့် အကောင်အထည်ဖော်နေသည့် လုပ်ငန်းများကို အရှိန်မြှင့်ရန် လုပ်ထုံးလုပ်နည်းများကို ပြေပြစ်သွက်လက်အောင် လုပ်ဆောင်ထားပါကြောင်း၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌအသစ်လည်း ယနေ့ မိမိနှင့်အတူပါလာပြီး စီးပွားရေးလုပ်ငန်းများ အဆင်ပြေချောမွေ့အောင် ၎င်းက လိုလိုလားလား လုပ်ဆောင်ပေးနိုင်ကြောင်းကို လုပ်ငန်းရှင်များအား အာမခံချက်ပေးရန်အသင့်ရှိပါကြောင်း၊ သူ၏လုပ်ပိုင်ခွင့်အာဏာကို မိမိက လုယူလိမ့်မည်မဟုတ်ကြောင်း၊ သို့သော်လည်း မိမိကို သူ့ကိုယ်စား ပြောစေလိုသည့်အရာ အချို့ သူ့တွင်ရှိပါကြောင်း။

## ကြီးမားသောအခွင့်အလမ်းများကိုဖြစ်ပေါ်စေခဲ့

တီထွင်ကြံဆမှု၊ လွတ်လပ်သော ကုန်သွယ်မှု၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု၊ ဒေသတွင်းချိတ်ဆက်မှုများနှင့်အတူ အာဆီယံစီးပွားရေးပေါင်းစည်းမှုက မိမိတို့အတွက် ကြီးမားသောအခွင့်အလမ်းများကို ဖြစ်ပေါ်စေခဲ့ ကြောင်း၊ မကြာသေးမီက မြန်မာနိုင်ငံစီးပွားရေးမြင့်တက်လာမှုသည် အာဆီယံနှင့် အခြားသော အရှေ့အာရှနိုင်ငံများမှ လာရောက်ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုတို့ကြောင့် ဖြစ်ပါကြောင်း။

စီးပွားရေးအရ မဟာဗျူဟာကျသည့် နေရာတွင် တည်ရှိသော စင်ကာပူနှင့် မြန်မာနိုင်ငံတို့သည် အာဆီယံနိုင်ငံများ၏ သာယာဝပြောမှုနှင့် စီးပွားရေးဆက်လက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရေးပါသည့် အခန်းကဏ္ဍတွင် တည်ရှိနေပါကြောင်း၊ ဒေသအကျိုး၊ နှစ်နိုင်ငံအကျိုးအတွက် မိမိတို့၏ ထူးခြားသည့် အားသာချက်များကို ပေါင်းစည်းနိုင်ပါကြောင်း၊ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှကုန်းတွင်းနယ်မြေတွင် အကြီးဆုံးဖြစ်ပြီး စိုက်ပျိုးနိုင်သော မြေနှင့် သဘာဝအရင်းအမြစ်များ ပေါကြွယ်သော နိုင်ငံဖြစ်ပါကြောင်း၊ အတော်အသင့်ကြီးမားသော လူဦးရေနှင့် ငယ်ရွယ်သည့် လုပ်သားအင်အားစုရှိသော နိုင်ငံလည်းဖြစ်ပါကြောင်း။

## အထင်ကရနိုင်ငံ

အခြားတစ်ဖက်တွင် စင်ကာပူနိုင်ငံသည်လည်း ကမ္ဘာ့အကျော်ကြားဆုံး ဘဏ္ဍာရေးနှင့် ကုန်သွယ်ရေး ဗဟိုချက်မများထဲက တစ်ခုဖြစ်သကဲ့သို့ ပို့ဆောင်ရေးတွင်လည်း အချက်အချာကျသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ ရေကြောင်းနှင့် လေကြောင်းချိတ်ဆက်မှုနှင့် ခေတ်မီဆက်သွယ်ရေးများပါဝင်သည့် ကမ္ဘာ့အဆင့်မီ အခြေခံအဆောက်အအုံများနှင့် ပြည့်နှက်နေပါကြောင်း၊ စင်ကာပူနိုင်ငံသည် ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးမှုအလျင်မြန်ဆုံးဒေသများထဲမှ တစ်ခုအတွင်း တည်ရှိရုံမျှမက ကျွမ်းကျင်သော လုပ်သားအင်အားစုနှင့် နည်းပညာများကို ပိုင်ဆိုင်ထားသည့်အတွက် ဒေသအတွင်းရင်းနှီးမြှုပ်နှံမှုတွင် အထင်ကရနိုင်ငံ ဖြစ်လာစေခဲ့ကြောင်း။

ယမန်နှစ်က မြန်မာနိုင်ငံရှိ ပြည်ပရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံထိရောက်ရှိခဲ့ပြီး ထိုရင်းနှီးမြှုပ်နှံမှုပမာဏ၏ တစ်ဝက်ကျော်မှာ စင်ကာပူနိုင်ငံမှဖြစ်ပါကြောင်း၊ စင်ကာပူနှင့်မြန်မာတို့သည် အပြန်အလှန်ရင်းနှီးမြှုပ်နှံမှုသဘောတူညီချက်စာချုပ်အရ ကုန်သွယ်မှုကို မြှင့်တင်နေကြပြီဖြစ်ရာ အနာဂတ်အလားအလာမှာ ကောင်းမွန်လျက်ရှိပါကြောင်း။

မိမိတို့၏အသွင်ကူးပြောင်းရေးတွင် ပဓာနကျသည့် ရင်းနှီးမြှုပ်နှံမှုမှာ မိမိတို့၏ လူသားအရင်းအမြစ်များ၌ ရင်းနှီးမြှုပ်နှံမှုဖြစ်ကြောင်း၊ ထိုရင်းနှီးမြှုပ်နှံမှုသည် မိမိတို့၏စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအတွက် မရှိမဖြစ်လိုအပ်ပါကြောင်း၊ လက်ရှိအခြေအနေအရ မြန်မာနိုင်ငံ၏ အလွန်အရေးပါသော စီးပွားရေးအညွှန်းကိန်းများမှာ ကောင်းမွန်နေသည် သို့မဟုတ် တည်ငြိမ်နေသည် သို့မဟုတ် အလားအလာကောင်းနေသည်ဟူ၍စီးပွားရေး ပညာရှင်တစ်ဦးက မှတ်ချက်ပြုခဲ့ပါကြောင်း၊ မိမိတို့အတွက် အလားအလာကောင်းဆိုသည်မှာ မိမိတို့ပြည်သူများ၏ လူနေမှုဘဝတိုးတက်မြင့်မားလာသည့် အခြေအနေကို ဖော်ဆောင်နိုင်သည့် အခြေအနေကို ဆိုလိုခြင်းဖြစ်ပါကြောင်း။

စာမျက်နှာ (ဃ)သို့

မိမိတို့၏အသွင်ကူးပြောင်းရေးတွင် ပဓာနကျသည့် ရင်းနှီးမြှုပ်နှံမှုမှာ မိမိတို့၏ လူသားအရင်းအမြစ်များ၌ ရင်းနှီးမြှုပ်နှံမှုဖြစ်ကြောင်း၊ ထိုရင်းနှီးမြှုပ်နှံမှုသည် မိမိတို့၏စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် မရှိမဖြစ် လိုအပ်ပါကြောင်း၊ လက်ရှိအခြေအနေအရ မြန်မာနိုင်ငံ၏ အလွန်အရေးပါသော စီးပွားရေးအညွှန်းကိန်းများမှာ ကောင်းမွန်နေသည် သို့မဟုတ် တည်ငြိမ်နေသည် သို့မဟုတ် အလားအလာကောင်းနေသည်ဟူ၍စီးပွားရေး ပညာရှင်တစ်ဦးက မှတ်ချက်ပြုခဲ့ပါကြောင်း၊ မိမိတို့အတွက် အလားအလာကောင်းဆိုသည်မှာ မိမိတို့ပြည်သူများ၏ လူနေမှုဘဝတိုးတက်မြင့်မားလာသည့် အခြေအနေကို ဖော်ဆောင်နိုင်သည့် အခြေအနေကို ဆိုလိုခြင်းဖြစ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ဟောပြောဆွေးနွေးချက်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ဩဂုတ် ၂၁ ရက်က စင်ကာပူနိုင်ငံ Grand Hyatt ဟိုတယ်၌ ကျင်းပသော မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်တွင် တွေ့ကြုံနေရသောအခက်အခဲများနှင့် ရှေ့ခရီးလမ်းခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပွဲသို့ တက်ရောက်သူများကို တွေ့ရစဉ်။

စာမျက်နှာ (ဂ)မှ

## လမ်းပန်းဆက်သွယ်ရေးနှင့်လျှပ်စစ်မီးရရှိရေး

မိမိတို့အစိုးရသစ်အနေဖြင့် ၂၀၁၆ ခုနှစ်အတွင်း အလေးထားဖော်ဆောင်ခဲ့သည့် ပဓာနကျသော အခြေခံအဆောက်အအုံများမှာ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးရရှိရေးဖြစ်ပါကြောင်း၊ လမ်းနှင့်လျှပ်စစ်မီးသည် ရင်းနှီးမြှုပ်နှံသူများ၏ အခြေခံလိုအပ်ချက်ဖြစ်ရုံမက လူသားအရင်းအမြစ်များ၌ ရင်းနှီးမြှုပ်နှံမှုပြုရာတွင် မရှိမဖြစ် လိုအပ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်းဖြင့် ဆေးရုံ၊ ဆေးခန်းနှင့်စာသင်ကျောင်းများသို့ အလွယ်တကူရောက်ရှိနိုင်ပြီး လျှပ်စစ်မီးရရှိခြင်းဖြင့် မိမိတို့ပြည်သူများ ၎င်းတို့၏စွမ်းရည်ကို မြှင့်တင်ခွင့်ရကြမည်ဖြစ်ကြောင်း။

ပြီးခဲ့သည့် နှစ်နှစ်တာကာလအတွင်း မိုင် ၃၀၀၀ နီးပါးရှိသော လမ်းများကို ဖောက်လုပ်ခြင်း သို့မဟုတ် အဆင့်မြှင့်တင်ခြင်းများ ပြုလုပ်နိုင်ခဲ့ပြီး ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်ကဲ့သို့သော ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံးဒေသများကို ဦးစားပေးခဲ့ကြောင်း၊ ကျန်းမာရေးကဏ္ဍ၏အသုံးစရိတ်ကို ၁ ဒသမ ၂ ရာခိုင်နှုန်း တိုးမြှင့်ခဲ့ပြီး ပညာရေးကဏ္ဍအသုံးစရိတ်ကို ၂ ရာခိုင်နှုန်း တိုးမြှင့်ခဲ့ပါကြောင်း၊ အကဲခတ်သူများ သတိမထားမိသော မိမိတို့၏ လုပ်ဆောင်ချက်အချို့မှာ မိမိတို့ပြည်သူများ၏ ဘဝကိုများစွာပြောင်းလဲစေခဲ့ကြောင်း၊ ဥပမာအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ခန့်အပ်လိုက်သည့် သားဖွားဆရာမများ၏ အရေအတွက်မှာ ကိန်းဂဏန်းနှစ်လုံးမှ လေးလုံးအထိ တိုးတက်လာခဲ့ကြောင်း၊ မိမိတို့၏ ကျေးရွာများတွင် သားဖွားဆရာမများသည် ကလေးမွေးဖွားပေးခြင်းအပြင် အခြေခံကျန်းမာရေး ဝန်ဆောင်မှုကိုပါပေးနေကြကြောင်း၊ သားဖွားဆရာမများ ပို၍မွေးထုတ်ပေးခြင်း၊ ခေတ်မီနည်းပညာဖြင့် ၎င်းတို့၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်းအားဖြင့် ကျေးလက်ဒေသရှိ ပြည်သူများ၏ ကျန်းမာရေးကို သိသာစွာမြှင့်တင်ပေးနိုင်ခဲ့ကြောင်း၊ မိမိတို့၏ ကျေးလက်ဒေသရှိ လူဦးရေမှာ တစ်နိုင်ငံလုံး၏ စုစုပေါင်းလူဦးရေ၏ ၇၀ ရာခိုင်နှုန်းရှိပါကြောင်း။

## စာတတ်မြောက်မှုနှုန်း

ပညာရေးကဏ္ဍတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ UNDP နှင့် အခြားသော နိုင်ငံတကာအေဂျင်စီများ ပူးပေါင်း၍ လုပ်ဆောင်ခဲ့သော Myanmar Living Conditions Survey 2017 ဆန်းစစ်လေ့လာချက်၏ မကြာသေးမီကထုတ်ပြန်သော အစီရင်ခံစာအရ မြန်မာနိုင်ငံ၏စာတတ်မြောက်မှုနှုန်းမှာ မျိုးဆက်များအားလုံးတွင် မြင့်မားလာခဲ့ကြောင်း၊ စာတတ်မြောက်မှုတွင် နိုင်ငံတော်အဆင့်၌ ကျား၊ မ ကွာဟချက်မရှိတော့ဘဲ ကျောင်းနေအရွယ်ကလေးများ၏ ကျောင်းအပ်နှံမှုနှုန်းမှာလည်း တဖြည်းဖြည်းမြင့်တက်လာခဲ့ကြောင်း၊ ဖော်ပြပါလေ့လာဆန်းစစ်ချက်တွင် လူဦးရေနှင့် လူများပျံ့နှံ့နေထိုင်မှုသဘာဝ၊ စွမ်းအင်၊ လျှပ်စစ်မီး၊ အဖိုးတန်ပစ္စည်းများနှင့် အိမ်ရာပစ္စည်းများ၊ ရေနှင့်သန့်ရှင်းရေး၊ နည်းပညာ (မိုလ်ဘိုင်းဖုန်း၊ ကွန်ပျူတာ၊ အင်တာနက်)၊ ပညာရေးနှင့် အလုပ်သမားတို့ပါဝင်ကြောင်း၊ အဆိုပါ အစီရင်ခံစာတွင် လျှပ်စစ်မီး၊ ပညာရေး၊ နည်းပညာအသုံးပြုမှုတို့တွင် လုံးလုံးလျားလျား ပြောင်းလဲမှုအချို့ရှိခဲ့ကြောင်း၊ သို့သော် ပြောင်းလဲမှုမရှိသည့် တချို့ဒေသများတွင် တိုးတက်မှုရှိအောင် လုပ်ဆောင်ရန် လိုအပ်နေသေးသည်ဟု ဖော်ပြထားရှိကြောင်း။

Myanmar Living Conditions Report အစီရင်ခံစာသည် တိုင်းတာနိုင်သော အရာများနှင့် ပတ်သက်နေပါကြောင်း၊ လက်ရှိအခြေအနေ၏ အညွှန်းကိန်းများနှင့် အနာဂတ်အလားအလာများဖြစ်သည့် မတိုင်းတာနိုင်သော အရာများလည်းရှိနေပါကြောင်း၊ မိမိပြောကြားချက်ကို အဆုံးသတ်ရမည့်အချိန်ရောက်ခါနီးတွင် အရေးကြီးဆုံး အညွှန်းကိန်းတစ်ခုဖြစ်သည့် မိမိတို့လူငယ်များ၏အလားအလာကောင်းကို ပြောပြမည်ဖြစ်ကြောင်း။

မကြာသေးသော သီတင်းပတ်က မူလတန်းအဆင့် မှ အထက်တန်းအဆင့်ရှိ ကျောင်းသားလူငယ်များနှင့် အလွတ်သဘောတွေ့ဆုံခွင့်ရခဲ့ပါကြောင်း၊ ထိုကျောင်းသား လူငယ်များသည် ကိုယ်ကာယပိုင်းအရ ထွားကျိုင်းသင့် သလောက်ထွားကျိုင်းမှုမရှိခြင်းမှာ အာဟာရချို့တဲ့မှုကြောင့် ဖြစ်ရကြောင်း၊ ထိုပြဿနာကို ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့က ဦးစားပေးလုပ်ငန်းအဖြစ် ကိုင်တွယ်ဖြေရှင်းနေပါကြောင်း၊ သို့သော်လည်း ၎င်းတို့မှာ ပျော်ရွှင်ဝမ်းမြောက်နေကြသည်ကို တွေ့ရကြောင်း၊ ထက်မြက်ကြ၊ ယဉ်ကျေးသိမ်မွေ့ကြသလို ၎င်းတို့မသိသည့်အရာများကို ထုတ်ဖော်ပြောကြားခြင်းမရှိဘဲ သိထားသည့်အရာများကို မရှက်မကြောက်ဘဲ စိတ်အားထက်သန်စွာ ထုတ်ဖော်ပြသခဲ့ကြကြောင်း၊ မိမိတို့နိုင်ငံအတွက် ထိုကဲ့သို့သောကလေးများ ခမ်းနားထည်ဝါသောဆုများကို ဘာလို့မရနိုင်ရမှာလဲ၊ ၂၀၁၇ ခုနှစ် ဇူလိုင်လက ဝါရှင်တန်ဒီစီတွင် ကျင်းပသော The First Global Challenge Robotic Competition ပြိုင်ပွဲတွင် နိုင်ငံပေါင်း ၁၅၇ နိုင်ငံက ပြိုင်ပွဲဝင် ၁၆၃ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံမှ အင်ဂျင်နီယာကျောင်းသားအဖွဲ့က ဆဋ္ဌမရရှိခဲ့ကြောင်း၊ မြန်မာကျောင်းသားများ ရရှိခဲ့သည့် ဆဋ္ဌမအဆင့်သည် အာဆီယံနိုင်ငံများအကြား ပထမအဆင့်ဖြစ်ပါကြောင်း၊ ဤသည်မှာ တီထွင်ကြံဆမှုနှင့် ပူးပေါင်းဆောင်ရွက်မှု၏ အောင်ပွဲတစ်ရပ်ဖြစ်ပါကြောင်း၊ အသွင်ကူးပြောင်းရေးစိန်ခေါ်မှုများကို ကျော်လွှားနိုင်မည့်အရင်းအမြစ်များကို မည်သို့ရှာဖွေရမည်ဟူသောအချက်မှာ မိမိတို့စွမ်းရည် စွမ်းပကား၏ အညွှန်းကိန်းတစ်ခုဖြစ်ပါကြောင်း။

## အာဆီယံမိတ်ဆွေများ

ပြည်သူများ၏ ပါဝင်မှုသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးတစ်ရပ်၏ အကြီးမားဆုံးစွမ်းအား ဖြစ်သကဲ့သို့ ယင်းအသွင်ကူးပြောင်းရေး၏ အကြီးမားဆုံးစိန်ခေါ်မှုလည်း ဖြစ်ပါကြောင်း၊ မတူကွဲပြားခြားနားသည်များကို စုစည်းစေနိုင်သည့် သန်းချီသောလူများ၏ ဆန္ဒနှင့်ရည်မှန်းချက်များကို တစုတစည်းတည်းဖြစ်အောင် လုပ်ဆောင်နိုင်ရန်မှာ အလွန်ခက်ခဲသည့် လုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း၊ မိမိတို့ ပြည်သူများမှာ ထိုစိန်ခေါ်မှုကို ကျော်လွှားနိုင်စွမ်းရှိသည့် အသွင်ကူးပြောင်းရေးကို အောင်မြင်စွာ ဆောင်ရွက်နိုင်လိမ့်မည်ဟု မိမိယုံကြည်ကြောင်း၊ ထိုမှတစ်ဆင့် မိမိတို့နိုင်ငံအတွက် ကောင်းမွန်သောကာလသစ်တစ်ခုကို စတင်ကြ ရမည်ဖြစ်ကြောင်း၊ မိမိတို့ခရီးလမ်းကို ဆက်လက်လျှောက်လှမ်းသည့်အခါ အာဆီယံမိတ်ဆွေများက မိမိတို့နှင့်အတူတကွ ရှိလိမ့်မည်ဟုယုံကြည်ပါကြောင်း ပြောကြားခဲ့သည်။

**ဒေါက်တာသာစိန်**

> ပြည်သူများ၏ ပါဝင်မှုသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးတစ်ရပ်၏ အကြီးမားဆုံးစွမ်းအား ဖြစ်သကဲ့သို့ ယင်းအသွင်ကူးပြောင်းရေး၏ အကြီးမားဆုံး စိန်ခေါ်မှုလည်း ဖြစ်ပါကြောင်း၊ မတူကွဲပြားခြားနားသည်များကို စုစည်းစေနိုင်သည့် သန်းချီသောလူများ၏ ဆန္ဒနှင့်ရည်မှန်းချက်များကို တစုတစည်းတည်းဖြစ်အောင် လုပ်ဆောင်နိုင်ရန်မှာ အလွန်ခက်ခဲသည့် လုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း၊ မိမိတို့ ပြည်သူများမှာ ထိုစိန်ခေါ်မှုကို ကျော်လွှားနိုင်စွမ်းရှိသည့် အသွင်ကူးပြောင်းရေးကို အောင်မြင်စွာ ဆောင်ရွက်နိုင်လိမ့်မည်ဟု မိမိယုံကြည်

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ပုံနှိပ်ထုတ်ဝေသည်